# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၀)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ ❖ ၃

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ် တွေ့ဆုံဆွေးနွေး

## ရင်းနှီးမြှုပ်နှံမှုများ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အချိုးညီညီဝင်ရောက်နိုင်ရန် ဆက်လက်ကြိုးပမ်း

**ရန်ကုန် ဩဂုတ် ၂၈**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများနှင့် လိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)


**မောင်တောဒေသအတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ** စာ ➢ ၄

**ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ လာရောက်မည်** စာ ➢ ၁၀

**ဟာရီကိန်းမုန်တိုင်းကြောင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်** စာ ➢ ၁၄


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ (မိုး/ဇလ)




မြန်မာ့အလင်း

# နိုင်ငံ့သားကောင်းတို့၏ ဖန်တီးရှင်

ပညာရေးစနစ်၏ ရည်မှန်းချက်သည် မျိုးဆက်သစ်တို့အား ပြဋ္ဌာန်းပညာရပ်တို့ကို သင်ကြားခြင်းနှင့်အတူ တွေးခေါ်မှုတို့ ဖွံ့ဖြိုးတိုးတက်ရေးကို မြေတောင်မြှောက်ပေးရန်ဖြစ်ပါသည်။ တွေးခေါ်မှုတို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုရာ၌ ပြည်သူ့ကျင့်ဝတ်နီတိတို့ နားလည်ကျင့်သုံးလာရေးလည်း ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင်တို့ကို မြတ်နိုးထိန်းသိမ်းလိုစိတ်တို့ ဖြစ်ပေါ်လာရေးလည်း ပါဝင်ပါသည်။ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လိုစိတ်တို့ ဖြစ်ပေါ်လာရေးလည်း ပါဝင်ပါသည်။ နိုင်ငံချစ်စိတ်တို့ ဖြစ်ပေါ်လာရေးလည်း ပါဝင်ပါသည်။

ဤကဲ့သို့သော ကောင်းမွန်မြင့်မြတ်သောအရာတို့ မျိုးဆက်သစ်တို့၌ ပေါက်ဖွားအားကောင်းလာစေရန် ဆရာ/ ဆရာမတို့၏ အခန်းကဏ္ဍသည် များစွာအရေးပါပါသည်။ ဆရာကောင်းတစ်ယောက်သည် တိုင်းပြည်၏ အနာဂတ်အတွက် အားကိုးအားထားပြုရမည့် မျိုးဆက်သစ်များစွာကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စွမ်းရှိပါသည်။ သို့ဖြစ်ပါ၍ လူ့အဖွဲ့အစည်း၌ ဆရာကောင်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြု မြှင့်တင်ပေးရန် လိုအပ်ပါသည်။

ထိုင်းတော်ဝင်မင်းသမီး မဟာချက်ကရီသီရိဒ္ဒုံက ထူးချွန်ဆရာဆု **(Princess Maha Chakri Award -PMCA)**ကို အာဆီယံ ၁၀ နိုင်ငံနှင့် တီမောနိုင်ငံတို့မှ တစ်နိုင်ငံလျှင် ဆရာတစ်ဦးနှုန်းဖြင့် ရွေးချယ်ချီးမြှင့်လျက်ရှိပါသည်။ ဤဆုကို ၂၀၁၅ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ပါသည်။ သင်ကြားမှုဆိုင်ရာ ပညာရပ်တို့ကိုသာမက ကျောင်းသူကျောင်းသားတို့၏ အာဟာရပြည့်စုံညီမျှမှုရှိရေး၊ ကျန်းမာရေးကောင်းမွန်ရေးနှင့် ကျောင်းအခြေပြု စိုက်ပျိုးရေးဖွံ့ဖြိုးရေးလုပ်ငန်းတို့ ဖြစ်ပေါ်အားကောင်းလာရေးအတွက် ဦးဆောင်စည်းရုံးဆောင်ရွက်နိုင်သည့် ဆရာ/ဆရာမတို့ကို ရွေးချယ်၍ ဤဆုကို ချီးမြှင့်ခြင်းဖြစ်ပါသည်။ ထိုင်း တော်ဝင်မင်းသမီး မဟာချက်ကရီသီရိဒ္ဒုံ၏ အဆိုပါဆုချီးမြှင့်မှုသည် အာဆီယံဒေသတွင်း နိုင်ငံတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည်သာမက အာဆီယံပြည်သူတို့ကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ချီးမြှင့်သော ဤထူးချွန်ဆရာဆုကို ယခုနှစ်၌ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာမှ အလယ်တန်းပြဆရာ ဦးသန်းထွန်းက ရရှိပါသည်။ ဆရာဦးသန်းထွန်းသည် ကျောင်းသူကျောင်းသားတို့ကို အင်္ဂလိပ်စာဂုဏ်ထူးရသည်အထိ ပြုစုပျိုးထောင်နိုင်သည်သာမက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို တက်တက်ကြွကြွ ဦးဆောင်စည်းရုံး ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါစွမ်းဆောင်မှုများကြောင့် ဆရာဦးသန်းထွန်းက ထိုင်းတော်ဝင်မင်းသမီး မဟာချက်ကရီသီရိဒ္ဒုံ ပေးအပ်သည့်ဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဆရာဦးသန်းထွန်းကို ပေးအပ်မည့် ထူးချွန်ဆရာဆု၌ အမေရိကန်ဒေါ်လာတစ်သောင်း၊ တစ်ကျပ်သား အလေးချိန်ရှိ ရွှေရင်ထိုး၊ ဂုဏ်ပြုဆုနှင့် ဆုလက်မှတ်တို့ ပါဝင်မည်ဖြစ်ပါသည်။ ဆုချီးမြှင့်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လာမည့် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ကျေးရွာအလယ်တန်းပြဆရာ ဦးသန်းထွန်း၏ ဤဆုချီးမြှင့်ခံရမှုသည် မြန်မာနိုင်ငံ၏ ဆရာ/ဆရာမများကြား၌ ဆရာကောင်းစိတ်ဓာတ်ကို ပိုမိုနိုးကြားလာစေရန် လှုံ့ဆော်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၁၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်

၈း၃၅ - မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း

၉း၁၀ - အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ ညာဏိန္ဒ (ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်၊ ချောက်မြို့ မကွေးတိုင်းဒေသကြီး)ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

၁၄း၁၅ - (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပွဲ (အမျိုးသား) (တတိယနေရာလုပွဲ)တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း)**

**ညပိုင်း**

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး Mr.Lyying Sayaxang နှင့် တွေ့ဆုံမေးမြန်းခန်း

- **(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအစီအစဉ်**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်အန်း** (အပိုင်း-၄)
- အနုပညာခန်းရိပ်သာ (နန်းတော်ရှေ့ဆရာတင်၏သား မိသားစုနှင့် တွေ့ဆုံခြင်း) (ဒုတိယပိုင်း)

# မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများ အရည်အသွေးပြည့်မီရန်အရေးကြီး



**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်မီပြီး အစားအစာဘေးကင်းလုံခြုံစိတ်ချရသော လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးတို့အတွက် အဓိကဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်နေကြရာတွင် စိုက်ပျိုးရေးဝန်ထမ်းများသည် ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများထက် လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ကြိုးပမ်းထမ်းဆောင်နိုင်ကြစေရန် အဓိက အခန်းကဏ္ဍက ပါဝင်သည်။

အဆိုပါ ဝန်ထမ်းများသည် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ခေတ်မီနည်းပညာများ၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ အရည်အသွေးပြည့်မီနေရန်မှာ အရေးကြီးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးဝန်ထမ်းများ အရည်အသွေးမြင့်မားစေရန်အတွက် အခါအားလျော်စွာ သင်တန်းများ ပုံမှန်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ သင်တန်းများပို့ချလျက်ရှိရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၇ သင်တန်းဖွင့်ပွဲကို ဩဂုတ်လတတိယပတ်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန CARTC သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် အဓိကဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်နေကြရာတွင် စိုက်ပျိုးရေးဝန်ထမ်းများသည် ပုံမှန်လုပ်ရိုးလုပ်စဉ်လုပ်ငန်းများထက် လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ကြိုးပမ်းထမ်းဆောင်နိုင်ကြစေရန်ယခုကဲ့သို့ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ တောင်သူများ၏ အကျိုးစီးပွားတိုးတက်ရေးကိုရှေးရှုပြီး ကွင်းဆင်းထိတွေ့ကာ စေတနာထားဆောင်ရွက်ကြရန်နှင့် မိမိတို့အောက်ခြေဝန်ထမ်းများကလည်း အရည်အသွေးမြင့်မားလာအောင် ကူညီလေ့ကျင့်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

သင်တန်း၌ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ် ၅၈ မြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးဌာနမှူးများအား နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရုံးလုပ်ထုံးလုပ်နည်းများ ပိုမိုသိရှိနားလည်စေရန်၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန်၊ ငွေစာရင်းလုပ်ငန်းများနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းဆိုင်ရာများ ကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်နိုင်ရေးတို့အတွက် ကျွမ်းကျင်သူပညာရှင်အရာထမ်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသေးသော မြို့နယ်ဦးစီးမှူးများ၊ခရိုင်ဦးစီးမှူးများကိုလည်း သင်တန်းအပတ်စဉ်အလိုက် ခေါ်ယူသင်တန်းပေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇေမိုး**

## ထင်သာမြင်သာပြုပြင်စရာ

### ကွမ်းခြံကုန်းနှင့် အင်ပူကြားပျက်စီးနေသည့် ကားလမ်းပြုပြင်ပေးစေလို

ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘိုကလေးမြို့အထိ ကားလမ်းခရီး ၇၉ မိုင်ခန့်ရှိပြီး အဆိုပါကားလမ်းသည် မိုးမကျခင်က ကားလမ်းကောင်းမွန်ခဲ့သော်လည်း ယခုအခါ မိုးလယ်ကာလတွင်တစ်နေ့လျှင်ခရီးသည်တင်ကားကြီး၊ ကားလေးအစီးရေ ၅၀၀ ခန့်နှင့် ကုန်တင်ကား ၇၅ စီးတို့တို့ အသွားအပြန်မောင်းနှင်မှုတို့ကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တော်ခရမ်းလေး ကျေးရွာအဝင်မှကျေးရွာအထွက် လေးမိုင်ခန့်မှာ ချိုင့်များစွာဖြင့်ရှောင်တိမ်းမရအောင် ပျက်စီးလျက်ရှိပါသည်။ ယခင်ကဒလမြို့မှဘိုကလေးမြို့အထိ ခရီးသည်တင်ကားများ ၃ နာရီခန့်သာ မောင်းရသော်လည်း လမ်းပျက်စီးနေမှုကြောင့် မိနစ် ၃၀ ခန့်ပိုပြီး မောင်းနေရသဖြင့် ကြန့်ကြာလျက်ရှိသည်။

လမ်းပြုပြင်ရမည့် ရာသီမရောက်မီခရီးသွားပြည်သူများသက်သောင့်သက်သာ သွားလာနိုင်ရန်နှင့် မော်တော်ယာဉ်များ ပျက်စီးမှုနည်းပါးစေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများနှင့် ခရီးသွားပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ သဘာဝရေပြင်အတွင်း လျော့နည်းသွားသောငါးမျိုးများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန်နှင့် ငါးသယံဇာတများတိုးပွားလာစေရန် ရည်ရွယ်၍ ဩဂုတ် ၂၄ ရက်က ကျီးကုန်းကျေးရွာအနီးမြစ်သာမြစ်အတွင်းသို့ ငါးမျိုးစိတ်များ စိုက်ထည့်နေစဉ် ဂျူနိုင်း

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ . ၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂ |
| တရုတ် | တစ်ယွမ် | ၂၀၄ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ . ၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာ၊ ကိုရီးယားသမ္မတနိုင်ငံ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်း ပါမောက္ခ Ju-Ho Lee နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ ပညာရေးစနစ် အခြေအနေ၊ အခြေခံပညာ ဆရာ ဆရာမများအား အရည်အချင်းမြှင့်တင်ရေး၊ International Commission on Financing Global Education Opportunity အနေဖြင့် အကူအညီပေးနိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာ၊ ကိုရီးယားသမ္မတနိုင်ငံ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဟောင်း ပါမောက္ခ Ju-Ho Lee နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ရက်မှစတင်၍ ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးခဲ့ရာ ယခုအကြိမ်သည် နဝမအကြိမ်မြောက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အဋ္ဌမအကြိမ်အထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများနှင့် အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများက ပြန်လည်ဖြေရှင်းပြန်ကြားခဲ့ရာ အားလုံးပြန်ကြား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့အချက်များမှာ ဝန်ကြီးဌာန နှစ်ခု/သုံးခုနှင့် ဆက်စပ်နေသဖြင့် အမြန်ဆုံးပြီးပြတ်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### တစ်လတစ်ကြိမ်ကျင်းပ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးများကို နှစ်လတစ်ကြိမ် ကျင်းပခဲ့ရာ လေးကြိမ်ကျင်းပပြီးဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၅)ရပ်ကို တာဝန်ယူထားကြသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကိုလည်း တစ်လတစ်ကြိမ်ကျင်းပခဲ့ရာ ၃၈ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

### တိုးတက်မှုရှိ

နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကြိုးပမ်းလျက်ရှိရာ လက်ရှိ ဘဏ္ဍာနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၃၅၀၀ အထိရှိပြီး ယခင်နှစ် ကာလတူအချိန်တွင် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့်သာ ရှိသောကြောင့် ယခင်နှစ်ထက် များစွာတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခုနှစ်တွင် ငွေကျပ် ၁၂၇၅ ဘီလီယံနီးပါးရှိပြီး ယခင်နှစ်ကာလတူတွင် ငွေကျပ် ၁၀၉ ဘီလီယံသာရှိသဖြင့် နှိုင်းယှဉ်ပါက များစွာတိုးတက်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၈၀ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီး၌ ၁၁ ရာခိုင်နှုန်းရှိသဖြင့် ရန်ကုန်နှင့်အနီးတစ်ဝိုက်ဒေသများတွင်သာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်ကို တွေ့ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အချိုးညီညီ မျှမျှတတဝင်ရောက်နိုင်ရန်အတွက် အဘက်ဘက်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

### ဖွဲ့စည်းတာဝန်ပေး

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှု ကော်မတီများကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ရာ ယင်းကော်မတီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ငါးသန်း သို့မဟုတ် မြန်မာငွေကျပ်သန်း ၆၀၀၀ အောက် လုပ်ငန်းများကို အတည်ပြုမိန့်ထုတ်ပေးနိုင်ရန်အတွက် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ယခုကာလတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပဲတီစိမ်း၊မတ်ပဲနှင့် ပဲစင်းငုံများ တင်သွင်းမှုကို အရေအတွက်ကန့်သတ်လိုက်သဖြင့် ပဲလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ အစည်းအဝေးတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် အကြံပြုချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

### ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ SMES Development Strategy "Issues & Solutions" ဖိုရမ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးဖိုရမ် မြေယာလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မောင်တောနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် တရားဝင်အသိအမှတ်ပြု မော်တော်ယာဉ် ဖြန့်ဖြူးရောင်းချရေးအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ၎င်းတို့ တွေ့ကြုံနေရသည့် အခက်အခဲများ၊ လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ပုဂံဒေသငလျင်လှုပ်ခတ်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**ပုဂံ ဩဂုတ် ၂၈**

ပုဂံဒေသတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငလျင်အလွန် ပြန်လည်ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခဲ့သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုဖိုရမ် (Technical Coordination Forum) ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သံမှူးကြီးနှင့် UNESCO ရန်ကုန်ရုံး တာဝန်ခံတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြင်ဆင်ထိန်းသိမ်းမှုများနှင့် ပတ်သက်၍ တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့မှု၊ အကြံပေးအဖွဲ့ကိုယ်စား ဒေါက်တာအောင်ကျော်မြတ်က အကြံပေးအဖွဲ့၏ ကြီးကြပ်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တို့က ငလျင်ကြိုတင်ကာကွယ်နိုင်ရန်အတွက် အနာဂတ်တွင် ဖြစ်လာနိုင်သော ငလျင်အချက်အလက်များနှင့် အန္တရာယ်ရှိသောနေရာများ မြေပုံရေးဆွဲခြင်းနှင့် လေ့လာသုတေသနပြုနေမှုများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကိုယ်စား အမှုဆောင် ဦးစောထွေးဇော်က အသင်း၏ စစ်ဆေးအကြံပြုမှုနှင့် လုပ်ငန်းဆောင်ရွက်မှု ၊UNESCO ၏ ပြင်ပပညာရှင်များဖြစ်သော Mr. Pierre Pichard၊ Mr. Predrag Gavrilovic နှင့် Mr. Rodolfo Lujun တို့က ၎င်းတို့ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကွင်းဆင်းလေ့လာတွေ့ရှိချက်များ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် အကြံပြုချက်များ၊ လေကြောင်း/အာကာသတက္ကသိုလ်၊ Technical Support Team (TST) တို့က ပုဂံငလျင်အလွန်ကာလတွင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်မှုများ၊ ပရဟိတအဖွဲ့များက ငလျင်အလွန် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ငလျင်ဒဏ်ခံဘုရား ပြန်လည်ထိန်းသိမ်းရေးအရေးပေါ်ကာလတွင် ပါဝင်လုပ်အားပေးခဲ့သည့် ပရဟိတအဖွဲ့အစည်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ညောင်ဦးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ငလျင်ဒဏ်ခံဘုရားပုထိုးများ ပြုပြင်ရေး အလှူငွေလက်ခံရရှိမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၇) လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံတကာအကူအညီဖြင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး


**နေပြည်တော်　ဩဂုတ်　၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ဂျပန်အောက်လွှတ်တော် အမတ် H.E. Mr. Kozo YAMAMOTO နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရေးမြှင့်တင်ပြီး နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းအဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ဂျပန်အောက်လွှတ်တော် အမတ် H.E. Mr. Kozo YAMAMOTO နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# မောင်တောဒေသအတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

စစ်တွေ　ဩဂုတ်　၂၈

**ရခိုင်ပြည်နယ် မောင်တောဒေသ၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး ခေတ္တခိုလှုံလျက်ရှိသောပြည်သူများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ဝန်ထမ်း ၂၅ ဦး စစ်တွေမြို့တွင် ခေတ္တပြန်လည် နေထိုင်နိုင်ရေးနှင့် စုရပ်တွင်ကျန်ခဲ့သော ပြည်သူများ၏ လုံခြုံရေး အခြေအနေများကို တာဝန်ရှိလုံခြုံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် လတ်တလော စားသုံးရန်အတွက် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ခဲ့ကြသည်။



ဆက်လက်၍ ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသော ပြည်သူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဝန်ထမ်းများက စစ်တွေနှင့် ဇာတိဒေသများသို့ ပြန်လိုကြကြောင်း၊ မိသားစုနှင့် အဆက်အသွယ် လိုအပ်နေသော အိမ်ထောင်စုများအား ဆက်သွယ်ပေးရန် တင်ပြချက်များအပေါ် ညှိနှိုင်းကူညီဖြေရှင်းပေးသည်။ ထို့နောက် ကျေးရွာများ ညပိုင်းမီးထွန်းရန်အတွက် လိုအပ်သောစက်သုံးဆီနှင့် လတ်တလောစားသုံးရန်အတွက် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ပေါင်မုန့်ခြောက်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးသည်။

ဆက်လက်၍ မောင်တောမြို့သို့ ရောက်ရှိကြပြီး သာသနာ့ဗိမာန်နှင့် အမှတ်(၃)အခြေခံပညာ မူလတန်း(လွန်)ကျောင်းတို့တွင် ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများနှင့်တွေ့ဆုံရာ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်လမ်းညွှန်မှု၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်၏ ပံ့ပိုးမှု၊ ကူညီမှုများဖြင့် အခက်အခဲအမျိုးမျိုးကြားမှ စားနပ်ရိက္ခာများ ဖြန့်ဝေထောက်ပံ့နိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ အစိုးရသည် ရခိုင်တိုင်းရင်းသားအပါအဝင် ဒေသခံတိုင်းရင်းသားအားလုံးနှင့် တစ်သားတည်းရှိပါကြောင်း ပြောကြားကာ လတ်တလောစားသုံးရန်အတွက် စားနပ်ရိက္ခာများနှင့် လူမှုရေးအရထောက်ပံ့ရန် လိုအပ်သူများကို ငွေကြေးများထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မောင်တောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ယနေ့မောင်တောမြို့ အမှတ်(၄) ရပ်ကွက်တွင် အကြမ်းဖက်သမား၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော ပြည်သူတစ်ဦးနှင့် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် ကြိမ်ချောင်း၊ တောင်ပြိုဝဲ၊ တောင်ဘဇာစုရပ်များတွင် ပြည်သူများကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသော တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများ၊ သူနာပြုများနှင့် တွေ့ဆုံပြီး လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေးနှင့် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာတွင် လိုအပ်လျက်ရှိသော ဆေးဝါးများပံ့ပိုးပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ပြိုဝဲမြို့သို့ ရောက်ရှိကြပြီး ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တခိုလှုံနေသော ပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းရာ ဝန်ထမ်းများအနေဖြင့် ဇာတိမြို့များသို့ ခေတ္တပြန်လိုကြောင်း တင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယခုလည်း ပကတိအခြေအနေကို သိမြင်ရပြီးဖြစ်၍ အကောင်းဆုံးအခြေအနေသို့ ရောက်အောင် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ လတ်တလောစားသုံးရန် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘော်ဒါဆောင်၊ တည်းခိုခန်း၊ ပုဂ္ဂလိကကျောင်းများ သတ်မှတ်စည်းကမ်းနှင့်အညီဖြစ်စေရေး တွေ့ဆုံညှိနှိုင်း

**ရမည်းသင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ဘော်ဒါဆောင်၊ တည်းခိုခန်း၊ ပုဂ္ဂလိကစာသင်ကျောင်းများ သတ်မှတ်စည်းကမ်းနှင့်အညီ ဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ စည်ပင်သာယာရေးအဖွဲ့ရုံး စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးရာ၌ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်ဦးနှင့် မြို့မရဲတပ်ဖွဲ့စခန်းမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးပေါ်လွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် ဌာနဝန်ထမ်းများ၊ ဝါတိုးရပ်ကွက်ကြီး အုပ်ချုပ်ရေးမှူးနှင့် ဘော်ဒါ၊ တည်းခိုခန်း၊ ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘော်ဒါ၊ တည်းခိုခန်း၊ ပုဂ္ဂလိကကျောင်းများ သတ်မှတ်စည်းကမ်းနှင့်အညီ ဖွင့်လှစ်ရေး၊ နေထိုင်တည်းခိုကြသူများ ကျန်းမာရေးနှင့်အညီနေထိုင်ရေး၊ ဒုစရိုက်မှုများ မဖြစ်ပွားစေရန် ကာကွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေသုံးစွဲရေး၊ လုံခြုံမှုရှိစေရန် လုံခြုံရေးကင်မရာများ တပ်ဆင်ရေး၊ နေထိုင်တည်းခိုသူများအတွက် သန့်စင်ခန်းများ ကောင်းမွန်စွာ ဆောင်ရွက်ပေးရေး အစရှိသည်တို့ကို ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကော်မတီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိတို့က ရှင်းလင်းဆွေးနွေးရာ တက်ရောက်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **အတ်ကလေး(ရမည်းသင်း)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ပြည်　ဩဂုတ်　၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ နဝင်းရပ်ကွက် ဝါဆိုကျောင်းတိုက်ဓမ္မာရုံ၌ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးမှ ပြည်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ ငွေများ ပေးအပ်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူ ၂၅၄၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၁၅၃၄၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**　**(ခရိုင် ပြန်/ဆက်)**



# ဧရာဝတီ၊ ငဝန်၊ တိုးမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်ပေခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်ရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်၊ ငဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်၊ တိုးမြစ်ရှိ မအူပင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၈**

ထိုင်းနိုင်ငံ၌ကျင်းပမည့် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 5th Thailand-Myanmar High Level Committee Meeting တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဇနီးဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Khon Kaen လေဆိပ်သို့ ရောက်ရှိကြရာ Khon Kaen ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Pongsak Preechawit နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ထောက်လှမ်းရေးမှူးချုပ် Lt.Gen.Thiwa Penket Gorn နှင့်ဇနီး၊ အမှတ်(၃)စစ်တိုင်းမှူး Lt.Gen. Vijak Siribunsop နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။

အဆိုပါခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နှစ်စဉ်ကျင်းပသည့် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ခြင်း၊ ထိုင်းနိုင်ငံရှိ အစိုးရအဖွဲ့အကြီးအကဲများနှင့် တပ်မတော်ခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သောအဖွဲ့ဝင်များသည် ဩဂုတ် ၂၄ ရက်တွင် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမ အထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၆)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးမြဟန်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်ခဲ့ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၆)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံစာရင်းရေးစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း

**မော်လမြိုင် ဩဂုတ် ၂၈**

မော်လမြိုင်မြို့သမဝါယမသင်တန်းကျောင်းခန်းမတွင် အခြေခံစာရင်းရေးစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မွန်ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများ၊ မွန်ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ သမဝါယမသင်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ ဌာနခွဲစာရေး၊ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးဝန်ထမ်း သင်တန်းသား ၄၀ တက်ရောက်ခဲ့သည်။ သင်တန်းတွင် စာရင်းရေးစာရင်းကိုင်ပညာ၊ သမဝါယမစာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်းဘာသာနှင့် သမဝါယမဘာသာရပ်များအား ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းထူးချွန်ဆုများကို ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်က ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ (International Day of Democracy 2017) အခမ်းအနားကျင်းပရေး အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေး ဦးစီးကော်မတီနာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့များနှင့် သံတမန်များအား ဖိတ်ကြားရန် စီစဉ်ထားရှိမှု၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအလိုက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို အားရကျေနပ်ကြောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကလည်း အခမ်းအနားကို အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (IPU) မှ သတ်မှတ်ထားသည့် “ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့” (In Defense of Democracy) ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ဝင်း သဘင်ဆောင်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများဖြစ်သည့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ စာတမ်း၊ မှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ဖျော်ဖြေရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ လွှတ်တော်ရေးရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် လုံခြုံရေးလုပ်ငန်းကော်မတီတို့က ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရပ်ဝေးဝန်ထမ်းများအတွက် အငှားချထားပေးမည့် ဝန်ထမ်းအိမ်ရာများတည်ဆောက်

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ နေရေးအခက်အခဲပြေလည်စေရန် အငှားအိမ်ရာချထားပေးနိုင်ရေး အတွက် ဝန်ထမ်းအိမ်ရာငါးလုံး တည်ဆောက်မှုကို အကောင်အထည်ဖော်လျက်ရှိပြီး မြို့နယ် ၁၀ မြို့နယ်အလိုက် မြေနေရာရရှိပါက ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ သိရသည်။

“လေးခန်းတွဲ လေးထပ်အဆောက်အအုံတွေ ဆောက်နေတာပါ။ မော်လမြိုင်မှာ သုံးလုံး၊ ချောင်းဆုံမြို့နယ်မှာတစ်လုံးနဲ့ သထုံမြို့နယ်အတွက် တစ်လုံးကို ပြည်နယ်ဘတ်ဂျက်ကနေ အကုန်အကျခံ တည်ဆောက်နေတာပါ။ အခြားနယ်ကလာရောက်ရတဲ့ ဝန်ထမ်းတွေအနေနဲ့ နေရေးအခက်အခဲရှိတယ်ဆိုတဲ့သူတွေအတွက် ရည်ရွယ်ပါတယ်။ အငှားစနစ်နဲ့ ချပေးတာဖြစ်လို့ အိမ်ငှားစရိတ်သွင်းရပါမယ်။ အရာထမ်းဆို လစာရဲ့ငါးရာခိုင်နှုန်း၊ အမှုထမ်းဆိုရင် လစာရဲ့ သုံးရာခိုင်နှုန်း သတ်မှတ်ထားပြီး အရင်းလစာစကေးနဲ့တွက်တာဖြစ်လို့ ကုန်ကျစရိတ် သိပ်မများနိုင်ပါဘူး”ဟု အဆိုပါရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်ဇော်မိုးက ပြောသည်။

တည်ဆောက်ရေးလုပ်ငန်းများကို ဩဂုတ်လကစတင်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လအကုန်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်သည်။ လတ်တလောတွင် ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ လေးခန်းတွဲလေးထပ်ဆောင် အိမ်ရာများကို မော်လမြိုင်မြို့တွင် ၂၆ လုံး၊ ကျိုက်ထိုမြို့တွင် နှစ်လုံးနှင့် သထုံမြို့တွင် နှစ်လုံး တည်ဆောက်ကာ ဝန်ထမ်းများကို အငှားချပေးထားခဲ့ပြီး ဖြစ်သော်လည်း ဝန်ထမ်းအင်အားနှင့် အိမ်ရာရရှိမှု မလုံလောက်သေးကြောင်း သိရသည်။

“အိမ်လစာနည်းနည်းနဲ့ ငှားပေးနိုင်ရင်တော့ ရပ်ဝေးကလာရတဲ့ ဝန်ထမ်းတွေအတွက် ပြေလည်သွားတာပေါ့။ ကျွန်မတို့ဌာနကတော့ ဌာနကဆောက်ပေးထားတဲ့ အိမ်ရာတွေရှိတော့ အဆင်ပြေပါတယ်။ ဒါပေမယ့် အပြင်မှာအိမ်ငှားနေရတဲ့ တချို့ဝန်ထမ်းတွေလည်း ရှိနေပါသေးတယ်”ဟု မကွေးတိုင်းဒေသကြီးမှ လာရောက်တာဝန်ထမ်းဆောင်သည့် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**



# ထားဝယ်အထူးစီးပွားရေးဇုန် ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းအစီအစဉ်ကို သတ်မှတ်ထားသည့်အချိန်ဇယားနှင့်အညီ ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂၈

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**နှစ်ဖက်သဘောတူညီမှု**

အစည်းအဝေးတွင် ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ မည်သည့်အချိန်တွင် စတင်မည်နည်း၊ စတင်မည့် ကနဦးစီမံကိန်းတွင် မည်သည့်လုပ်ငန်းများပါဝင်ပြီး မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ချုပ်ဆိုခဲ့သည့် လုပ်ငန်းသဘောတူစာချုပ်အရ ကနဦးစီမံကိန်းတွင် စက်မှုလုပ်ငန်းနယ်မြေ၊ ထားဝယ်စီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ်ထီးခီးအထိ ဖောက်လုပ်မည့် နှစ်လမ်းသွားကတ္တရာလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးမြို့ပြအိမ်ရာလုပ်ငန်း၊ ကနဦးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ယာယီလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ တယ်လီဖုန်းဆက်သွယ်ရေးလိုင်းနှင့် သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်းလုပ်ငန်း စီမံကိန်းတို့ပါဝင်ပါကြောင်း၊ သို့သော်လည်း နှစ်ဦးနှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမည့် အချက်များကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အတွက် နှစ်ဖက်သဘောတူညီမှုဖြင့် သက်တမ်းထပ်မံတိုးမြှင့်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှုအပေါ် ကြီးကြပ်ရန်အတွက် မြန်မာ-ထိုင်း ပူးတွဲကျွမ်းကျင်သူများ အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းများ၏ လက်ရှိအခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်၍ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်ကို သတ်မှတ်ထားသည့် အချိန်ဇယားနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**စီမံခန့်ခွဲမှု နည်းပညာများ**

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်း (SME)များ ယိုင်နဲ့ရပ်ဆိုင်းနှောင့်နှေးခြင်းများ မဖြစ်ပေါ်စေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန်အတွက် လိုအပ်ချက်အရပ်ရပ်ကို ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အနီးကပ်ဝန်ဆောင်မှုပေးနိုင်ရန် ၂၀၁၄ ခုနှစ်မှစတင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် SME ရုံးခွဲပေါင်း ၅၃ ရုံး ဖွင့်လှစ်ခဲ့ပါကြောင်း၊ နည်းပညာဆိုင်ရာ လွှဲပြောင်းပေးမှု ၃၈ ခုအပါအဝင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအထောက်အကူပြု Program ၁၂၅၃ ခုကို SME လုပ်ငန်းရှင် ၂၉၀၀၀ ကျော်တို့အား လက်တွေ့ထုတ်လုပ်မှုနည်းပညာများနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြု စီမံခန့်ခွဲမှုနည်းပညာများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

စက်မှုဝန်ကြီးဌာနအနေဖြင့် SME များ ချေးငွေရရှိရန် ချေးငွေထုတ်ပေးသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းထောက်ခံချက်ထုတ်ပေးခြင်း၊ ချေးငွေလျှောက်ထားရာတွင် တင်ပြရမည့် Business Plan ရေးဆွဲနိုင်ရန် သင်တန်းများပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမဝါယမဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banks Corporation (SMBC) တို့ပူးပေါင်းပြီး အလားအလာရှိသည့် SME များကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး အပေါင်ပစ္စည်းမဲ့ ချေးငွေထုတ်ချေးခဲ့ရာ ၂၀၁၇ ခုနှစ် မေလအထိ SME လုပ်ငန်းရှင် ၅၁ ဦးကိုငွေကျပ် ၆၇၉ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ **ကုမ္ပဏီသို့ ငှားရမ်းထားသော ဘီးလင်းသကြားစက်ကို လည်ပတ်ရန်မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်နှင့် ကြံစိုက်တောင်သူများ၏ ကြံများကို မည်ကဲ့သို့ဝယ်ယူပြီး အာမခံချက်မည်မျှပေးနိုင်မည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြန်လည်ဖြေကြားသည်။

ထို့နောက် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **"နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စနစ်တကျထိန်းသိမ်း**

မိုးညှင်း မဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိက နိုင်ငံသားများအတွက် ကျောက်စိမ်းလောကကို အမြန်ဆုံးပြောင်းလဲရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ ရွေးကောက်ပွဲကြေညာစာတမ်းပါ ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးမှုကို အာမခံနိုင်သောစီးပွားရေးကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေး မူဝါဒပန်းတိုင်သည် အရင်းအမြစ်ဝေမျှရေးဖြစ်သည့် ကျောက်မျက်ကဏ္ဍများနှင့် ဆက်စပ်နေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးမူဝါဒပန်းတိုင်တို့ကို အမြန်ဆုံးရောက်ရှိနိုင်ရန်အတွက် နိုင်ငံသူ နိုင်ငံသားများပိုင်ဆိုင်သည့် သယံဇာတထုတ်ယူသုံးစွဲမှုကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မိုးကောင်း မဲဆန္ဒနယ်မှ ဦးဝင်းနိုင်က တွင်းထွက်သတ္တုသယံဇာတ၊ ကျောက်မျက်ရတနာထုတ်လုပ်လိုက်သည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှာ ကပ်လျက်ပါလာမည်ဖြစ်ကြောင်း၊ ဖားကန့်ကျောက်စိမ်းမှော်များ၊ တနိုင်းရွှေမှော်များ၏ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် တစ်ကမ္ဘာလုံးက စောင့်ကြည့်ရလောက်အောင် ဖြစ်နေပါကြောင်း၊ ယင်းကို ဆန်းစစ်ကြည့်ပါက လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း စက်ယန္တရားကြီးများဖြင့် အလွန်အကျွံထုတ်လုပ်ခဲ့ကြသည့် အပြင် ထုတ်လုပ်မှုများကို ကြီးကြပ်ရာတွင် အားနည်းခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေများကို ထိန်းညှိနိုင်ရန် တိကျပြတ်သားသည့် ဥပဒေများပြဋ္ဌာန်းရန်လိုအပ်ပြီး တူးဖော်ထုတ်လုပ်ရန် ဥပဒေများရေးဆွဲရာတွင် အမျိုးအစားအလိုက် သတ်မှတ်ခွဲခြားရန် လိုပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်သည့် တွင်းထွက်ကျောက်မျက် ရတနာသယံဇာတများကို သားစဉ်မြေးဆက်ခံစားနိုင်ရန်နှင့် အချိန်မီထိန်းသိမ်းရန် လိုအပ်သကဲ့သို့ တစ်ပိုင်တစ်နိုင်လုပ်ငန်းများအတွက် တိကျရှင်းလင်းသည့် ဥပဒေများရေးဆွဲပြီး ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဖန်တီးပေးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်၊ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၊ ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးစံခင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မိုးကုတ် မဲဆန္ဒနယ်မှ ဦးအောင်နိုင် (ခ) ဦးနိုင်ကျော်၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်နှင့် မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုတို့ကဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံတော်နှင့် နိုင်ငံသားတို့ပိုင်ဆိုင်သည့် ဓာတ်သတ္တု၊ ကျောက်မျက်၊ ပုလဲစသည့် သယံဇာတပစ္စည်းများအား နိုင်ငံသားများအားလုံး သားစဉ်မြေးဆက်ခံစားရရှိရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ပွင့်လင်းမြင်သာသော မိုင်းတွင်းလုပ်ငန်းများနှင့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းအဖြစ်ထုတ်လုပ်ဆောင်ရွက်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ "သဘာဝသယံဇာတတူးဖော်မှု သားစဉ်မြေးဆက်အကျိုးပြု" ဆိုပြီး ရည်မှန်းချက်ထားသတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ပြီး ရေရှည်အကျိုးရှိစေမည့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိသော သယံဇာတထုတ်လုပ်သုံးစွဲမှု ကဏ္ဍတိုးတက်ရေးကိုဖော်ဆောင်သွားရန် ရည်မှန်းချက်တာဝန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိမ်းရောင်သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ယူ၊ တာဝန်ခံသော သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအဖြစ်သို့ရောက်ရှိစေရန် ပန်းတိုင်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

**အဆိုကိုအတည်ပြု**

သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ကျောက်မျက်ရတနာနှင့် သတ္တုတွင်းထွက်သယံဇာတများ အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် အသုံးပြုနိုင်ရန် လိုအပ်သည့်အချိန်မှသာ ထုတ်လုပ်သုံးစွဲရန် နိုင်ငံတော်၏ အရန်သတ္တုသိုက်ပမာဏများထားရှိပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအဆိုကို အတည်ပြုပေးသင့်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

**မျိုးမြင့်၊ မွေးကြူဇင် (သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံလူမျိုးစုရေးရာကော်မတီတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီဥက္ကဋ္ဌ/ဝန်ကြီး H.E. Mr. Do Van Chien နှင့် အဖွဲ့ဝင်များ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီဥက္ကဋ္ဌ/ဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမျိုးစုရေးရာကော်မတီတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးကြသည်။

ထို့နောက်နှစ်နိုင်ငံ ကိစ္စရပ်များ ဆွေးနွေးကြရာတွင် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သော နယ်စပ်ဒေသများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များနှင့် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပို့ချနေမှု အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၊ စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီဥက္ကဋ္ဌ/ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ဆင်ဖြူတော်အား လေ့လာကြည့်ရှုကြသည်။

ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီဥက္ကဋ္ဌ/ဝန်ကြီး H.E.Mr. Do Van Chien ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ Kempinski Hotel ၌ ညစာဖြင့် တည်းခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြေမွန်မျိုးသန့်ခြံမှ စွန့်လွှတ်အပ်နှံသည့် မြေ ၈၈ ဒသမ ၂၈ ဧကအား လွှဲပြောင်းပေးအပ်

**ကန့်ဘလူ ဩဂုတ် ၂၈**

ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် မြေမွန်မျိုးသန့်ခြံမှ စွန့်လွှတ်အပ်နှံသည့် မြေ ၈၈ ဒသမ ၂၈ ဧကအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က မြို့နယ် ထွေ/အုပ် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေက မြေမွန်မျိုးသန့်ခြံမှ စွန့်လွှတ်အပ်နှံသည့် မြေ ၈၈ ဒသမ ၂၈ဧကနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။

ယခုစွန့်လွှတ်မြေ ၈၈ ဒသမ ၂၈ ဧကကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ အမြန်ဆုံးပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စားသုံးသူ လူထု၏ အကြွေးဝယ်ခွင့်ကတ်များအပေါ် ယုံကြည်မှု တည်ငြိမ်မှုမြင့်တက်လာစေရန် ဗဟိုဘဏ်သာမက အခြားအဖွဲ့အစည်းများကပါ ဝိုင်းဝန်းကြိုးပမ်းရမည်




**နေပြည်တော် ဩဂုတ် ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်အစား ဗိုလ်မှူးကြီးကောင်းကျော်အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

### တင်သွင်းခွင့်ပြု

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၏ **မြန်မာနိုင်ငံတွင် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ(Back Hoe)၊ မြေတူးစက်ကြီးများ (Excavator)၊ မြေသယ်ယာဉ်ကြီးများကို ယာဉ်မှတ်ပုံတင်စာရင်းတင်သွင်းခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များချထားပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ်နှင့် စက်ယန္တရား ယာဉ်များတင်သွင်းခြင်းနှင့် ပတ်သက်၍ ပင်လယ်ရေကြောင်းနှင့် နယ်စပ်စခန်းများဖြစ်သည့် မူဆယ်၊ မြဝတီ၊ တာချီလိတ်စခန်းများမှ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ Model များကို တင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Bulldozer များ၊ Back Hoeများ၊ Excavator များ၊ လုပ်ငန်းခွင်၌သာ သုံးသည့် Dump Truck များနှင့် Scraper များအပါအဝင် အများပြည်သူသွားလာသည့်လမ်းများကို အသုံးမပြုဘဲ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် စက်ယန္တရားကြီးများနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်ပြုထားသည့် အမျိုးအစား (၁၆)မျိုးကို အခြေခံ၍ ပြည်ပမှ တရားဝင်တင်သွင်းလာသော စက်ယန္တရားကြီးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ် ရေးဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ပါမစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော (Release Order Notification) နှင့် အကောက်ခွန်ဖော်ပြချက်တို့ပါရှိလျှင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမျိုးအစား (၁၈) မျိုးခွဲခြား၍ ယန္တရားအမှတ် (စက) မှ (စဒ) အထိ ယာဉ်နံပါတ်သတ်မှတ်ပေးကာ ပြည်ပတင်သွင်း ယန္တရားမှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခများကောက်ခံကာ မှတ်ပုံတင်သက်တမ်းတစ်နှစ်သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၃၁ ရက်အထိ စုစုပေါင်း စက်ယန္တရားစီးရေ ၁၇၇၃ စီး မှတ်ပုံတင်ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ (၁၈)မျိုးတွင် မပါဝင်သော အများပြည်သူသွားလာသည့် လမ်းများကို အသုံးပြု၍ မြေသယ်ယာဉ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် နှစ်တန်နှင့်အထက် Dump Truck ယာဉ်များကို ကုန်စည်ပို့ဆောင်ခွင့် "က" လုပ်ငန်းလိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း။

### အကန့်အသတ်ဖြင့် တူးဖော်ရန်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ လက်အောက်တွင် အသုံးပြုသည့် စက်ယန္တ ရားကြီးများနှင့် ပတ်သက်၍ ရောက်ရှိသည့် အချိန်မှစ၍ စက်စာရင်းပြန်တမ်းအား ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဦးစီးဌာနသို့ သုံးလတစ်ကြိမ်ပေးပို့ရပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ရန်အတွက် လုပ်ကွက်အကျယ်အဝန်းအလိုက် အသုံးပြုခွင့်ရှိသော ယာဉ်၊ ယန္တရားအရေအတွက်ကို သတ်မှတ်ထားပြီး ယင်းသတ်မှတ် အရေအတွက်အတိုင်း အသုံးပြုခွင့်လက်မှတ်များ ထုတ်ပေးထားသည့်အပြင် ယာဉ်၊ ယန္တရားများ၏ မြင်သာသည့်နေရာတွင် တပ်ဆင်ပြီး တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ယာဉ်နှင့်ယန္တရားများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက ကနဦး မှတ်ပုံတင်ခြင်း၊ သတ်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း မရှိပါကြောင်းနှင့် အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုသည့် နှစ်တန်နှင့်အထက် Dump Truck ယာဉ်များကိုသာ "က" လုပ်ငန်းလိုင်စင် ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

### စာရင်းရှင်းလင်းမှုစနစ်များ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဋ္ဌေးဦး၏ **နိုင်ငံသားများကို ဘဏ်လုပ်ငန်းများ အသုံးများလာကြစေရန် ပညာပေးဆွဲဆောင်မှုများ အရှိန်အဟုန်ဖြင့်လုပ်ကိုင်ကြရမည့် ယနေ့အချိန်အခါမျိုးတွင် ဘဏ်လက်ကမ်းစာစောင်များ၌ ဖော်ပြထားသော အကြွေးဝယ်ကတ်များကို စတင်ဝယ်ယူသုံးစွဲသည့်နေ့မှ ရက် ၅၀ အတိုးကင်း လွတ်သည်ဟု ဖော်ပြချက်နှင့် ဆန့်ကျင်၍ နောက်ကျကြေး၊ ဒဏ်ကြေး၊ အတိုးများတောင်းယူနေမှုများအပေါ် ဗဟိုဘဏ်မှ ထိန်းကျောင်းကြီးကြပ်အရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်၏ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ အပိုဒ်၆(က)အရ ထိရောက်သော ငွေ ပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးအတွက် ရည်ရွယ်ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ အခန်း(၁၂)နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၊ အခန်း(၁၉)တို့ အရ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ကြီးကြပ်ထိန်းကျောင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ်များ၏ အကြွေးဝယ်ကတ်မှာ ကာလတိုချေးငွေဖြစ်ပြီး အာမခံမဲ့ချေးငွေဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်မှုမရှိပါက ဘဏ်များအနေဖြင့် သုံးစွဲသည့်ပမာဏအပေါ် အတိုးကောက်ခံခြင်း နောက်ကျကြေး၊ ဒဏ်ကြေးများ ကောက်ခံမည်ဖြစ်ပါကြောင်း၊ သုံးစွဲသူများအား ကတ်လျှောက်ထားစဉ်ကတည်းက ရှင်းလင်းပြောကြားထားသည့်အပြင် သုံးစွဲမည့်သူများမှ သိရှိလက်ခံကြောင်း လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာတွင် ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများမှ အကြွေးဝယ်ကတ်များ ထုတ်ဝေလေ့ရှိပြီး ၎င်းတို့၏ ကြော်ငြာများ၊ လက်ကမ်းစာစောင်များ စသည်တို့ကို အစိုးရ၏ ဘဏ်ကြီးကြပ်သူများတွင်သာမက ဘဏ်များအသင်း၊ ငွေကြေးဝန်ဆောင်သူများအသင်း စသည်တို့နှင့် အစိုးရက ဖွဲ့စည်းပေးထားသော စားသုံးသူအခွင့်အရေးကာကွယ်ရေးအေဂျင်စီများ၊ ဌာနများကပါ ဝိုင်းဝန်းတာဝန်ယူကြီးကြပ်လေ့ရှိကြပါကြောင်း၊ စားသုံးသူများအနေဖြင့် တရားရုံးတွင် လည်း စုပေါင်းတရားစွဲဆိုနိုင်သဖြင့် တရားစီရင်ရေး ယန္တရားကပါ ထိန်းကျောင်းပေးမှု ရှိပါကြောင်း။

### အသိပေးအကြောင်းကြား

မြန်မာနိုင်ငံတွင်လည်း စားသုံးသူလူထု၏ အကြွေးဝယ်ခွင့်ကတ်များအပေါ် ယုံကြည်မှု၊ တည်ငြိမ်မှုမြင့်တက်လာစေရန် ဗဟိုဘဏ်သာမက အခြားအဖွဲ့အစည်းများကပါ ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ဘဏ်များအနေဖြင့် ဝန်ဆောင်မှု အသုံးပြုစေရန် အသိပေးဖြန့်ဝေခြင်းများလုပ်ဆောင်ရာတွင် သုံးစွဲသူများအနေဖြင့် နားလည်မှုမလွဲစေရေး ကြီးကြပ်ထိန်းကျောင်း လုပ်ဆောင်သွားရန်နှင့် ဘဏ်များအား သုံးစွဲသူများသို့ ပိုမိုရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးနိုင်ရန် ဗဟိုဘဏ်အနေဖြင့် ဘဏ်များသို့ အသိပေးအကြောင်းကြားသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတက်ထွန်းအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ် ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးကြသည်။

### လုပ်သားအင်အားဆုံးရှုံး

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်းက ငါးလုပ်ငန်းတိုးတက်ထွန်းကားနေသည့် နိုင်ငံများဖြစ်သော အိမ်နီးချင်း ထိုင်း၊ ဗီယက်နမ်အပြင် အာရှဒေသအတွင်း ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယတို့အပြင် အမေရိကန်၊ ကနေဒါစသည့် နိုင်ငံများသည် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ပညာရပ်ဆိုင်ရာ ငါးတက္ကသိုလ်များကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဖွင့်လှစ်ထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် တက္ကသိုလ်မရှိသည့်အတွက် နည်းပညာလည်း အားနည်းခဲ့ရပါကြောင်း၊ နည်းပညာအားနည်းခဲ့သည့်အတွက် ရေ၊ မြေ၊ သဘာဝအခြေအနေကောင်းများ ရှိနေပါသော်လည်း လုပ်သလောက် မတိုးတက်ဘဲ နိုင်ငံတကာနှင့် ယှဉ်လိုက်ပါက များစွာ နောက်ကျကျန်ရစ်ခဲ့၍ မြန်မာနိုင်ငံရှိ အလုပ်သမားပြည်သူများကလည်း မိမိတို့နိုင်ငံထက် ပိုမိုတိုးတက်သော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနိုင်ငံများတွင် သွားရောက်ပြီး ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြသဖြင့် မြန်မာနိုင်ငံ၏ လုပ်သားအင်အားလည်း များစွာ ဆုံးရှုံးနေရပါကြောင်း။

မြန်မာနိုင်ငံတွင် ငါးနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် တန်းတူ တိုးတက်ထွန်းကားလာစေရန် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် တက္ကသိုလ်တစ်ခုကို ပထမအကြိမ် လွှတ်တော်သက်တမ်းက မဆောင်ရွက်နိုင်ခဲ့သော်လည်း ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပြီးပြည့်စုံသောငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု စတင်ဖွင့်လှစ်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှဦးမောင်မောင်အုန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခုတည်ထောင်ဖွင့်လှစ်မည်ဆိုပါက အဓိကပါဝင်ရမည့် သက်ဆိုင်ရာကဏ္ဍအလိုက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို စနစ်တကျ သုတေသနပြုရေးဆွဲရေးကို ဦးစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆောက်အအုံ၊ မြေနေရာ၊ သင်ထောက်ကူပစ္စည်းများ၊ ဓာတ်ခွဲခန်းများ၊ သင်ကြားရေး ဆရာ၊ ဆရာမများ၊ ကွင်းဆင်းသင်ကြားနိုင်မည့် Farms and Stations များ၊ မြစ်ကြောင်းများနှင့် ကမ်းနီးကမ်းဝေး လက်တွေ့ကွင်းဆင်း သင်ကြားမှုအထောက်အကူပြု သင်ကြားရေးသင်္ဘောများ စသည်တို့ရှိရန် လိုအပ်ပါကြောင်း။

### အချိန်ယူဆောင်ရွက်ရမည်

လိုအပ်ချက်များကို စနစ်တကျ အချိတ်အဆက်မိမိ အကောင်အထည်ဖော်နိုင်ရေးအတွက် Master Plan ဦးစွာ ရေးဆွဲရန် လိုအပ်ပါကြောင်းနှင့် လက်ရှိတက္ကသိုလ်ကြီးများတွင် ဆက်နွှယ်လျက်ရှိသည့် ဘာသာရပ်များကို ပေါင်းစပ်ပြီး ရေနေငါးသက်ရှိများ ဆိုင်ရာ ဘာသာရပ်ဌာနအသစ်တစ်ခုအဖြစ်သာ စတင်ဖွင့်လှစ်သင့်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ဖြေကြားထားသည်ဖြစ်ရာ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုပေါ်ပေါက်လာရန်မှာ လက်ရှိအခြေအနေများအရ လိုအပ်ချက်များ ရှိနေသေးသဖြင့် အချိန်ယူပြီး အကောက်အထည်ဖော်ရမည့် အခြေအနေဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာ ပညာရပ်များနှင့် ငါးလုပ်ငန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့် အတိုင်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ လက်ရှိအခြေအနေများအရ လိုအပ်ချက်များရှိနေသေးသဖြင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်သော ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ် အသုံးပြု၍ရယူရာ ထောက်ခံမဲ ၁၃၉မဲ၊ ကန့်ကွက်မဲ ၃၇ မဲ၊ ကြားနေမဲ လေးမဲဖြင့် ထောက်ခံမဲများသည့်အတွက် ဒေါက်တာဝင်းမြင့်၏ အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**(သတင်းစဉ်)**

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# မောင်တောဒေသအတွင်း အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်

**နေပြည်တော် ဩဂုတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် မောင်တောမြို့နယ် ကြောင်ဒိုးကျေးရွာနှင့် အောင်သပြေကျေးရွာအကြားတွင် နယ်မြေစိုးမိုးရေး ဆောင်ရွက်နေစဉ် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက လမ်းဘေးဝဲယာမှ လုပ်သေနတ်နှင့် လက်လုပ်မိုင်းတို့ဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံရှင်းလင်းခဲ့ရပြီး ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် ကျီးကျွန်းကင်းစခန်းအနီးရှိ ပုစွန်ကန်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းစဉ် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၅၀ ခန့် နေထိုင်ခဲ့ပြီး စခန်း၏ အိပ်ဆောင်ကြမ်းခင်းများအား မီးရှို့ဖျက်ဆီးထားခဲ့ကြောင်း တွေ့ရှိရပြီး ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျီးကျွန်းကင်းစခန်းအတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးတို့သည် လောင်းလှေ နှစ်စင်းဖြင့် တစ်ဖက်ကမ်းသို့ လှော်ခတ်ထွက်ပြေးသွားခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ဇင်ပိုင်ညာလမ်းဆုံတွင် ပေါက်ကွဲခဲ့ပြီး အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် ည ၁၀ နာရီ မိနစ် ၂၀ တွင် ဇင်ပိုင်ညာရဲကင်းစခန်းအား စတင်ဝိုင်းထားခဲ့သည်။ ထို့နောက် စခန်း၏ တစ်မိုင်ခန့်အကွာ၌ လက်လုပ်မိုင်း တစ်လုံးထပ်မံပေါက်ကွဲပြီးနောက် ဇင်ပိုင်ညာရဲစခန်းသို့ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၈၀ ခန့်မှ အနီးကပ်ချဉ်းကပ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ပြန်လည်ခုခံရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများ ဇင်ပိုင်ညာကျေးရွာထဲသို့ ဆုတ်ခွာသွားပြီး ယင်းအချိန်တွင် အော်လီတူလာ ကျေးရွာအနီး၌ လက်လုပ်မိုင်း တစ်လုံးထပ်မံပေါက်ကွဲခဲ့သည်။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ယနေ့နံနက် ၁၀ နာရီ ၄၈ မိနစ်တွင် ဇင်ပိုင်ညာလမ်းဆုံ၌ လက်လုပ်မိုင်း လေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် အဆိုပါလမ်းဆုံ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။

နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ဇင်ပိုင်ညာလမ်းဆုံ၌ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။

အလားတူ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများသည် ရွာသစ်ကျေးရွာနှင့် ကျောက်လှေကားကျေးရွာများ အတွင်း၌ တစ်လုံးစီ ဆက်တိုက်ပေါက်ကွဲခဲ့သည်။

ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ရဲကင်းစခန်းအား တင်းမေကျေးရွာမှ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၅၀၀ ခန့်က ဝိုင်းထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သွားရောက်ရှင်းလင်းရာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် ဇီးပင်ချောင်းကင်းစခန်းအား ဩဂုတ် ၂၇ ရက် ညပိုင်းက မီးရှို့ဖျက်ဆီးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မီးငြိမ်းခဲ့သည်။

ယနေ့ နံနက် ၁ နာရီကလည်း မောင်တောမြို့နယ် မြို့မကညင်တန်းရပ်ကွက်ရှိ အဒူလာ၏နေအိမ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နာရီဝက်အတွင်း မီးငြိမ်းခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် သရေကုန်းဘောင်ရဲကင်းနှင့် ကိုက် ၅၀ ခန့်အကွာရှိ ဖွေရူဘာတာရွာအနီး၌ မိုင်းတစ်လုံး၊ ရွာအတွင်း၌ မိုင်းတစ်လုံး၊ ပြင်ဖြူနယ်မြေရုံးနှင့် ကိုက် ၅၀၀ ခန့်အကွာရှိ ရွာသစ်ကျေးရွာ၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့သည်။


အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သဖြင့် ခရေမြိုင်ဘုန်းကြီးကျောင်းရှိ ဘုရားများ ပျက်စီးနေစဉ်

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ခွဆုံကျေးရွာသို့ နယ်မြေစိုးမိုးရေးဆောင်ရွက်ရန် သွားရောက်စဉ် ရွာအဝင်တံတားအရောက်၌ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက မိုင်းဆွဲပြီး ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ဆက်လက်၍ ကျေးရွာအတွင်း ရှင်းလင်းစဉ် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၃၀၀ ခန့်က စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် နေအိမ်များအား မီးရှို့ဖျက်ဆီး၍ မေယုတောင်ကြောဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ ရှင်းလင်းစဉ် ပွိုင့် ၂၂ သေနတ် တစ်လက်၊ ကျည် ၁၀ တောင့်နှင့် လက်လုပ်မိုင်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ကိုးတန်ကောက်ကျေးရွာ၌ နယ်မြေရှင်းလင်းစဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မိုင်းတစ်လုံးဖောက်ခွဲပြီး ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ပစ်ခတ်၍ ရှင်းလင်းခဲ့ရာ တူမီးသေနတ် နှစ်လက် သိမ်းဆည်းရမိခဲ့ပြီး ဆွဲမိုင်းများ ဆက်လက်ရှင်းလင်းလျက်ရှိသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကိုးတန်ကောက် မြစ်နားရွာအတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ဓားရှည်များဖြင့် ဝင်ရောက်ခုတ်သဖြင့် ပြန်လည်ခုခံရှင်းလင်းခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သဝန်ချောင်းကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ခွဆုံကျေးရွာနှင့် သဝန်ချောင်းကျေးရွာအကြား ကွင်းပြင်၌ အလျား တစ်ပေ၊ ထု ခြောက်လက်မခန့်ရှိ မြေကျင်းအတွင်းမှ TNT ယမ်းပျော့ကပ်ထားသည့် ဘက်ထရီအိုးပါအဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် မိုင်းတစ်လုံး တူးဖော်သိမ်းဆည်းရမိသည်။

ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်ကလည်း အထက်ပြူးမ(နတလ)ရွာမှနေအိမ် ၃၀ နှင့် ဝက်ကျိမ်း(မြို့ရွာ) မှ နေအိမ် ၃၀ တို့အား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ကျောက်လှေကားရွာလယ်လမ်းတွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ နံနက် ၁၀ နာရီတွင် မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ် တစ်လုံးအား အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက မီးရှို့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရသည်။

နံနက် ၁၀ နာခွဲက မြို့မကညင်တန်း ရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ် တစ်လုံးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့သဖြင့် ထပ်မံမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ကျောက်လှေကား ရွာလယ်လမ်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ထပ်မံပေါက်ကွဲပြီး ဇင်ပိုင်ညာလမ်းဆုံအနီးရှိ အိမ်တစ်လုံးအား အကြမ်းဖက်သမား တစ်ဦးက မီးရှို့ပြီး လက်လုပ်မိုင်း တစ်လုံးဖောက်ခွဲ၍ ထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရွှေဇားရဲကင်းရှေ့ရှိ လူနေအိမ်များအား ရှင်းလင်းရာ အနီ/အနက် ဝိုင်ယာကြိုးဖြင့် ဆက်သွယ်ထားပြီး တိပ်အနက်ပတ်ထားသော အထုပ်ခြောက်ထုပ်တွေ့ရှိခဲ့သည်။

ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နယ်မြေ(၄)အတွင်းရှိ စကားပင်ရင်းရွာနှင့် ကြက်ကျိမ်းရွာမှ ဘင်္ဂါလီများသည် ၎င်းတို့နေအိမ်များအား မီးရှို့၍ ထွက်ပြေးသွားခဲ့သည်။ တစ်ချိန်တည်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြစ်နားရွာအား နယ်မြေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်စဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား တစ်ဦးအား ဆွဲမိုင်းတစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးခဲ့သည်။

ထို့ပြင် နယ်မြေ(၅) သရက်အုပ်ကင်းစခန်းအနီးသို့ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၅၀၀ ကျော်ခန့်မှ ချဉ်းကပ်လာပြီး လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရှင်းလင်းခဲ့ရသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် မောင်တောမြို့ပေါ် ရပ်ကွက်၅ ကာလာဘာ(ဘင်္ဂါလီ) ကျေးရွာတွင် မီးလောင်ကျွမ်းခဲ့ပြီး ၎င်းနေရာမှ လက်လုပ်ဗုံး သုံးလုံး ပေါက်ကွဲခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၄၅ တွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးနောက်ရှိ ဘင်္ဂါလီများနေထိုင်သည့်နေအိမ် ၁၉ လုံး မီးလောင်ကျွမ်းသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်နေစဉ် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများမှ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။

မွန်းလွဲပိုင်းတွင် ကြက်ကျိမ်းရွာဘက်မှ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၅၀ ခန့်သည် ဝက်ကျိမ်းဘုရားတောင်ကြောဘက်သို့ လည်းကောင်း၊

*စာမျက်နှာ ၉ သို့*


အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများထံမှ ဖမ်းဆီးရမိသည့် လက်နက်များကို တွေ့ရစဉ်

**ဩဂုတ် ၂၇ ရက်မှ ၂၈ ရက် အထိ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၄၅ လုံးပေါက်ကွဲခဲ့ပြီး ကျေးရွာခုနစ်ရွာ၊ ကင်းစခန်း တစ်ခုနှင့် မောင်တောမြို့ပေါ်ရပ်ကွက် နှစ်နေရာတို့အား ယင်းအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့**

❊ *ကျောဖုံးမှ*

အတွေ့အကြုံများကိုအခြေခံပြီး အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ နောက်တစ်ကြိမ်ကျင်းပမည့် တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆွေးနွေးကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

**ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းဖြေရှင်းနိုင်ရန် ရည်ရွယ်ကျင်းပသည့် နိုင်ငံရေးစားပွဲဝိုင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်မပြီးဆုံး မချုပ်ငြိမ်းနိုင်သေးသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်သဖြင့် ယနေ့အထိ ဖြစ်ပွားနေခြင်းဖြစ်သည်ဟု ဆိုကြပါကြောင်း၊ ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးစားလျက်ရှိပါကြောင်း၊ နိုင်ငံရေးပြဿနာများ၏ အဖြေမှာ အားလုံးသဘောတူလက်ခံနိုင်သည့် ဖက်ဒရယ်စနစ် တည်ဆောက်ရေးဖြစ်သည်ဆိုသည်ကို အားလုံးက လက်ခံထားကြပါကြောင်း၊ ယနေ့ခေတ်ကျင်းပနေသည့် ညီလာခံသည် အားလုံးလက်ခံနိုင်သည့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်ရေးသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို အဆုံးအဖြတ်ပေးမည်ဖြစ်သကဲ့သို့ အားလုံးလက်ခံနိုင်သည့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ပေါ်ထွက်လာရေးသည် မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်များ၏ အနာဂတ်ကို ဖန်တီးပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ၏ အရေးပါမှုသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ကို ပုံဖော်နိုင်သည်ဖြစ်၍ ယနေ့မိမိတို့အားလုံး ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ညီလာခံဒုတိယအစည်းအဝေးတွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၃၇ ချက်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ညီလာခံကျင်းပမှုပုံစံ၊ မူဘောင်၊ လုပ်ငန်းလမ်းညွှန်များနှင့်ပတ်သက်ပြီး ဝေဖန်မှုအများအပြား ပေါ်ထွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ဤသည်မှာ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် ပထမဆုံးသော နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဤပထမဆုံးသော နိုင်ငံရေးဆွေးနွေးပွဲတွင် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ သဘောတူညီနိုင်ခဲ့သည်မှာ လွယ်ကူလုသည့် လုပ်ငန်းစဉ် မဟုတ်ပါကြောင်း၊ အရေးကြီးသည့် ပထမဦးဆုံးခြေလှမ်းတစ်လှမ်းဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသည် စတင်ခဲ့သည့် ခြေတစ်လှမ်း၏ နောက်တွင် နောက်ထပ်ခြေလှမ်းများကို မိမိတို့ မည်သို့ဆက်ပြီးလှမ်းကြမည်၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ခရီးကို မည်သို့သောခံယူချက်နှင့် လျှောက်လှမ်းကြမည်ဆိုသည်များအတွက် ကြိုတင်ပြင်ဆင်ကြသည့် ဆွေးနွေးပွဲပင် ဖြစ်ပါကြောင်း။

**ဘုံသဘောထားရပ်တည်ချက်**

မိမိတို့အစိုးရအစုအဖွဲ့တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်ဟူ၍ သုံးဖွဲ့ပါဝင်နေပါကြောင်း၊ အရေးကြီးသည့်မူဝါဒပိုင်းများတွင် ခေါင်းဆောင်များအပါအဝင် မိမိတို့အချင်းချင်း ကြိုတင်ဆွေးနွေးညှိနှိုင်းပြီး ဘုံရပ်တည်ချက်ရယူနိုင်ခဲ့သည့်တိုင် ညီလာခံဆွေးနွေးပွဲများရောက်သည့်အချိန်တွင် ကိုယ်စားလှယ်များ၏ တစ်ဦးချင်းစဉ်းစားသုံးသပ် ဆွေးနွေးမှုများကြောင့် ဝိဝါဒကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ခြင်းများရှိပါကြောင်း၊ အစိုးရဘက်ကို အရင်ညှိပါဦးဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းများ ရှိပါကြောင်း၊ မိမိတို့အစုအဖွဲ့ သုံးဖွဲ့ကြားတွင် ပေါင်းစပ်ညှိနှိုင်းမှုများ အားဖြည့်ရန်လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လာမည့် ညီလာခံတတိယအစည်းအဝေးမတိုင်မီ မိမိတို့အချင်းချင်းကျေကျေလည်လည် ဆွေးနွေးထားရန်၊ ယခုကတည်းက ဝိဝါဒကွဲပြားစရာများကို ကြိုတင်ငြင်းခုံ ဆွေးနွေးထားရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ယခုစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ညှိနှိုင်းရန်မှာ ပထမညီလာခံ၏ ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့် (Structure) အပိုင်းရှိပါကြောင်း၊ ဒုတိယအနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Framework) အပိုင်းရှိပါကြောင်း၊ တတိယအနေဖြင့် ပြီးခဲ့သည့် ညီလာခံတွင် သဘောတူညီချက်မရခဲ့သည့် အခြေခံမူများ၊ နောက်လာမည့်ညီလာခံတွင် ပါဝင်သင့်သည့် အခြေခံမူများ အစရှိသည့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ အပိုင်းရှိပါကြောင်း၊ ဤ(၃)ပိုင်းကို ကျေကျေလည်လည်ဖြစ်အောင် ဆွေးနွေးညှိနှိုင်းထားနိုင်မှသာ အစိုးရ-လွှတ်တော်-တပ်မတော်ပါဝင်သည့် အစိုးရအစုအဖွဲ့အနေဖြင့် ဘုံသဘောထားရပ်တည်ချက်ဖြင့် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

**နိုင်ငံနှင့် ပြည်သူကို မျက်နှာမူ**

နိဂုံးချုပ်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တစ်စုတစ်ဖွဲ့တည်းက လိုချင်သည်များ ရာနှုန်းပြည့် အကုန်မရနိုင်ဘဲ အပေး-အယူ၊ အလျှော့-အတင်းများနှင့် ညှိနှိုင်းယူမှ အောင်မြင်နိုင်မည်ဆိုသည်ကို အလေးအနက်ပြောကြားလိုပါကြောင်း၊ မိမိတို့အချင်းချင်းရရှိလာမည့် ဘုံသဘောထားများပင်လျှင် ညီလာခံရောက်လျှင် အလျှော့-အတင်းနှင့် အပေး-အယူလုပ်ရဦးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံနှင့် ပြည်သူကို မျက်နှာမူသည့် နိုင်ငံရေးကို နှလုံးသွင်းကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းအကျဉ်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံပထမအစည်းအဝေးနှင့် ဒုတိယအစည်းအဝေးများကျင်းပခဲ့မှု၊ တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များ၊ တတိယအစည်းအဝေးကျင်းပနိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက စကားဝိုင်းဆွေးနွေးပွဲကျင်းပမည့်အစီအစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးနှင့် ဒုတိယအစည်းအဝေးများ ကျင်းပခဲ့မှုနှင့် တတိယအစည်းအဝေးကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး ဖွဲ့စည်းတည်ဆောက်မှု ပြန်လည်သုံးသပ်ဆွေးနွေးခြင်း (Structure Review)ကို အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ Structure Review (UPDJC, JICM, UPC)နှင့် စပ်လျဉ်း၍ လက်ရှိ Structure ၏ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးရေနှင့် ဆုံးဖြတ်ပိုင်ခွင့်ကိစ္စရပ်များကိုလည်းကောင်း၊ ဖော်ထုတ်တွေ့ရှိချက်များအရ Structure အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာ/သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးက ဆွေးနွေးပွဲများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရှိ သတ်မှတ်နေရာများ၌ သီးခြားစီကျင်းပ၍ ဒုတိယအစည်းအဝေး ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပြုချက်များစုစည်းရာတွင် တွေ့ရှိရသည့် အခက်အခဲများကိုလည်းကောင်း၊ တင်ပြမည့် အဆိုပြုချက်များ ဖော်ထုတ်ရာတွင် တွေ့ရှိရသည့် အခက်အခဲများကိုလည်းကောင်း၊ ကဏ္ဍအလိုက် ဆွေးဆွေးပွဲများတွင် သဘောတူညီမှုမရရှိခဲ့သော မူဝါဒအဆိုပြုချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

**ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များ**

ထို့ပြင် တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍ အဆိုပြုလွှာများကဏ္ဍအလိုက် စုစည်းပြုစုခြင်းဆိုင်ရာများကိုလည်းကောင်း၊ အစည်းအဝေးသို့ တင်ပြသင့်သည့် အဆိုပြုချက်များ ထွက်ပေါ်လာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တတိယအစည်းအဝေးအတွက် သုံးသပ်ခြင်းနှင်စပ်လျဉ်း၍ လုပ်ငန်းကော်မတီများအလိုက် ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ညနေပိုင်းတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာ/သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍအလိုက် ကျင်းပခဲ့သည့် ပထမနေ့ဆွေးနွေးပွဲရရှိမှုများကို ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကို NRPC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက လုပ်သေနတ်ဖြင့် ပစ်ခတ်သဖြင့် မောင်တောမြို့ ဇောတိကာရုံဘုန်းကြီးကျောင်းတွင် ကွမ်းသီးကောက်နေသည့် (မြို) တိုင်းရင်းသား မောင်သန်းလှိုင်အား ဒဏ်ရာရရှိထားမှုကိုတွေ့ရစဉ်**

*စာမျက်နှာ ၈ မှ*

ပဒေးကားရွာဘက်မှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ခန့်သည် မင်းကြီးမြောက်ရွာဘက်သို့လည်းကောင်း ဝင်ရောက်သွားခဲ့သည်။

မောင်တောမြို့ မြို့မကညင်တန်းအုပ်စု ဒီပါရွာရပ်ကွက် မီးလောင်ပြင်နေရာ၌ မိုင်းသုံးလုံး၊ ဇင်ပိုင်ညာလမ်းဆုံတွင် မိုင်းငါးလုံး စုစုပေါင်း မိုင်းရှစ်လုံးဆက်တိုက်ပေါက်ကွဲခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် နယ်မြေ(၉)၊ ကျောက်ပန္နူကျေးရွာတွင် လုံခြုံရေးယူထားသော တပ်ဖွဲ့ဝင်များအား ကျောက်ပန္နူစေတီမှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ကျော်ခန့်က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ခုခံရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများ ကိုင်ဆောင်သည့် လုပ်သေနတ် တစ်လက်၊ ဓားရှည် သုံးချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ကျောက်လှေကားရွာ ပြင်ဖြူရဲစခန်းအနီးရှိ နေအိမ်နှစ်လုံးပေါ်မှနေ၍ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ရဲစခန်းဝင်းအတွင်းသို့ လက်နက်ငယ်ဖြင့် ၁၂ ချက်ခန့်ပစ်ခတ်ပြီး လက်လုပ်မိုင်းသုံးလုံးဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အလားတူ ရွာသစ်ရွာဘက်မှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် ပြင်ဖြူရဲစခန်းဘက်သို့ ခုနစ်ချက်ပစ်ခတ်ခဲ့သည်။

မွန်းလွဲ ၂ နာရီကျော်တွင် နယ်မြေ(၆)ရှိ ရွာသစ်ရွာထဲ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲခဲ့ပြီး အကြမ်းဖက်သမားများက ပြင်ဖြူမြို့နယ်မြေရုံးအား သေနတ်များဖြင့် ၁၂ ချက်ခန့် ပစ်ခတ်ခဲ့သည်။

ညနေ ၃ နာရီ ၁၅ မိနစ်တွင် နယ်မြေ(၁၁) အတွင်းရှိ ရသေ့တောင်မြို့နယ်၊ ချွတ်ပြင်တိုင်းရင်းသားကျေးရွာသို့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦးမှ လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ချွတ်ပြင် ဘင်္ဂါလီရွာဘက်သို့ ပြန်လည်ထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချွတ်ပြင်(ဘင်္ဂါလီ) ကျေးရွာအတွင်းသို့ ဝင်ရောက်ရှင်းလင်းရာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၈၀ ခန့်မှ လက်လုပ်ဗုံး၊ သေနတ်၊ ဓား၊ လှံများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၄၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ၎င်းတို့၏ နေအိမ်များအား ပြန်လည်မီးရှို့ကာ အထက်နန်းရာကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့ပြီး အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများထံမှ လုပ်သေနတ်တစ်လက်၊ ဓား ၂၂ ချောင်း၊ လှံနှစ်ချောင်းနှင့် ဂျင်ကလိများ သိမ်းဆည်းရမိခဲ့သည်။

ညနေ ၆ နာရီတွင် မောင်တောမြို့၊ ဝိမလ တိုင်းရင်းသားရပ်ကွက်အား အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများမှ မောင်တောမြို့ ပျက်စီးရေးအတွက် အကြိမ်ကြိမ်မီးရှို့ခြင်း၊ ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့များသည် မြို့လုံခြုံရေးနှင့် မီးလောင်ဆုံးရှုံးမှုမဖြစ်စေရေးအလေးထား ကာကွယ်ဆောင်ရွက်လျက်ရှိရာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် မီးရှို့ရန်အခွင့်မသာ၍ မောင်တောမြို့မရပ်ကွက်၊ ဇောတိကာရုံ ကျောင်းတိုက်ဝင်းအတွင်း ကွမ်းသီးကောက်နေသည့် မောင်သန်းလှိုင် (၁၆) နှစ်၊ (မြို)တိုင်းရင်းသားအား လုပ်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ယာဘက်ပေါင်တွင် ခဲသီးပေါက်မှန် ဒဏ်ရာ ၁၀ ချက်ရရှိခဲ့သဖြင့် မောင်တောဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်း ၄၅ လုံး ပေါက်ကွဲခဲ့ပြီး ကျေးရွာ ခုနစ်ရွာ၊ ကင်းစခန်းတစ်ခုနှင့် မောင်တောမြို့ပေါ်ရပ်ကွက် နှစ်နေရာတို့အား ယင်းအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ ကြောင်း ထပ်မံရရှိသည့်သတင်းများအား နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မောင်တောမြို့ပေါ်တွင် မီးလောင်မှုဖြစ်ပွားနေစဉ်**

◆ *ကျောဖုံးမှ*

ဩဂုတ် ၂၇ ရက်တွင် ရန်ကာစေတီရွာသို့ သွားရောက်ပြီး ၎င်းရွာ၌ ပုန်းကွယ်ကျန်ရှိနေသော ဦးကျော်သာအောင် ၆၀ နှစ်အပါအဝင် ဒိုင်းနက်လူမျိုး ၃၈ ဦးအား ကူညီကယ်ဆယ်၍ နယ်မြေရုံးသို့ ခေါ်ဆောင်ခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုမှ လွတ်မြောက်လာသည့် ဒိုင်းနက်တိုင်းရင်းသား ရှစ်ဦးနှင့် တိုင်းရင်းသူ ရှစ်ဦး စုစုပေါင်း ၁၆ ဦးမှာ ယနေ့နံနက် ၅ နာရီတွင် နယ်မြေရုံးသို့ ရောက်ရှိလာခဲ့ရာ ၎င်းအနက် မဦးခင်ခင် (၂၇)နှစ် (ဘ) ဦးစံရွှေအောင်တွင် ပြတ်ရှဓားဒဏ်ရာများ ရရှိခဲ့ပြီး စိုးရိမ်ရသဖြင့် ဆေးရုံတက် ကုသမှုခံယူလျက်ရှိကြောင်း၊ စုံစမ်းမေးမြန်းချက်အရ ဦးစိန်ထွန်းမောင် ၂၈ နှစ်အပါအဝင် ငါးဦးမှာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့၏ ဝိုင်းဝန်းထိုးခုတ်မှုကြောင့် ဩဂုတ် ၂၆ ရက်က အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

# ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ လာရောက်မည်

**ရန်ကုန် ဩဂုတ် ၂၈**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်က ယနေ့ မွန်းလွဲပိုင်းတွင် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များနှင့် ဆရာတော်ကြီးများ၏ ဖိတ်ကြားချက်ကို ကြိုဆိုလက်ခံကာ ပုပ်ရဟန်းမင်းကြီးသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ လာရောက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့လာရောက်စဉ် အစိုးရ ခေါင်းဆောင်များနှင့်သာမက ဘာသာရေးခေါင်းဆောင်များ၊ လုပ်သားပြည်သူများ၊ လူငယ်များနှင့်လည်း တွေ့ဆုံနိုင်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ထို့ပြင် ယဉ်ကျေးမှု၊ ဘာသာတရား ခြားနားသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသော မြန်မာနိုင်ငံသည် မင်္ဂလာအပေါင်းခသြောင်းပြီး စည်းလုံးညီညာ ငြိမ်းချမ်းသာယာသော နိုင်ငံအဖြစ်သို့ အလျင်အမြန်ရောက်ရှိမည်ဟုလည်း ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီးသည် မြန်မာနိုင်ငံမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၁၉၃၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် မွေးဖွားခဲ့ပြီး ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ရိုမင်ကက်သလစ်အသင်းတော်၏ ၂၆၆ ပါးမြောက် ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရကြောင်းလည်း သိရသည်။ **သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**







# ကျိုက်ထိုမြို့နယ်တွင် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲကျင်းပ

**ကျိုက်ထို ဩဂုတ် ၂၈**

ကျိုက်ထိုမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ (၇)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲကို ဩဂုတ် ၂၇ ရက်က ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာရှိ ဦးစောကြီးရွှေခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် စစ်ဦးစီးပထမတန်း ဒုတိယဗိုလ်မှူးကြီး ဖြိုးဝေလတ်၊ မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောအောင်ကျော်သိန်းနှင့် ဌာနဆိုင်ရာများ၊ ကျိုက်ထိုမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ နာယကများ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျိုက်ထီးရိုးတောင်တန်းဒေသနေ ကရင်တိုင်းရင်းသူ တိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျိုက်ထိုမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ဦးစောဗန်ဒိုက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောအောင်ကျော်သိန်းနှင့် ကရင်တိုင်းရင်းသားများ မသန်မစွမ်းမှု ကူညီစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးစောအောင်သိန်းတင်တို့က ချည်ဖြူဖွဲ့မင်္ဂလာပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကရင်တိုင်းရင်းသားလူမျိုးများအနေဖြင့် ချည်ဖြူဖွဲ့မင်္ဂလာ(၃)မျိုးကို ရှေးဘိုးဘွားစဉ်ဆက်ကတည်းက ပြုလုပ်ကြပြီး လိပ်ပြာခေါ်လက်ချည်ခြင်း၊ ထိမ်းမြား မင်္ဂလာလက်ချည်ခြင်းနှင့်ဝါခေါင်လလက်ချည်ခြင်းတို့ကို ယုံကြည်မှုအရ ပြုလုပ်လျက်ရှိကြောင်း၊ ယနေ့ချည်ဖြူဖွဲ့လက်ချည်ခြင်းမှာ ဝါခေါင်လလက်ချည်ခြင်းဖြစ်ကြောင်း၊ ဝါခေါင်လလက်ချည်ခြင်းကို ဝါခေါင်လဆန်းမှ လပြည့်ရက်အထိ ပြုလုပ်နိုင်ပြီး မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ ကျေးရွာအုပ်စုအလိုက်သော်လည်းကောင်း ပြုလုပ်လေ့ရှိကြောင်း၊ ယခုလက်ချည်ခြင်းမှာ မြို့နယ်အတိုင်းအတာဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေ့နံ ခုနစ်နေ့ သက်ကြီးဘိုးဘွားများက လိပ်ပြာခေါ်ဂါထာရွတ်ဆို၍ အခမ်းအနားတက်ရောက်ကြသည့် ဧည့်သည်များနှင့် ကရင်တိုင်းရင်းသားတိုင်းရင်းသူများအား ချည်ဖြူများဖွဲ့ချည်ပေးကာ အခမ်းအနားကို ဆက်လက် ကျင်းပခဲ့သည်။ မြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပွဲကိုလည်း အခမ်းအနားတွင် တစ်ဆက်တည်းကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းမောင် (ကျိုက်ထို)**



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးညီညီနှင့်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးညီညီနှင့် အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ဩဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်း၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ခံမှုတို့နှင့် သက်ဆိုင်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးလိပ်ငွေ့ကင်းစင်ရေးလှုပ်ရှားမှု လူထုစက်ဘီးစီးပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၈**

ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ် ပညာရေးဌာနနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆေးလိပ်ငွေ့ကင်းစင်ရေးလှုပ်ရှားမှုအဖြစ် လူထုစက်ဘီးစီးပွဲကို ဩဂုတ် ၂၇ ရက် နံနက်က တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျင်းပခဲ့သည်။

လူထုစက်ဘီးစီးပွဲတွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ စုစုပေါင်း ၄၀၁ ဦး ပါဝင်စီးနင်းခဲ့ကြသည်။

လူထုစက်ဘီးစီးပွဲကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး ဗိုလ်ချုပ်ပန်းခြံရှေ့ပြည်နယ်အားကစားလေ့ကျင့်ရုံမှ စတင်ကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အသွားအပြန် စီးနင်း၍ ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့၌ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ နှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ လေယာဉ်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဘုရင့်နောင် ကုန်စည်ဒိုင်တွင် မတ်ပဲဈေးနှုန်း ပြန်လည်ဈေးဖွင့်

**ရန်ကုန် ဩဂုတ် ၂၈**

ဩဂုတ် ၂၂ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင် အရေးပေါ်အစည်းအဝေးပြုလုပ်၍ ယာယီ အရောင်းအဝယ်ရပ်ဆိုင်းခဲ့သော မတ်ပဲကို လေးရက်ကြာ ဈေးနှုန်းမဖွင့်ဘဲ ရှိခဲ့ရာမှ ဩဂုတ် ၂၆ ရက်တွင် ပြန်လည်ဈေးနှုန်းဖွင့်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်တွင် မတ်ပဲ သုံးတင်းအိတ် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ နှင့် နယ်စုံ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ငွေကျပ် ၁၉၅၀၀ နှုန်းဖြင့် ပဲကုမ္ပဏီတစ်ခုက ဈေးနှုန်းဖွင့်ထားခဲ့ခြင်းဖြစ်ကာ ယင်းဈေးနှုန်းအရဆိုလျှင် မတ်ပဲတစ်တန်ဈေးမှာ ငွေကျပ်ခြောက်သိန်းဖြစ်သည်။

ဩဂုတ် ၂၂ ရက်က မတ်ပဲနှင့် ပဲစင်းငုံနီကို အရောင်းအဝယ် ယာယီပိတ်ခဲ့ရာ ထိုအချိန်အထိ နောက်ဆုံးဈေးနှုန်းမှာ မတ်ပဲ (RC)က တစ်တန် ငွေကျပ် ရှစ်သိန်းနှုန်းနှင့် ပဲစင်းငုံနီ(RC) က တစ်တန် ငွေကျပ် ငါးသိန်းနှုန်း ရှိခဲ့သည်။ ယခုပြန်ဖွင့်ခဲ့သော တစ်တန်လျှင် ငွေကျပ် ခြောက်သိန်းဈေးမှာ အဆိုပါ နောက်ဆုံးဈေးနှုန်းနှင့်ယှဉ်ပါက တစ်တန်လျှင် ငွေကျပ် နှစ်သိန်းခန့် ဈေးလျှော့သွားသည်။ ပဲစင်းငုံမှာမူ ထိုနေ့တွင် ဈေးပြန်ဖွင့်ထားခြင်းမရှိသေးကြောင်း သိရသည်။

ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ယာယီရပ်နားထားချိန်အတွင်း ယခင်အရောင်းအဝယ်ပြုလုပ်ထားသော ကုန်ထုတ်ညွှန်ကြားလွှာပါ ပဲပမာဏများကို တစ်တန်လျှင် ငွေကျပ် ခြောက်သိန်းဝန်းကျင်ဖြင့် ဈေးဖြတ်စာရင်းရှင်းလင်းခြင်း ရှိခဲ့သည်ဟု စိန်ပန်းလမ်းမှ ပွဲရုံလုပ်ငန်းရှင် ဦးလှဟန်က ပြောသည်။

ယခုနှစ် မတ်လကုန်ပိုင်းက ကုန်စည်ဒိုင်ဖွင့်ရက် ခြောက်ရက်အတွင်း မတ်ပဲ (RC) တစ်တန်လျှင် ငွေကျပ် ၁၁ သိန်းဝန်းကျင်ဖြင့် ကုန်သေတ္တာအလုံးရေ ၈၀၀ ဝန်းကျင်ခန့် ရန်ကုန်ပဲဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်အထိ ရန်ကုန်ပဲဈေးကွက်တွင် ဈေးကွက်အနေအထား ကြီးမားခဲ့ကာ ထိုဈေးနှုန်းနှင့်ယှဉ်ပါက လက်ရှိ မတ်ပဲဈေးမှာ အများအပြား ဈေးကျနေသည်။

ပဲဈေးနှုန်းကျနေခြင်းမှာ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှု လျှော့ချ၍ဖြစ်ရာ ပြည်တွင်းပဲဈေးကွက် အမြင့်အနေအထားသို့ရောက်နေချိန်က မိမိနိုင်ငံမှ အဓိကဝယ်လက်နိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှု အနေအထားအပေါ် စောင့်ကြည့်မှု အားနည်းခဲ့သဖြင့် ယခုလိုဖြစ်စဉ်များ ကြုံတွေ့ရခြင်းဖြစ်ကြောင်း ဘုရင့်နောင်မှ ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ကျန်ပဲများ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့်သတင်းကိုလည်း ဩဂုတ် ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

**ခင်ဆိုင်**

# မိတ္ထီလာတွင် ညအချိန်ပြောက်အိုး ပြောက်ဆန်ဖောက်နေမှုများကို တားမြစ်ရန်လိုအပ်

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ညအချိန်၌ မြို့ပေါ်ရပ်ကွက်များနှင့် ဆင်ခြေဖုံးရပ်ကွက်နယ်မြေများတွင် ပြောက်အိုး ပြောက်ဆန် ဖောက်နေမှုများကြောင့် ရပ်ကွက်ဒေသခံများ နေ့စဉ်နားဒုက္ခ စိတ်ဒုက္ခရောက်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ တားမြစ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"နေ့စဉ် ရပ်ကွက်ထဲမှာ ညအချိန် ပြောက်အိုး ပြောက်ဆန် ဖောက်နေတာတွေကြောင့် ရပ်ကွက်ထဲက သက်ကြီးဘိုးဘွားတွေ၊ ကလေးငယ်တွေ နေ့စဉ်နားဒုက္ခ၊ စိတ်ဒုက္ခရောက်နေကြတယ်။ ရပ်ကွက်ထဲမှာ ပြောက်အိုး ပြောက်ဆန် ဖောက်နေတာလည်း လူငယ်တွေ၊ ကလေးငယ်တွေဖြစ်တော့ အန္တရာယ်များတယ်။ ပြောက်အိုး ပြောက်ဆန် ဖောက်သံတွေကြောင့် ထမင်းစားချိန်လည်း ထိတ်လန့်တာမျိုး၊ ဘုရားဝတ်ပြုတာလည်း ကောင်းကောင်းမပြုရတာမျိုးတွေပါ ကြုံနေရတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ပြောက်အိုး ပြောက်ဆန် ရောင်းချသူတွေနဲ့ ဖောက်သူတွေကို တားမြစ်ပေးစေချင်ပါတယ်" ဟု ပြည်သာယာ(မ)ရပ်ကွက်တွင် နေထိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ညအချိန် ပြောက်အိုးဖောက်နေမှုများကို တားမြစ်ရန်လိုအပ်လျက်ရှိလာတွင် ပြောက်အိုးဖောက်လေ့ရှိသည့် သီတင်းကျွတ်ကာလ၌ ပြောက်အိုး ပြောက်ဆန် ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ရန် ဒေသန္တရအမိန့် ထုတ်ပြန်၍ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်စဉ်တားမြစ်ခဲ့ပြီး ယခုအခါ သီတင်းကျွတ်ကာလမရောက်မီပင် မြို့ပေါ်ရပ်ကွက်များတွင် ပြောက်အိုး ပြောက်ဆန်ဖောက်မှုများကြောင့် ရပ်ကွက်ဒေသခံများ နေ့စဉ်နားဒုက္ခ၊ စိတ်ဒုက္ခဖြစ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ ( မိတန္ထီလာ)**

# မြိတ်ပြည်သူ့ဆေးရုံမှ H1N1 လူနာနှစ်ဦး ဆေးရုံမှဆင်းခွင့်ရ

**မြိတ် ဩဂုတ် ၂၈**

မြိတ်ပြည်သူ့ဆေးရုံတွင် ရာသီတုပ်ကွေး (H1N1) ပိုးတွေ့ရှိသူ လူနာနှစ်ဦးအား ပြည်သူ့ဆေးရုံ ကူးစက်ရောဂါကြပ်မတ်ဆောင်အတွင်း ကျန်းမာရေးဝန်ထမ်းများက ဂရုတစိုက် ကုသပေးခဲ့သောကြောင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်သဖြင့် ဩဂုတ် ၂၇ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုလိုက်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းထံမှ သိရသည်။

(H1N1) positive ဖြင့် ကုသပေးခဲ့သည့် လူနာဒေါ်ညိုညိုစန်းမှာ ကျန်းမာရေးအခြေအနေကောင်းမွန်၍ သမားတော်ကြီး ကြည့်ရှုစစ်ဆေးပြီး အခြားသူများကို ကူးစက်နိုင်သည့် ကာလကျော်လွန်ပြီဖြစ်ပါသဖြင့် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီး ကလေးလူနာ မီးမြတ်လုကိုလည်း ကျန်းမာရေးအခြေအနေကောင်းမွန်၍ ကလေးအထူးကုဆရာဝန်ကြီး ကြည့်ရှုစစ်ဆေးပြီး ယင်းနေ့ညနေပိုင်းတွင် ဆေးရုံဆင်းခွင့်ပေးလိုက်ပြီးဖြစ်ကြောင်း ပြည်သူ့ဆေးရုံမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

# တာဝန်ထမ်းဆောင်စဉ်ကျဆုံးသွားသော ရဲတပ်သား၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေပေးအပ်

**လေးမျက်နှာ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲနှင့် အခမ်းအနားတွင် လေးမျက်နှာမြို့နယ်မှ ရခိုင်ပြည်နယ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသော ရဲတပ်သား မင်းသူရနိုင်၏ ကျန်ရစ်သူ မိသားစုအတွက်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပရာ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ပေးအပ်ရာ မိသားစုဝင်တစ်ဦးက လက်ခံရယူသည်။



ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးလှိုင်အေးက လေးမျက်နှာမြို့နယ်မှ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားသော ရဲတပ်သား မင်းသူရနိုင် ကျဆုံးခြင်းအတွက် ဝမ်းနည်းကြောင်း၊ မြို့နယ်အနေဖြင့် ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းနှင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူတစ်ရပ်လုံးက သတိရှိရှိဖြင့် နိုင်ငံတော်၏ တာဝန်ရှိအဖွဲ့အစည်းအသီးသီးနှင့် အတူပူးပေါင်းကာကွယ်သွားရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုးမိုးထွေး(ပြန်/ဆက်)**

# သမီးလှကျွန်းအနီး ငါးဖမ်းရေယာဉ်တစ်စင်း ကျောက်တန်းပေါ်တင်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ သမီးလှကျွန်း(လိပ်ကျွန်း) အနီးတွင် ဩဂုတ် ၂၇ ရက်က ငါးဖမ်းရေယာဉ်တစ်စင်း ဟိုင်းကြီးကျွန်းဘက်သို့ ပြန်လည်မောင်းနှင်လာစဉ် ကျောက်တန်းပေါ်တင်သွားကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာမှ ဦးခင်ထွန်းပိုင်သော မျိုးမြတ်ရတနာ ငါးဖမ်းရေယာဉ်ဖြစ်ပြီး ရေလုပ်သား ၂၅ ဦးလိုက်ပါကြောင်း၊ လူအသေအပျောက်မရှိကြောင်း၊ ကျောက်တန်းပေါ်တင်စဉ် လှိုင်းရိုက်မှုကြောင့် ရေယာဉ်ဝမ်းဗိုက်ပျဉ်တစ်ချပ်သာ ကျိုးသွားခဲ့ကြောင်း သိရသည်။

ယခုအခါ ရေလုပ်သားများကို ဟိုင်းကြီးကျွန်းမြို့သို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်းနှင့် ကျောက်တန်းပေါ်တင်သွားသော ငါးဖမ်းရေယာဉ်အား ပြန်လည်တွဲယူလာနေပြီဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက်လာသဖြင့် မကွေးမြို့မှအိမ်ထောင်စု ၂၀၀ ခန့် ရေဘေးရှောင်

**မကွေး ဩဂုတ် ၂၈**

ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက်လာသဖြင့် မကွေးမြို့မှ အိမ်ထောင်စု ၂၀၀ ခန့် ရေဘေးရှောင်နေရသည်ဟု ဒေသခံများက ပြောသည်။ ဩဂုတ် ၂၁ ရက်မှစတင်၍ မြစ်ရေတက်ခဲ့ပြီး မြို့ဟောင်းရပ်ကွက်မှ အိမ်ထောင်စု ၆၀ ခန့်၊ အောင်မေတ္တာ A အုပ်စုမှ အိမ်ထောင်စု ၅၀ ကျော်နှင့် သဘော်ဆိပ်ကျေးရွာမှ အိမ်ထောင်စု ၅၀ ကျော်တို့ ရေဘေးလွတ်ရာ ပြောင်းရွှေ့နေထိုင်ကြရသည်။

သဘော်ဆိပ်ကျေးရွာတွင် အိမ်ထောင်စု ၁၀၀ ကျော်ရှိပြီး ရွာတစ်ဝက်ကျော် ပြောင်းရွှေ့နေရသည်ဟု သဘော်ဆိပ်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးဝင်းမင်းသိန်းက ပြောသည်။ အောင်မေတ္တာရပ်ကွက် ၈ လမ်းမှ၍ ၁၃ လမ်းအထိ တစ်လမ်းလျှင် ရှစ်အိမ်မှ ၁၀ အိမ်ကျော် ပြောင်းရွှေ့နေကြရကြောင်း ၎င်းထံမှ သိရသည်။

မြို့ဟောင်းရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက "ရေဘေးလွတ်ရာပြောင်းရွှေ့နေရတော့ လောလောဆယ် မိသားစုအလုပ်ပျက်ကြတယ်။ စားရေးနေရေးအခက်အခဲတော့ ရှိကြတယ်။ အဆင်ပြေသလိုပဲ ဖြေရှင်းနေရတယ်။ ယခုအချိန်ထိတော့ ဘယ်အဖွဲ့အစည်းရဲ့ အကူအညီမှမရသေးပါဘူး။ တချို့မိသားစုတွေလည်း အလုပ်အကိုင်မပျက်အောင် လှုပ်ရှားနေကြရတော့ ကျန်တဲ့မိသားစုက ရွှေ့ပြောင်းနေတယ်"ဟု ပြောသည်။

မြို့ဟောင်းရပ်ကွက် ကုန်းမြင့်သည့်နေရာတွင် ယာယီတဲထိုးနေထိုင်ကြပြီး ဆိပ်ကမ်းရပ်နားသည့် ကုန်တင်သဘော်၊ ကျောက်တင် ကျောက်ချလုပ်ငန်းနှင့် ဘိလပ်မြေတင်ချခြင်း၊ ဆန်တင်ချလုပ်ငန်းများကို မှီခိုလုပ်ကိုင်ကြရသည်။ ဧရာဝတီမြစ်ရေ ငါးရက်အတွင်း မြင့်တက်လာခြင်းကြောင့် သဘော်များ ရွှေ့ညောင်ရပ်ကွက်အနီး ရပ်နားကြရသဖြင့် အလုပ်အကိုင်အခက်အခဲများလည်း ကြုံတွေ့နေရကြောင်း မြို့ဟောင်းရပ်ကွက်ဒေသခံများက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံမြို့နယ်မှ လူဦးရေ ၄၀၀၀ ၊ သရက်မြို့နယ်မှ လူဦးရေ ၁၄၇၅ ဦး၊ ကံမမြို့နယ်မှ လူဦးရေ ၁၈၀၀၊ မင်းလှမြို့နယ်မှ လူဦးရေ ၅၈၀၊ မင်းဘူးမြို့နယ်မှ လူဦးရေ ၄၉၇၇ ဦး၊ ရေစကြိုမြို့နယ်မှ လူဦးရေ ၂၁၇၇ ဦး၊ ပခုက္ကူမြို့နယ်မှ လူဦးရေ ၁၀၄၁ ဦး၊ ရေနံချောင်းမြို့နယ်မှ လူဦးရေ ၃၅၀၀၊ ချောက်မြို့နယ်မှ လူဦးရေ ၂၇၀၀ ရေဘေးရှောင်နေရသည်ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ဟံသာလင်း**

# လမ်းပျောက်နေသည့် ကလေးငယ်သုံးဦးကို မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**မန္တလေး ဩဂုတ် ၂၈**

ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်ဇော်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၇ ရက် ည ၈ နာရီခွဲ၌ ကျောက်မီးကျေးရွာ ၉ မိုင်ကွေ့အနီး၊ မန္တလေး-ပြင်ဦးလွင် အတက်လမ်းအတိုင်း အုပ်ထိန်းသူမပါဘဲ လျှောက်သွားနေသည့် ကလေးငယ်သုံးဦးအား တွေ့ရှိသဖြင့် ခေါ်ယူမေးမြန်းခဲ့ရာ မန္တလေး-ပြည်ကြီးတံခွန်မြို့နယ် ၅၁ လမ်း(ဆ) ရပ်ကွက်နေ ဦးထွန်းမင်းအောင်နှင့် ဒေါ်ခင်မျိုးဝေတို့၏သမီး မအေးအေးမြင့် (၁၁ နှစ်) နှင့် ၎င်း၏ညီမဖြစ်သူ မလှရတနာ (၄ နှစ်)၊ မသူဇာလှိုင် (၉ နှစ်) ဖြစ်ကြောင်း သိရသဖြင့် အုန်းချောနယ်မြေရဲစခန်းသို့ ကလေးငယ်သုံးဦးအား ခေါ်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

စခန်းမှူး ရဲအုပ်ဇော်မြင့်နှင့် တာဝန်မှူး ဒုရဲအုပ်အောင်ဇာနည်ကိုတို့၏ စုံစမ်းဆက်သွယ်ရာ ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းဟန်နှင့် ဆက်သွယ်မှုရရှိပြီး အဆိုပါကလေးငယ်သုံးဦးမှာ ၎င်းရပ်ကွက်အတွင်း နေထိုင်သည့် ဦးထွန်းမင်းအောင်၊ ဒေါ်ခင်မျိုးဝေ၏ သမီးငယ် နှစ်ဦးဖြစ်သည့် မအေးအေးမြင့်၊ မလှရတနာနှင့် ဦးဆန်းငွေ၊ ဒေါ်ကြည်စန်းတို့၏သမီးငယ် မသူဇာလှိုင်တို့ သုံးဦးသည် မွန်းလွဲ ၂ နာရီကျော်ခန့်မှ နေအိမ်မှ အပြင်သို့ ထွက်ခွာသွားရာမှ ပျောက်ဆုံးနေကြောင်း စုံစမ်းသိရှိခဲ့ရသဖြင့် ယင်းနေ့ည ၁၀ နာရီကျော်ခန့်တွင် အဆိုပါ ကလေးငယ် သုံးဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပိန်းဂရက်ကြီးကျေးရွာမှ လေးနှစ်သမီးလေး မွေးရာပါရောဂါဆေးကုသရန် အခက်အခဲဖြစ်နေ

**ကျောင်းကုန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွင်းကြီးအုပ်စု ပိန်းဂရက်ကြီးကျေးရွာနေ ဦးအောင်တင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ လေးနှစ်အရွယ် သမီးကလေးသည် မွေးရာပါဦးခေါင်းအတွင်း အရည်ဝင်ရောက်သည့် ရောဂါဝေဒနာခံစားနေရပြီး ခြေထောက်ကလေးများ ဖောင်းကားလာသောကြောင့် ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်ပြသရာ ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ သွားရောက်ပြသရမည်ဖြစ်ကြောင်း ပြောသည်။

သူသည် မွေးပြီး နှစ်လအကြာမှ စတင်ကာ ဦးခေါင်းမှာ အရည်ကြည်ပျော့ကြီးဖြစ်နေပြီး ယခုအချိန်တွင် မာနေပြီဖြစ်ကြောင်း၊ လက်သည်းများ ညှပ်မည်ဆိုလျှင် ငိုကြောင်း၊ နှစ်ခါ သုံးခါလောက် လက်သည်းညှပ်ဖို့ထပ်ပြောလျှင် ဖျားကြောင်း၊ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်များတွင် ရန်ကုန်ဆေးရုံကြီးသို့ ပြသဖူးကြောင်း၊ ယခုအချိန်အထိ ONE TEA နို့ဆီနှင့် အာလူး ဘီစကစ်သာ စားကြောင်း မိခင်ဖြစ်သူက ပြောသည်။

မိဘနှစ်ဦးမှာ ကလေးကို ဆက်လက်ကုသရန် အခက်အခဲဖြစ်နေခြင်းကြောင့် လှူဒါန်းလိုပါက ဖုန်း-၀၉-၇၉၁၄၅၇၃၈၃ နှင့် ၀၉-၄၂၃၅၇၉၆၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကလေးနှင့် ပင်လောင်းမြို့နယ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းရှစ်သောင်း သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ကလေးမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ရဲတပ်ဖွဲ့ဝင်များနှင့် ကလေးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တို့ပါ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၉ နာရီက အောင်သူလင်း မောင်းနှင်သည့် 3L/----- စွမ်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်အား ရပ်တန့်စစ်ဆေးရာ ခရီးသည် မသီရိကိုကို (၃၃ နှစ်) ဟိုဖိုင်ကျေးရွာ ကျေးသီးမြို့နယ်နေသူ၏ ထိုင်ခုံခြေရင်းရှိ လက်ဆွဲအိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ နှင့် ဖုန်းတစ်လုံးကို လည်းကောင်း၊ အလားတူ ခရီးသည် မနာမီး (၄၁ နှစ်)၏ ထိုင်ခုံခြေရင်းရှိ လက်ဆွဲအိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀၊ ဖုန်းတစ်လုံးနှင့် မနာမီးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုကို လည်းကောင်း စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၆ ရက် ည ၁၀ နာရီခန့်ကလည်း ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-အောင်ပန်း သွားကားလမ်း လွယ်ပြားဘီးခွန်ကောက်ခံရေး စခန်းအနီး၌ ပင်လောင်းမှ အောင်ပန်းဘက်သို့ 5C/-------(ရွှေကိန္နရီ)လှိုင်ကော်-ရန်ကုန် ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည် အေးလေး(ခ)လေယာ (၃၃နှစ်) ဘာလဗလိုကျေးရွာ၊ ဖယ်ခုံမြို့နယ်နေသူ၏ ကျောပိုးအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ပင်လောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ကျောင်းဝင်းရေနစ်မြုပ်၍ ကျောင်းများထပ်မံပိတ်ထား

**လက်ပံတန်း ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဇူလိုင်လလယ်ခန့်က မိုးသည်းစွာရွာသွန်း၍ ကျောင်းဝင်းရေနစ်မြုပ်ပြီး ခေတ္တပိတ်ထားခဲ့သော ကျောင်းများသည် ဇူလိုင်လကုန်တွင် ရေကျ၍ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ယခုတစ်ဖန် ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာများအတွင်း ရေထပ်မံဝင်ရောက်၍ ကျောင်းဝင်းများ ရေနစ်မြုပ်ကာ အမကကြည်ကုန်း(၁)၊ အမကကျိုးချောင်း၊ အမကလယ်တီ၊ အမကညောင်ကုန်း(၁)၊ မူလွန်အောင်လံကုန်း(၂) နှင့် အမက ကျွန်းသာယာ စုစုပေါင်းကျောင်းခုနစ်ကျောင်း ထပ်မံ၍ ခေတ္တပိတ်ထားရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၈-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၀၉ | ၇၄ | ၆၉ | ၂၅၂ |
| ၂ | ထိုင်း | ၆၀ | ၇၂ | ၇၄ | ၂၀၆ |
| ၃ | ဗီယက်နမ် | ၅၄ | ၄၁ | ၅၁ | ၁၄၆ |
| ၄ | စင်ကာပူ | ၄၈ | ၄၄ | ၆၃ | ၁၅၅ |
| ၅ | အင်ဒိုနီးရှား | ၃၂ | ၅၄ | ၆၂ | ၁၄၈ |
| ၆ | ဖိလစ်ပိုင် | ၂၃ | ၃၀ | ၅၇ | ၁၁၀ |
| ၇ | မြန်မာ | ၇ | ၉ | ၁၉ | ၃၅ |
| ၈ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉ | ကမ္ဘောဒီးယား | ၁ | ၁ | ၁၀ | ၁၂ |
| ၁၀ | ဘရူနိုင်း | ၀ | ၄ | ၇ | ၁၁ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

# ဆီးဂိမ်းတတိယနေရာလုပွဲအဖြစ် မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယနေ့ကစားမည်

**ကွာလာလမ်ပူ ဩဂုတ် ၂၈**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၉ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်၌ ရှုံးခဲ့သည့် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ဆီလာယန်ကွင်း၊ ဗိုလ်လုပွဲအဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် ထိုင်းအသင်းသည် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရှာအလမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်မျှော်မှန်းခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ထိုင်းကိုရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သောကြောင့် မြန်မာဘောလုံးပရိသတ်အတွက် ကြေးတံဆိပ်ရရှိရန်သာ ကြိုးစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၃ ပြိုင်ပွဲတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ၂၀၁၅ ပြိုင်ပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ပြန်လည် အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်း၏ လက်ရှိခြေစွမ်းကြောင့် မြန်မာ ယူ-၂၂ အသင်းသည် တတိယကြေးတံဆိပ်ဆုအတွက် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အာရုံစူးစိုက်မှုအပြည့်ဖြင့်ကစားမှသာ အနိုင်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၂၂ အသင်းသည် အုပ်စုပွဲများတွင် စင်ကာပူကို နှစ်ဂိုး-ဂိုးမရှိ၊ လာအိုကို သုံးဂိုး-တစ်ဂိုး၊ ဘရူနိုင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲတွင် မလေးရှားကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ဆီမီးဖိုင်နယ်တွင်လည်း မြန်မာအသင်းသည် ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ယခုပွဲကို မြန်မာဘောလုံးပရိသတ်များအတွက် လက်မှတ်ခွဲတမ်း ၄၅၀၀ ရရှိထားသည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဗိုလ်လုပွဲမတက်နိုင်လို့ အားလုံးဝမ်းနည်းနေကြပေမယ့် တတိယလုပွဲမှာ အနိုင်ရဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။ အင်ဒိုနီးရှားအသင်းက အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် ခက်ခက်ခဲခဲကစားရမှာပါ။ အနိုင်ရဖို့ ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

**သတင်း-ရဲရင့်ရှိန်း**



(၂၉)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပြိုင်ပွဲများယှဉ်ပြိုင်ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသည့် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိခဲ့သော မြန်မာ့လက်ရွေးစင် သေနတ်ပစ်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ ဩဂုတ် ၂၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြစဉ် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

# ရုပ်ရှင်အနုပညာရှင်ဘောလုံးအသင်းနှင့် ဗထူးလက်ရွေးစင်ဟောင်းများ ရန်ပုံငွေဘောလုံးပွဲယှဉ်ပြိုင်

**မန္တလေး ဩဂုတ် ၂၈**

စစ်ကိုင်း-မန္တလေး ကားလမ်းပေါ်ရှိ ဗားကရာတိုက်ကျောင်းဆွမ်းစားဆောင် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ရုပ်ရှင်အနုပညာရှင် ဘောလုံးအသင်းနှင့် မန္တလေးမြို့မှ ဗထူးလက်ရွေးစင်ဟောင်းများအသင်းတို့၏ ရန်ပုံငွေဘောလုံးပွဲကို ဩဂုတ် ၂၈ ရက်ညနေ ၄ နာရီက မန္တလေးမြို့ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ရန်ပုံငွေဘောလုံးပွဲ မစတင်မီ နေ့လယ်ပိုင်းမှစတင်၍ အားပေးကြည့်ရှုကြမည့် ပြည်သူများ ဘောလုံးအားကစားဝါသနာရှင်များကို တေးသံရှင် အဆိုတော်၊ သရုပ်ဆောင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် အားကစားကွင်းအတွင်း နေရာယူထားကြသည့် ဘောလုံးဒိုင်လူကြီးများ၊ နှစ်ဖက်အသင်းမှ အားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး ရန်ပုံငွေဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲအပြီးတွင် ရုပ်ရှင်အနုပညာရှင်ဘောလုံးအသင်းက ဗထူးလက်ရွေးစင်ဟောင်းများအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**


## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ယနေ့ကျရောက်သော ကျေးဇူးရှင် ပါကြီးဦးဌေးအောင်၏ (၆၄)နှစ်မြောက်မွေးနေ့မှစ၍ အသက်ရှည်ကျန်းမာ၊ ချမ်းသာ၊ ရောဂါဘယကင်းဝေးပြီး ချစ်ရတဲ့မိသားစုနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ထာဝရနေထိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**ချစ်ဇနီး** - ဒေါ်အေးအေးမြင့် A&T Transportation

**ချစ်သားကြီး**- သက်ထူးအောင်(Director , A&T Transportation Services Group Co.,Ltd)-
လှလှအောင်(Director: Waing Htike Family Trading Co.,Ltd.)

**ချစ်သားငယ်**- သက်ထွေးအောင်(Journey Manager, Shell Myanmar Energy Pte.,Ltd)

## CLAIMS DAY NOTICE
## M.V LE MANS EXPRESS VOY:NO(10)

Consignees of cargo carried by M.V LE MANS EXPRESS VOY: NO(10) are here by notified that the vessel will arrive on about 29-8-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

**မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို** ORIGINAL BILLS OF LADING **များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။**

**သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-**

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အောင်သရဖူ
**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**

လူကြီးသင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

အမှတ်-၁၈၃၊မြေညီအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

**09254009334, 09254009335, 09254009336**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေဧရိယာ(သုည ဒသမ ၂၂၉)ဧက၊ မြေကွက်အမှတ် (၃/၃၀၈၆) ဗိုလ်မှူးချုပ်အောင်သော် ၁၂/ရကန(နိုင်)၀၂၀၈၁၈ (ဘ)အမည် ဦးဖိုးခန့် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ် မြေကွက်ကို ဦးဇော်ဝင်း ၉/မကန(နိုင်)၀၂၇၇၉၉ (ဘ)အမည်ဦးထွန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၀/၂၂-၈-၂၀၁၇) တင်ပြ၍ မြေကွက်အမည်ပေါက် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါယာယီရွှေ့ဆိုင်းကြောင်း အသိပေးကြေညာချက်

၂၇-၈-၂၀၁၇ ရက် မြန်မာ့အလင်းသတင်းစာပါ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်နှင့် တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်တို့အား ယာယီရွှေ့ဆိုင်းထားလျက် ပြန်လည်အသိပေးကြေညာမည်ဖြစ်ပြီး ဝယ်ယူမည့်ပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုချက်များကိုမူ ဤဌာနသို့ ဆက်သွယ်စုံစမ်းမှု ပြုထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

## YBS အထူးယာဉ်မောင်းသင်တန်းအတွက် သင်တန်းသားထပ်မံခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင် YBS ယာဉ်သစ်ကြီးများမောင်းနှင်ရန်အတွက် ယာဉ်မောင်းများအလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ YRTA တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ပါမည်။ အဆိုပါ သင်တန်းကို အောက်ဖော်ပြပါအရည်အချင်းရှိသူများ လျှောက်ထားနိုင်ပါသည်-

(က) 'ခ'လိုင်စင်အနည်းဆုံး(၃)နှစ်သက်တမ်းရှိရမည်။ 'င'လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။
(ခ) အသက် ၂၅နှစ်မှ ၅၅နှစ်အတွင်းရှိရမည်။
(ဂ) ယာဉ်ကြီးမောင်းနှင်သည့်အတွေ့အကြုံရှိသူဖြစ်ရမည်။
(ဃ) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်သူဖြစ်ရမည်။
(င) သင်တန်းပြီးဆုံးအောင်မြင်ပါက YBS၏ကုမ္ပဏီများတွင် အနည်းဆုံး(၃)နှစ် မောင်းနှင်နိုင်သူဖြစ်ရမည်။
(စ) သင်တန်းကာလကို ရက်သတ္တပတ်အတွင်း(၄)ပတ်တက်ရောက်ရမည်ဖြစ်ပြီး (၄)ပတ်သင်တန်းအောင်မြင်လျှင် YBSမောင်းနှင်ခွင့်ကတ်ပြားရရှိပါမည်။
(ဆ) YBSယာဉ်များတွင် သင်တန်းပြီးဆုံးအောင်မြင်ပြီး တစ်ဆက်တည်း(၂)နှစ် မောင်းနှင်သူများအား ကညနတွင် 'င'လိုင်စင်စိစစ်ထုတ်ပေးမည်။

**မှတ်ချက်** - အမျိုးသမီးများလည်းလျှောက်ထားနိုင်ပါသည်။

၂။ **လျှောက်လွှာယူခြင်းနှင့် တင်ရမည့်နေရာ** ။ ။YRTAရုံးချုပ်(ကျိုက္ကဆံစုပါဝမ်းကုန်တိုက်အနီး)၊ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်

၃။ **လျှောက်လွှာတင်ရမည့် ရက်နှင့်အချိန်** ။ ။ ၁-၉-၂၀၁၇ရက်မှ ၁၀-၉-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၄။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက်လျှောက်ထားကြပါရန်နှင့်အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

စိန်စပယ်ဖြူကုမ္ပဏီ(ဟ-15/15 ဟိုမွန်ရပ်ကွက် မူဆယ်မြို့)၏ သွင်းကုန်ကြေညာလွှာ ခရမ်းအမှတ် MN-17-18(V)0518, ID No. 113652 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **စိန်စပယ်ဖြူကုမ္ပဏီ ဖုန်း-၀၉-၇၈၈၃၁၁၅၀၀**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ စတုတ္ထတန်း(A)မှ မနန်းဆိုင်ဖွေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက် ဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်**
**၁၃/မဆတ(နိုင်)၀၃၈၉၈၅**

## အမည်ပြောင်း

လံချားမြို့၊ ရပ်ကွက်(၁)နေ ဦးကုမ္မာ၏ သမီး နန်းမိုဆိုင် ၁၃/လခန(နိုင်)၀၄၇၀၈၆ အား မနန်းစံငင်းဆိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနန်းစံငင်းဆိုင်**
**၁၃/လခန(နိုင်)၀၄၇၀၈၆**

## မွေးသက္ကရာဇ်အမှန်

ဦးဆန်းဝင်း ၁၂/ကတန(နိုင်)၀၃၃၁၆၃၏ သား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အထက(ခွဲ)ညောင်ပင်ကျေးရွာ၊ တက္ကသိုလ်ဝင်တန်းမှ မောင်သဲကိုကို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၄-၂၀၀၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးဇော်မင်း DGSKN-၀၀၉၆၂၄၏သား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အထက(ခွဲ)ညောင်ပင်ကျေးရွာ၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇော်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၃-၂၀၀၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9494 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၂)၊ အဋ္ဌမတန်းမှ မခင်မိုးလွင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွဋ် ၇/လပတ(နိုင်)၁၁၅၁၉၀ဖြစ်ပါသည်။

**ဦးသောင်းထွဋ်**

## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက (ဥသျှစ်ပင်) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးသက်ဝင်းထွန်း ဖြစ်ပါသည်။

**ဦးသက်ဝင်းထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၈-၂၀၁၇ ရက်စွဲပါ ဤသတင်းစာ၏ စာမျက်နှာ (၂၄)တွင် ပါရှိသော (၁၄-၈-၂၀၁၇) ရက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ အများသိစေရန်ကြေညာခြင်းအား ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်းတွင် ကိုယ်စားလှယ်လွှဲစာ ကိုယ်စားရသူ ဦးဇော်ထွန်း အစား ဦးဇော်ထွန်းထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက (ဆင်တဲ) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မောင်ဘုန်းပြည့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကြည် ဖြစ်ပါသည်။

**ဦးဖုန်းကြည်**

**သွေးသည် အသက်**

# ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ဆက်လက်ကြိုးပမ်းမည်ဟု ရက်တေလာဆန်ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၈**

မြောက်ကိုရီးယားနိုင်ငံက မကြာသေးမီတွင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို လုပ်ဆောင်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုသည် ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

မည်သည့်တိုက်ချင်းပစ်ဒုံးကျည်ကိုမဆို စမ်းသပ်ပစ်ခတ်ခြင်းသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်လိုက်ခြင်းပင်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ရပ်ကို ကျူးကျော်ရန်စသည့် အပြုအမူတစ်ခုအနေဖြင့်သာ ရှုမြင်ကြောင်း၊ ထိုသို့စမ်းသပ်ပစ်ခတ်သည့်လုပ်ရပ်တိုင်းသည် အမေရိကန်နှင့် မဟာမိတ်များကို ကျူးကျော်ရန်စနေခြင်းပင်ဖြစ်ကြောင်း ရက်တေလာဆန်က ပြောကြားခဲ့သည်ဟု Fox News သတင်းတွင် ဖော်ပြခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားကို စေ့စပ်ညှိနှိုင်းရေးစားပွဲပေါ်သို့ ရောက်ရှိလာသည်ကိုတွေ့မြင်ခွင့်ရရှိရေးအတွက် တရုတ်နိုင်ငံနှင့်သာမက မဟာမိတ်များနှင့်အတူ လက်တွဲကာ ငြိမ်းချမ်းစွာဖိအားပေးသည့် စစ်ဆင်ရေးကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း တေလာဆန်က ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်ပစိဖိတ် စစ်ရေးညွှန်ကြားမှုအဖွဲ့သည် မြောက်ကိုရီးယားက ပြီးခဲ့သည့် စနေနေ့တွင် ဒုံးကျည်သုံးစင်းကိုစမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သို့သော်လည်း ဒုံးကျည် တစ်စင်းမျှ အန္တရာယ်ရှိသည့်ခြိမ်းခြောက်မှုမျိုးကိုမဖြစ်စေခဲ့ကြောင်း သောကြာနေ့က အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့သည် နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး နောက်တွင် မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှုများကိုထပ်မံပြုလုပ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်



# သင်္ဘောနှစ်စင်းတိုက်မိရာမှ ပျောက်ဆုံးနေသော သင်္ဘောသားများ၏ အလောင်းများကို ဆယ်ယူရရှိခဲ့ပြီဖြစ်ကြောင်း အမေရိကန်ရေတပ်မတော်ပြောကြား

**စင်ကာပူ ဩဂုတ် ၂၈**

အမေရိကန် ရေတပ်ဖျက်သင်္ဘော ဂျွန်မက်ကိန်းသည် မလေးရှားနှင့် စင်ကာပူအနီးရှိ ရေပိုင်နက်အတွင်း၌ ရေနံတင်သင်္ဘောတစ်စင်းနှင့် တိုက်မိခဲ့ပြီးနောက် ဖျက်သင်္ဘောပေါ်တွင်လိုက်ပါလာသည့်သင်္ဘောသား ၁၀ဦး ပျောက်ဆုံးသွားခဲ့ရာ ပျောက်ဆုံးနေသော သင်္ဘောသားများ သေဆုံးသွားကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၎င်းတို့၏အလောင်းများ အားလုံးကို ပြန်လည်ဆယ်ယူရရှိခဲ့ပြီးဖြစ်ကြောင်း အမေရိကန်ရေတပ်က ပြောကြားခဲ့သည်။

အဆိုပါဖျက်သင်္ဘောသည် ပြီးခဲ့သည့် ရက်သတ္တပတ်က စင်ကာပူဆိပ်ကမ်းသို့လမ်းကြောင်းထွက်ခွာ လာခဲ့စဉ် စင်ကာပူအရှေ့ပိုင်း၌ Alnic MC သင်္ဘောနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရေတပ်နှင့် ရေငုပ်တပ်ဖွဲ့ဝင်များက ယူအက်စ်အက်စ်ဂျွန်မက်ကိန်းသင်္ဘောသား ၁၀ ဦးလုံး၏ အလောင်းများကို ရှာဖွေဆယ်ယူနိုင်ခဲ့ကြောင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

သင်္ဘောသားတစ်ဦး၏ အလောင်းကို ရှာတွေ့ခဲ့ပြီး မည်သူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီးနောက်တွင် အမေရိကန်ရေတပ်က ရှာဖွေရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေး ဆောင်ရွက်မှုများကို ရပ်နားလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့သည့် ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့ပြီးနောက်တွင် သင်္ဘောသား၁၀ ဦးတို့၏အလောင်းများကို ရရှိခဲ့သည့်သတင်း ပေါ်ထွက်လာခဲ့သည်။

ပျောက်ဆုံးနေသည့် သင်္ဘောသားများ၏အလောင်းကို စင်ကာပူရှိ ချန်ဂီရေတပ် အခြေစိုက်စခန်း၌ ဆိုက်ကပ်ထားသည့် ဖျက်သင်္ဘော၏ ထိခိုက်ပျက်စီးသွားသည့် ကိုယ်ထည်ပိုင်းရှိ အလုံပိတ်အခန်းတစ်ခုအတွင်း၌ ရှာတွေ့ခဲ့ခြင်းဖြစ်ကြောင်း ရေတပ်မတော်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# သံသယဖြစ်ဖွယ်ဓာတ်ငွေ့ယိုစိမ့်မှု ဗြိတိန်တောင်ပိုင်း ဘာလင်ဂပ်ကမ်းခြေ၌ ဖြစ်ပွား

**လန်ဒန် ဩဂုတ် ၂၈**

ဗြိတိန်နိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းတစ်လျှောက်၌ ယမန်နေ့က သံသယဖြစ်ဖွယ် ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၃၃ ဦး ဆေးရုံတက်ဆေးကုသမှုခံယူနေကြောင်း ဗြိတိန်နိုင်ငံတောင်ပိုင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောခဲ့သည်။

ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ဗြိတိန်နိုင်ငံ တောင်ပိုင်း အရှေ့ဘက် ဆတ်ဇ်စီရင်စုရှိ ဘာလင်ဂပ်ကမ်းခြေတစ်ခုတွင် မြူခိုးငွေ့တန်းတစ်ခု ထွက်ပေါ်လာပြီးနောက် လူ ၅၀ ခန့် ကိုယ်လက်များ နာကျင်ခြင်း၊ မျက်လုံးများ ပူစပ်လာခြင်းနှင့် အသက်ရှုရန်ခက်ခဲလာခြင်း စသည့်လက္ခဏာများ ခံစားရပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြူခိုးငွေ့များမှာ ပင်လယ်ထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း ဆက်ဆတ်ဇ်ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ကမ်းခြေ အနီးဝန်းကျင်ရှိ လမ်းများကို ပိတ်ထားခဲ့ရပြီး အဆိုပါနေရာကို ရှောင်ရှားကြရန် အများပြည်သူသို့ အသိပေးထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဟာရီကိန်းမုန်တိုင်းကြောင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဝါရှင်တန် ဩဂုတ် ၂၈**

ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် ရေကြီးမှုနှင့် ပျက်စီးမှုဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်နယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင် ၃၀၀၀ခန့်ကို အရန်သင့်ပြင်ဆင်ထားကြောင်း တက္ကဆက်မြို့တော်ဝန် ဂရက်ခ်ျအက်ဘော့တ်ကမကြာသေးမီတွင် ပြောခဲ့သည်။

ယမန်နေ့က တက္ကဆက်အရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသနှင့် သိပ်မဝေးသော နေရာတစ်ခုတွင် လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရပြီး ၎င်းသည် ဟာရီကိန်းမုန်တိုင်းဟာဗေးကြောင့် သေဆုံးခြင်းဟုတ်မဟုတ် မသေချာသေးကြောင်း၊ ကျန်းမာရေးအခြေအနေကြောင့်လည်း သေဆုံးခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ယမန်နေ့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဟူစတန်မြို့တော်ဝန် ဆိုင်ဗက်စတာ တာနာက အရေးပေါ် ဖုန်းလက်ခံမှု ၂၀၀၀ ကျော်ရရှိခဲ့ပြီး ခိုကိုးရာနေရာ အတော်များများကို ဖွင့်လှစ်ခဲ့ကြောင်း ပြောခဲ့သည်။



ဟူစတန်နှင့် အနီးဝန်းကျင်ဒေသများ၌ ရေကြီးမှုများ ဆက်လက်မြင့်တက်လျက်ရှိရာ အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့်လည်း ရေဘေးဒုက္ခရောက်နေသူများကို ကူညီကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ရှစ်စင်းနှင့် အရေးပေါ်ရေဘေး တုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့သုံးဖွဲ့က လက်ရှိအချိန်ထိ လူဦးရေ ၁၀၀ ခန့် ကယ်ဆယ်ခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောသည်။ နောက်ထပ် ရဟတ်ယာဉ် ၁၁ စင်းအထိ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ လူဝီစီယာနားပြည်နယ်မှ အခြားရေဘေးကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့လည်း ကူညီရန်ရောက်ရှိနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံရှိ စီရင်စု စုစုပေါင်း ၈၀ ခန့်ကိုလည်း ပြည်နယ်ဘေးဒုက္ခဇုန်များအဖြစ် ကြေညာခဲ့ရကာ ဟူစတန်ဒေသရှိ အရေးကြီးလေဆိပ်များကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်းဟာဗေးကြောင့် ဒုက္ခရောက်ခဲ့ရသောဒေသများ၌ ကယ်ဆယ်ရေးများဆောင်ရွက်ရာနေရာသို့ အမေရိကန်သမ္မတ ဒေါနယ်ထရန့် လာရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောခဲ့သည်။ သမ္မတ ဒေါနယ်ထရန့်၊ ဒုတိယသမ္မတ မိုက်ပန့်နှင့် အရာရှိများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်သည်များကူညီနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယား၌ အိုင်အက်စ်စစ်သွေးကြွများ ဟစ်ဇ်ဘိုလာတို့ထံ အညံ့ခံ

**ဩဂုတ် ၂၈**

ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားကာ အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွများက လက်နက်ချအရှုံးပေးခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်ဟစ်ဇ်ဘိုလာ အုပ်စုများသည် ကွာလာမောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး ထုတ်ပြန်ကြေညာခဲ့ကြောင်း အစိုးရကို ထောက်ခံသည့် အယ်လ်ဝါတန် အီလက်ထရွန်နစ် သတင်းစာက ဖော်ပြခဲ့သည်။

တောင်တန်းဒေသ၌ရှိနေသည့် အိုင်အက်စ်စစ်သွေးကြွများက ညသန်းခေါင်အချိန်တွင် ဟစ်ဇ်ဘိုလာတို့အား လက်နက်ချအညံ့ခံခဲ့ကြောင်း ကြေညာခဲ့ပြီးနောက်တွင် ဆီးရီးယားနိုင်ငံ ကွာလာမောင်ဒေသအတွင်းရှိ ကွာရာနှင့်လစ်ဗျားနယ်စပ်ဘက်အခြမ်းတွင် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် ဒေသစံတော်ချိန်နံနက် ၇ နာရီတွင် ပြီးဆုံးခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

### တိုင်ဖွန်းမုန်တိုင်းပါခါ တရုတ်တောင်ပိုင်းသို့ဝင်

**ပေကျင်း ဩဂုတ် ၂၈**

ယခုနှစ်အတွင်းတရုတ်နိုင်ငံ၏ ၁၃ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ပါခါမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် တိုင်ရှန်မြို့သို့ ယနေ့နံနက် ၉ နာရီတွင် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်း ဝင်ရောက်ခဲ့စဉ်အတွင်း တစ်နာရီလျှင် ၃၃ မီတာနှုန်းဖြင့် လေပြင်းများတိုက်ခတ်ခဲ့သည်။ မုန်တိုင်းအန္တရာယ်ကြောင့် စနေနေ့မှ စတင်ကာ ဒေသရှိကုမ္ပဏီများ၊ အစိုးရအေဂျင်စီများ၊ ကျောင်းများနှင့် အများပြည်သူဆိုင်ရာနေရာများကို ခေတ္တပိတ်ထားခဲ့သည်။ (ဆင်ဟွာ)

### ဆိုမာလီယာအစိုးရက ဝန်ကြီးများ လူမှုမီဒီယာအသုံးပြုခြင်းကို ပိတ်ပင်

**မိုဂါဒစ်ရှူး ဩဂုတ် ၂၇**

ဆိုမာလီယာဝန်ကြီးချုပ် ဟာဆန်ခိုင်ရီသည် အကဲဆတ်သော နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ပတ်သက်၍ ဝေဖန်မှတ်ချက်ပေးမှုများ ပြုလုပ်ရန် လူမှုမီဒီယာကို အသုံးပြုနေမှုများကိုမပြုလုပ်ရန် နိုင်ငံအတွင်းရှိ ဝန်ကြီးများအား အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးချုပ်သည် ၎င်း၏ ရုံးတော်မှ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မီဒီယာများနှင့် ဆက်သွယ်မှု မပြုလုပ်ကြရန်လည်း သတိပေးခဲ့သည်ဟု ဆိုသည်။

အရပ်သား ၁၀ ဦးကို သေဆုံးစေခဲ့သည့် တပ်မတော်၏ စစ်ဆင်ရေးအပြီး သောကြာနေ့တွင် အစိုးရအဖွဲ့ဝန်ကြီးများထံမှဟုယူဆရသည့် မက်ဆေ့များ ဝင်ရောက်လာပြီးနောက်တွင် ဆိုမာလီအစိုးရက လူမှုမီဒီယာ အသုံးပြုမှုကို ပိတ်ပင်သည့် အမိန့်ထုတ်ပြန်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အမှောင်ကွယ်ပျောက် အလင်းရောက်ပါစေသား

တင်လင်းအောင်



အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်ရဲ့ အကြီးဆုံး စစ်အခြေစိုက်စခန်းမှာရှိတဲ့ လေသူရဲများအတွက် အမေရိကန် သမ္မတဒေါ်နယ်ထရန့်ရဲ့ အာဖဂန်ဆိုင်ရာ စစ်ပွဲနည်းဗျူဟာသစ်တစ်ခုကတော့ တာလီဘန်တို့ကို တိုက်စစ်ဖွင့် နှိမ်နင်းချေမှုန်းရေးများ ပြုလုပ်ဖို့ လေကြောင်းစစ်ပွဲ ဆင်နွှဲရေးကို အရှိန်မြှင့်တင်ရေးပဲ ဖြစ်ပါတယ်။

ဒေါ်နယ်ထရန့် အမေရိကန်သမ္မတတာဝန်စတင်ယူချိန် လွန်ခဲ့တဲ့ဇန်နဝါရီလမှစပြီး အာဖဂန်နစ္စတန်နိုင်ငံမှာရှိတဲ့ အကြမ်းဖက်နှိမ်နင်းရေး အမေရိကန် လေကြောင်းချီတိုက်ခိုက်မှုများဟာ သိသိသာသာကိုပဲမြင့်တက်လို့လာခဲ့ပါတယ်။ တိတိကျကျဆိုရမယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့နှစ်က အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တို့ပြုလုပ်ခဲ့တဲ့ အကြမ်းဖက်နှိမ်နင်းရေး လေကြောင်းချီတိုက်ခိုက်မှုများဟာ ၁၀၇၄ ကြိမ်ရှိခဲ့ရာမှ ယခုနှစ် ဩဂုတ် ၂၄ ရက်မှာတော့ ၂၂၄၄ ကြိမ်ထိတိုးမြင့်လို့လာခဲ့ပါတယ်။

အာဖဂန်နစ္စတန် နိုင်ငံပေါ် ကျင့်သုံးနေတဲ့ သူ့ရဲ့မူဝါဒအပေါ် လအတော် ကြာပြန်လည်သုံးသပ်ပြီးနောက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ တာလီဘန် အကြမ်းဖက် သောင်းကျန်းသူများကို အရှိန်မြှင့်တင် တိုက်ခိုက်နှိမ်နင်းဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး လေသူရဲများဟာ တာလီဘန်အကြမ်းဖက်သောင်းကျန်းသူများ ရှိရာကို ပျံသန်းတိုက်ခိုက်နိုင်ဖို့ ဖြစ်နိုင်ခြေရှိတဲ့ အနေအထားများကို ကြိုတင်ပြင်ဆင်ထားကြတယ်လို့ သိရပါတယ်။ ထို့အပြင် ထိုအချိန်ကတည်းကရှိခဲ့တဲ့ အမေရိကန်တွေရဲ့ ပစ်မှတ်များအနက် တစ်ခုကတော့ အာဖဂန်နစ္စတန်နိုင်ငံမှာ ထကြွသောင်းကျန်းနေတဲ့ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ (ဝါ) အိုင်အက်စ် အကြမ်းဖက်သောင်းကျန်းသူ အုပ်စုပဲဖြစ်ပါတယ်။ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံးအကြမ်းဖက်ဝါဒပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်လျက်ရှိပါတယ်။

အစ္စလာမ္မစ် အစွန်းရောက် အကြမ်းဖက် စစ်သွေးကြွအဖွဲ့ရဲ့ အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင်ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ ထိုမှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေထိ တောင်မက တစ်ကမ္ဘာလုံးထိတိုင်အောင် ကူးစက် ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံများမှာဆိုရင် ဖိလစ်ပိုင် မာရဝီမြို့ဟာ လတ်တလောမှာ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်အဖွဲ့များရဲ့ လက်အောက်ကို ကျရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးဟာ အဆိုပါဒေသကို စည်းလုံးမှုသည် အင်အားဆိုသည့် သဘောကို တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များ သိစေရန် တတိယအကြိမ် သွားရောက်ခဲ့တယ်လို့သိရပါတယ်။

အဲဒီမှာ သူဘာပြောခဲ့သလဲဆိုရင် ရန်သူကိုတိုက်ခိုက်တဲ့အခါ၊ အကြမ်းဖက်မှုတွေကိုနှိမ်နင်းတဲ့ အခါမှာ "စည်းလုံးညီညွတ်မှုကို ပြသဖို့ ငါမင်းတို့နဲ့ အတူရှိနေမယ်" လို့ပြောခဲ့ပါတယ်။

ထို့အတူ မွတ်စလင်အများစုကြီးစိုးရာ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း အလားတူ ပဋိပက္ခများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းမှုကို နှောင့်ယှက်ထိပါးစေသော ဆူပူအုံကြွမှုများ မကြာခဏဖြစ်ပွားခဲ့ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကိုပြန်ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ဖို့ တောင်းဆိုခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။ ယနေ့အိန္ဒိယနဲ့ ပါကစ္စတန်ဘာတွေဖြစ်သလဲကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေစိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ။ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေက တစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာမဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာမဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ရာကျမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပါးနပ်စွာလုပ်ကိုင်တတ်ဖို့လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေးမီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေ လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင်အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့ တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်ရယ်လို့ မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့မညှာမတာလုပ်ရပ်တွေကြောင့်ဘဲ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေ မွေးဖွားပေါ်ပေါက်ရာ ဟိုးအရင် အိုစမာဘင်လာဒင်လက်ထက်သာမက ယခုအိုင်အက်စ်အဖွဲ့နဲ့ နာမည်ကြီးရက်စက်ရာမှာ သရဖူဆောင်းတဲ့ တာလီဘန်တို့လက်ထက်မှာလည်း ဆက်လက်နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲရှိပါသေးတယ်။

အကြမ်းဖက်အုပ်စုနှစ်စုကို နှိုင်းယှဉ်လိုက်မယ်ဆိုရင် တာလီဘန်တို့က နှိမ်နင်းရတာပိုခက်ကြောင်း အက်ဖ်-၁၆ လေသူရဲဗိုလ်မှူးကြီး ဒန်နီရယ်လင်ဆေးက ပြောပါတယ်။ တာလီဘန်တွေက လူတွေရဲ့စိတ်ထဲမှာ အိုင်အက်စ်လောက်သိပ်မစွဲသေးတာကလည်း တစ်ကြောင်း နှစ်တော်တော်ကြာ သက်ဆိုးရှည်လာခဲ့သူတွေဖြစ်လာတာကလည်းတစ်ချက်ဆိုတော့ သူတို့ကို နှိမ်နင်းရတာခက်တယ်လို့ ဗိုလ်မှူးကြီး ဒန်နီရယ်လင်ဆေးကပြောတာဖြစ်ပါလိမ့်မယ်။

အကြမ်းဖက်မှုတွေစတင်ဖြစ်ပေါ်ရာနေရာတစ်နေရာဖြစ်တဲ့ အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်ဖွဲ့တွေဟာ အကြမ်းဖက်မှုတွေနှိမ်နင်းနိုင်ရေး ရှေးရှုလျက် အာဖဂန်တပ်ဖွဲ့ဝင်တွေကို သင်တန်းတွေပေး၊ အကြံပေးတွေလုပ်နေတာတွေရှိပါတယ်။ လတ်တလောမှာ အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့များရဲ့တပ်မှူးဗိုလ်ချုပ်ဂျွန်နီကိုလ်ဆန်က ဘာပြောလဲဆိုရင် အာဖဂန်တပ်ဖွဲ့ဝင်တွေကို ကူညီဖို့ လေကြောင်းချီတိုက်ခိုက်မှုများကို ပိုမို လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ရန်သူအကြမ်းဖက်သမားတွေဟာ လေတပ်စွမ်းအားကို ကြောက်တယ်ဆိုတာ မိမိသိတယ်လို့ ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

မကြာသေးမီကမှ ပြုလုပ်ခဲ့တဲ့ အမေရိကန်လေကြောင်းတိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုကို တာလီဘန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကို မေးမြန်းခဲ့ရာ ၎င်းက ဘာပြောလဲဆိုတော့ "အိုဘားမားလက်ထက် လေကြောင်းတိုက်ခိုက်မှုတွေက အတော်လေး အောင်မြင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ သို့သော်လည်း လတ်တလော လေကြောင်း တိုက်ခိုက်မှုမှာတော့ ကျွန်တော်တို့ဘက်က အကျအရှုံးနည်းတယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က သူတို့အထာကို သိနေပြီလေ။ လေကြောင်းတိုက်ခိုက်မှုတွေ လုပ်တဲ့အခါ တောင်ကြားတွေနဲ့ အခြားလွတ်တဲ့နေရာတွေမှာ ရှောင်နေလိုက်တာပဲ" လို့ ပြောခဲ့ပါတယ်။

သူတို့ကို ထိရောက်စွာနှိမ်နင်းနိုင်ဖို့ဆိုရင် မြေပြင်အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်တယ်လို့ တာဝန်ရှိသူတွေက ဆိုပါတယ်။ တာလီဘန်ပဲဖြစ်ဖြစ်၊ အိုင်အက်စ်အကြမ်းဖက်သမားပဲဖြစ်ဖြစ်၊ ဘယ်လိုအကြမ်းဖက်သမားပဲဖြစ်ဖြစ် အမြစ်ပြတ်ချေမှုန်းချင်တယ်ဆိုရင်တော့ နည်းလမ်းကောင်းလေးနဲ့ လုပ်လိုက်ရုံပါပဲဟု ဆိုလာသူကတော့ အက်ဖ်-၁၆ လေသူရဲလင်ဆေးပဲဖြစ်ပါတယ်။

မကြာသေးမီက မိုဆူးလ်မှာရှိတဲ့ အိုက်အက်စ်တွေ ခြေကုပ်ယူထားတဲ့ နေရာအတော်များများကို အစိုးရတပ်ဖွဲ့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့တဲ့ သတင်းကို သတင်းစာတွေ၊ ရုပ်သံဖိုင်တွေမှာ ကြားရ၊ တွေ့ရ၊ သိရပါတယ်။ အဲလိုသက်ဆိုင်ရာ တိုင်းနိုင်ငံ အစိုးရတွေက အကြမ်းဖက်သမားတွေကို ထိရောက်စွာနှိမ်နင်းပြီး မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်နယ်မြေတွေကို ၎င်းတို့လက်ထဲက ပြန်လည်ရရှိတဲ့ သတင်းက ကြားရ၊ သိရ၊ မြင်ရသူအဖို့ ဝမ်းသာစရာကောင်းလှပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေ မဖြစ်အောင်၊ အကယ်၍ဖြစ်ခဲ့ပါကလည်း ထပ်မံမဖြစ်ပွားအောင်၊ အချုပ်အခြာပိုင်နယ်မြေများ အကြမ်းဖက်သမားများ လက်ထဲမကျရောက်ရေး နည်းလမ်းရှာ ရှင်းလင်းထိန်းသိမ်းဖို့ အချိန်ကျရောက်လို့လာပြီဖြစ်ပါတယ်။

အကြမ်းဖက်မှု၊ အကြမ်းဖက်သမားဆိုတာ နေရောင်မလာခင်မှာ တွေ့ရတဲ့ အမှောင်ထုလိုပါပဲ။ ကြာရှည်မခံပါဘူး။ အချိန်တန်တော့လည်း ပျောက်ကွယ်သွားရစမြဲ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။



# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း(၁၂)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းခြင်း**

၃၁။ (က) မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေး တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအား လွှဲပြောင်းခြင်း ပြုနိုင်သည်။ လွှဲပြောင်းခြင်းတွင် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ ပါဝင်သည်။

(ခ) မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအား အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း ပြုနိုင်သည် -

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်း၊

(၂) သေတမ်းစာရေးခွင့်ရှိသူက သေတမ်းစာဖြင့်ပေးခြင်း၊

(၃) ပေးကမ်းခြင်း (သို့မဟုတ်) လှူဒါန်းခြင်း၊

(၄) ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်း၊

(ဂ) စီးပွားရေးဆိုင်ရာအခွင့်အရေးကို မူပိုင်ခွင့်ပိုင်ရှင်က လွှဲပြောင်းခြင်းကို စာဖြင့် ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

၃၂။ မှတ်ပုံတင်ထားသော မူပိုင်ခွင့်အား လွှဲပြောင်းခြင်းကို ပြုလုပ်သည့်အခါ -

(က) လွှဲပြောင်းပေးခြင်းခံရသူသည် ထိုသို့လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများအား ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ရှိသည့်အခါ နှစ်ဦးနှစ်ဖက်က အထောက်အထားစာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၂ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၃)**

**မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးသည့် သက်တမ်းများ**

၃၄။ ဖျော်ဖြေသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးကို ရရှိစေရမည် -

(က) အောက်ပါအချက်တစ်ရပ်ရပ်ကိုပြုလုပ်၍ ထုတ်လွှင့်ခြင်း သို့မဟုတ် ဆက်သွယ် ပို့လွှင့်ခြင်းမှတစ်ပါး အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(၁) ဖျော်ဖြေသူ၏ ခွင့်ပြုချက်ဖြင့် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံပေါင်းစပ်ထည့်သွင်း ပြုလုပ်ထားခြင်း သို့မဟုတ် သက်ဆိုင်ရာဖျော်ဖြေသူ၏ ခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ ကိစ္စရပ်များကို ပြုလုပ်ခြင်း၊

(၂) ဖျော်ဖြေတင်ဆက်မှုကို စတင်ထုတ်လွှင့်သည့်အဖွဲ့အစည်းကကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ ထပ်မံထုတ်လွှင့်ခြင်း၊

(ခ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂ) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကို နည်းလမ်း သို့မဟုတ် ပုံစံတစ်မျိုးမျိုးဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(ဃ) ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသည့် မိတ္တူကိုယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်း ပြုလုပ်ထားသည်မှတစ်ပါး မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏ မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ချိခြင်း၊

(င) အခကြေးငွေဖြင့် ငှားရမ်းထားသည့် မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ရှိစေကာမူ မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ် အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(စ) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း ပြုထားသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်၌ ဝိုင်ယာကြိုးဖြင့် သို့မဟုတ် ဝိုင်ယာကြိုးမဲ့နည်းဖြင့် သို့မဟုတ် အခြားဆက်သွယ်မှု နည်းစနစ်တစ်ခုခုဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း၊

၃၅။ ဖျော်ဖြေသူ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုရာတွင် ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေ တင်ဆက်မှုကို ပါဝင်ထည့်သွင်းရန် တစ်ကြိမ် သဘောတူပြီးဖြစ်ပါက ဖျော်ဖြေသူနှင့် ထုတ်လုပ်သူတို့အကြား ဆန့်ကျင်ကွဲလွဲသောသဘောတူညီချက်မရှိလျှင် ဖျော်ဖြေသူသည် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များနှင့် ထပ်မံ၍ သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ဖျော်ဖြေသူသည် မိမိ၏စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူ မိမိ၏ တိုက်ရိုက်သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် သီဆိုဖျော်ဖြေတင်ဆက်မှုနှင့်စပ်လျဉ်း၍ အသုံးပြုသည့်နည်းလမ်း အရ စည်းကမ်းချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင် မိမိ၏ ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်နိုင်သည့် ဖျော်ဖြေသူ၏ မူလပုံပန်းသဏ္ဌာန်နှင့် အနှစ်သာရပျက်ယွင်းစေခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြုပြင်ခြင်းကိုလည်း ကန့်ကွက်ပိုင်ခွင့်ရှိသည်။

(ဂ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရမည့် ကာလသည် ဖျော်ဖြေတင်ဆက်မှုကို ဖိုနိုဂရမ်တွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း ပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ထိုသို့ အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း မပြုသည့်ကိစ္စတွင် ဖျော်ဖြေသည့်နှစ် ကုန်ဆုံးသည့်အချိန်မှစ၍ နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဖြစ်ရမည်။

(ဃ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဖျော်ဖြေသူများအား ၎င်းတို့၏ ဖျော်ဖြေမှုနှင့် စပ်လျဉ်း၍ ပိုမိုဦးစားပေးသည့် စည်းကမ်းချက်များ သတ်မှတ်ပြီး ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းအပေါ် သက်ရောက်မှု မရှိစေရ။

၃၆။ ဖိုနိုဂရမ်ထုတ်လုပ်သူ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) ထုတ်လုပ်သူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများ ရရှိရမည် -

(၁) ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း သို့မဟုတ် ပုံစံနှင့်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(၂) ဖိုနိုဂရမ်မိတ္တူများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) ထုတ်လုပ်သူသည် မိမိ၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးဖြစ်သော ဖိုနိုဂရမ်မူရင်း သို့မဟုတ် မိတ္တူမှတစ်ပါး ဖိုနိုဂရမ်၏မူရင်း သို့မဟုတ် မိတ္တူများကို အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၄) အခကြေးငွေဖြင့် ငှားရမ်းထားသည့် ဖိုနိုဂရမ်မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ရှိစေကာမူ ယင်းမိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(၅) ဖိုနိုဂရမ်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့်အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

(ခ) ဖိုနိုဂရမ်ကို ထုတ်ဝေသည့် အချိန်မှစတင်၍ ထိုသို့ထုတ်ဝေသည့် နှစ်နှင့် တစ်ဆက် တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်းမပြုရသေးလျှင် ဖိုနိုဂရမ်ကို အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဤဥပဒေအရ ဖိုနိုဂရမ် ထုတ်လုပ်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

၃၇။ ထုတ်လွှင့်သည့် အဖွဲ့အစည်း၏အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(၁) ထုတ်လွှင့်ချက်ကို ထပ်မံထုတ်လွှင့်ခြင်း၊

(၂) ထုတ်လွှင့်ချက်ကို အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(၃) ထုတ်လွှင့်ချက်ကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း၊

(၄) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းအား မူပွားခြင်း။

(ခ) အများပြည်သူမှ တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရန် မရည်ရွယ်သည့် ဂြိုဟ်တုမှ ထုတ်လွှင့်ချက်ကို တရားဝင်လက်ခံရယူနိုင်သည့် အဖွဲ့အစည်းမှ ဖမ်းယူပြီး ကေဘယ်လ်ကြိုးဖြင့်ဖြစ်စေ၊ ဆက်သွယ်ပို့လွှင့်ခြင်းဖြင့်ဖြစ်စေ ဆက်သွယ်ပို့လွှင့် နိုင်သည်။ ထိုသို့ဆက်သွယ်ပို့လွှင့်ခြင်းကို အဆိုပါအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။

၃၈။ ပုဒ်မ ၃၄၊ ၃၅၊ ၃၆၊ ၃၇ နှင့် ၃၉ တို့ပါ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါပြုလုပ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) လတ်တလော သတင်းအချက်အလက်များကို သတင်းအဖြစ် ပေးပို့ရန်သင့်လျော်မျှတသည့် ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို အသုံးပြုခြင်း၊

(ခ) သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်သာ မူပွား ခြင်း၊

(ဂ) ပညာသင်ကြားရေးနှင့် သင်ကြားမှုအထောက်အကူပစ္စည်းအဖြစ် ထုတ်ဝေပြီးဖြစ်သော ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့အတွက်မှတစ်ပါး မျက်နှာချင်းဆိုင် ပညာသင်ကြားရေးအတွက်သာ ရည်ရွယ်လျက် မူပွားခြင်း၊

(ဃ) ဤဥပဒေ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များအရ အသုံးပြုသည့် စာပေအနုပညာလက်ရာများတွင် ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်များကို ထည့်သွင်းအသုံးပြုခြင်း။

၃၉။ (က) စီးပွားရေးအလို့ငှာ ရည်ရွယ်၍ ဖြန့်ချိထားသော သို့မဟုတ် ပြန်လည်ထုတ်လုပ်ထားသော ဖိုနိုဂရမ်တစ်ခုကို အသံလွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူကို ဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုပြီးပါက ဖျော်ဖြေသူ သို့မဟုတ် ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့အား မျှတသည့်အခကြေးငွေကို အသုံးပြုသူက တစ်ကြိမ်ပေးဆောင်ရမည်။

(ခ) ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့ အချင်းချင်းအခြားနည်းဖြင့်သဘော တူညီမှုမရှိလျှင် ပုဒ်မခွဲ(က)အရ အသုံးပြုမှု အတွက်ရရှိသည့် အခကြေးငွေအား ထုတ်လုပ်သူမှ ဖျော်ဖြေသူများအား တစ်ဝက်ပေးရမည်။

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ်အသုံးပြုမှုအတွက် ရရှိမည့် အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ်စတင်ထုတ်ဝေသည့် အချိန်မှစ၍ ထိုနှစ်နှင့်တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါ ဖိုနိုဂရမ်ကိုမူ ပုဒ်မ ၃၅(ဂ) အရ ဆက်လက်ကာကွယ်မှုပေးမည်။

(ဃ) ဤပုဒ်မအရ ဝိုင်ယာဖြင့်ဖြစ်စေ၊ ဝိုင်ယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူရရှိ ခံစားနိုင်စေရန် ပြုလုပ်ထားသော ဖိုနိုဂရမ်များကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်တို့၌ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအား စီးပွားရေးအလို့ငှာ ထုတ်ဝေခြင်းဟု မှတ်ယူရမည်။

(င) ပုဒ်မ ၃၄ ပုဒ်မခွဲ(စ) အရ ဖိုနိုဂရမ် အသုံးပြုမှုအတွက် အကာအကွယ်ပေးထားသော သီးသန့်အခွင့်အရေးသည် ဤပုဒ်မ၏ပုဒ်မခွဲ(က) နှင့် မသက်ဆိုင်စေရ။

**အခန်း(၁၄)**

**မူပိုင်ခွင့်အခွင့်အရေးရရှိသူကိုဖော်ပြသည့်သတင်းအချက်အလက်များနှင့် နည်းပညာဖြင့် ကာကွယ်ထားသောအစီအမံများကို အကာအကွယ်ပေးခြင်း**

၄၀။ (က) မူပိုင်ခွင့် အခွင့်အရေးရရှိသူကိုဖော်ပြသည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ -

(၁) အီလက်ထရွန်နစ်ဆိုင်ရာ မူပိုင်ခွင့်အခွင့်အရေးရရှိသူကို ဖော်ပြသည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ၊

(၂) ဤဥပဒေအရ အကာအကွယ်ပေးထားသည့် မူပိုင်ခွင့်လက်ရာများ သို့မဟုတ် အခြားကိစ္စရပ်များအပေါ် ပုဒ်မခွဲငယ် (၁) အရ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း၊ ဖြန့်ချိရန်တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း မပြုရ။

(ခ) ပုဒ်မခွဲ(က)ပါ အချက်များသည် ပြည်သူလူထုနှင့် သက်ဆိုင်သော မူဝါဒ သို့မဟုတ် လုံခြုံမှုအတွက် ဥပဒေအရ ခွင့်ပြုထားသော အစိုးရ၏ မည်သည့်ဆောင်ရွက်မှုကိုမျှ မသက်ဆိုင်စေရ။

၄၁။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများနှင့်စပ်လျဉ်း၍ -

(က) ထိရောက်သောနည်းပညာဖြင့် ကာကွယ်ထားသော အစီ အမံများမှ ရှောင်လွှဲခြင်း၊ ရှောင်ရှားခြင်း၊ ဖယ်ရှားခြင်း၊ သက်ရောက်မှု မရှိစေခြင်း၊ ပျက်စီးစေခြင်း မပြုရ၊

ရှင်းလင်းချက်။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်းဆိုရာတွင် ပုံစံဖျက်ထားသော မူပိုင်ခွင့်လက်ရာများ၊ မူပိုင်ခွင့်နှင့် ဆက်စပ်သည့် အခွင့်အရေး ဆိုင်ရာလက်ရာများအား မူရင်းပုံစံ ပြန်လည်ရရှိစေ ရန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရုပ်စုံကျောင်းနှင့် စလေ

မောင်သာ(ရှေးဟောင်းသုတေသန)

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိသည့် စလေမြို့သည် ပုဂံမြို့မှ တောင်ဘက်သို့ ၃၄ မိုင်၊ ချောက်မြို့မှ တောင်ဘက်သို့ ငါးမိုင်ကွာဝေးပြီး ပုဂံမှ မော်တော်ကားဖြင့်သွားလျှင် မိနစ် ၉၀ ကြာမြင့်သည်။ စလေ ဦးပုည၊ စလေဆီးသီးနှင့် စလေရုပ်စုံကျောင်းတို့သည် စလေမြို့နှင့်စပ်လျဥ်း၍ ထင်ရှားသည့်အမှတ်လက္ခဏာများ ဖြစ်ကြပေသည်။

မြန်မာ့စွယ်စုံကျမ်းတွင် စလေသည် ပြည်တွင်းသင်္ဘောဆိပ်မြို့ဖြစ်ပြီး ပဒေသရာဇ်ခေတ်ထွန်းကားခဲ့စဉ်က မြို့ငယ်အဖြစ်တည်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ပုဂံခေတ် စလေမင်းခွေးကို အကြောင်းပြု၍လည်းကောင်း၊ ကုန်းဘောင်ခေတ်နှောင်းစာဆို ဦးပုည၏ ဇာတိအဖြစ်လည်းကောင်း၊ အစေ့မရှိသော စလေဆီးသီးကြောင့်လည်းကောင်း စလေသည် ထင်ရှားသောမြို့တစ်မြို့ဖြစ်လာခဲ့သည်။

**ရုပ်စုံကျောင်း**

မြန်မာနိုင်ငံအတွင်းရှိ များပြားလှသော ဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဖြစ်တော်စဉ်များ၊ ၅၅၀ နိပါတ်တော်လာ ဇာတ်ခန်းများကို သရုပ်ဖော်ထုလုပ်ထားသည့် သစ်သားပန်းပုရုပ်များဖြင့် အလှဆင်ထားသော ကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်ဆိုသည်။ ရုပ်စုံကျောင်းများအနက် မန္တလေးတောင်ခြေရှိ မန္တလေးရုပ်စုံကျောင်း၊ စစ်ကိုင်းတောင်ရိုးရှိ စစ်ကိုင်းရုပ်စုံကျောင်း၊ မင်းဘူး-စလင်း ကားလမ်းအနီးရှိ စကုရုပ်စုံကျောင်း၊ စလင်းမြို့ ဝက်သည်းကန်အနီးမှ စလင်းရုပ်စုံကျောင်းနှင့် စလေမြို့ရှိ ပန်းပုရုပ်စုံကျောင်းတို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

စလေမြို့တွင်တည်ရှိသည့် ကုန်းဘောင်ခေတ်လက်ရာ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းအနက် ရုပ်စုံကျောင်းသည် ရတနာပုံခေတ်လက်ရာ အဆောက်အအုံတစ်ခုဖြစ်သည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ၂၀၁၃ ခုနှစ် ဇွန်လအထိ စာရင်းများအရ စလေမြို့တွင် ရှေးဟောင်းအဆောက်အအုံ ၁၉ ခု ထိန်းသိမ်းထားပြီး စလေရုပ်စုံကျောင်းကို ၁၉၉၂ ခုနှစ်မှစ၍ ပြန်လည်မွမ်းမံခဲ့ကာ ၁၉၉၅ ခုနှစ်တွင် ပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့သည်။ စလေမြို့တွင် ယခင်ကရှိခဲ့သည့် ဦးပုညကျောင်းသည် မီးလောင်ပျက်စီးခဲ့ပြီး စာကြည့်တိုက်အုတ်ကျောင်း(ဦးပုညပိဋကတ်တိုက်)မှာမူ ယခုတိုင်တည်ရှိနေကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။


စလေရုပ်စုံကျောင်းကိုမြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စလေမြို့ မြောက်ရပ်မှ ကုန်သည်ဦးဘိုးကြည်က သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏ သီတင်းသုံးရန် တည်ဆောက်ခဲ့ရာ ဆောက်လုပ်ချိန် ၁၀နှစ်ကြာခဲ့ပြီး ၁၂၅၄ ခုနှစ် တွင် ပြီးစီးခဲ့သည်။ ရုပ်စုံကျောင်း တည်ဆောက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်ကို ‘အောင်ကျော်လှဝင်း ရုပ်စုံခင်း’ ဟု မှတ်သားခဲ့ကြသည်။

အလှူရှင်ဦးဘိုးကြည်သည် ပန်းပုရုပ်စုံကျောင်း ဆောက်လုပ်၍ ဆရာတော်ဦးဂုဏအား လှူဒါန်းခွင့်ပြုပါရန် သီပေါမင်းထံလျှောက်ထားခဲ့ရာ သီပေါဘုရင်က ကျောင်းတော်ကြီးဆောက်လုပ်ရန်လိုအပ်မည့် ကျွန်းသစ်များကို နိုင်ငံပိုင်သစ်တောမှ အခွန်အခမဲ့ခုတ်ယူခွင့်ပြုသည့် စာချွန်တော်ကိုထုတ်ပြန်ကာ အလှူတော်ပါဝင်ခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းများဆောက်လုပ်လှူဒါန်းရာတွင် ကျောင်းထိုင်မည့်ပုဂ္ဂိုလ်၏ဂုဏ်ရည်ကို မူတည်လျက် ကျောင်း၏အရွယ်အစားနှင့် တည်ဆောက်မွမ်းမံပုံကို ကန့်သတ်ချက်များထားရှိခဲ့သည်။ ဂိုဏ်းထောက်ဆရာတော် ဦးဂုဏကို လှူဒါန်းမည့်ကျောင်းသည် လှေကားလေးစင်းတပ် အိမ်တော်ပုံကျောင်းဖြစ်သည်။

ရှေးခေတ်ကဘုရင်များသည် မိမိတို့ဘုရင်ဖြစ်လာချိန်တွင် မင်းသားဘဝကနေခဲ့သည့် အိမ်များကို သံဃာတော်များအား လှူဒါန်းလေ့ရှိခဲ့သည်။ ဘုရင်မဖြစ်မီ အိမ်ရှေ့မင်းသားဘဝက နေထိုင်ခဲ့သည့် အိမ်များကို အိမ်တော်ဟု ခေါ်ဆိုပြီး အိမ်တော်ပုံကိုအတုယူ၍ ဆောက်လုပ်သော ကျောင်းများကို အိမ်တော်ပုံကျောင်းဟု ခေါ်ဆိုသည်။

ဦးဘိုးကြည်သည် သီပေါမင်းထံမှ အခွင့်ရလျှင် ကျွန်းသစ်များခုတ်ယူ၍ ထိုစဉ်က စလေမြို့အပိုင် တညောင်ရွာမှ လက်သမားများဖြင့် ကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့သည်။ ကျောင်းတော်ကြီးကို ပျမ်းမျှ ခြောက်ပေ လုံးပတ်ရှိသည့် ကျွန်းတိုင် ၁၅၄ လုံးဖြင့် တည်ဆောက်ခဲ့ပြီး ကျောင်း၏ အရွယ်အစားမှာ အလျား ၁၅၂ ပေ၊ အနံ ၇၆ ပေဖြစ်သည်။ ကျောင်းတော်ကြီးဆောက်လုပ်ရာတွင် အသုံးပြုမည့် ရိုက်သံများကို တညောင်ရွာ ပန်းပဲဖိုတွင် ပြုလုပ်ခဲ့ပြီး အရှည် တစ်လက်မခွဲမှ ၁၃ လက်မအထိ ရှိသည်။



စလေရုပ်စုံကျောင်းတော်ကြီး

**စလေရုပ်စုံကျောင်း ဖွဲ့စည်းပုံ**

စလေရုပ်စုံကျောင်းကို ကျောင်းဦးပြာသာဒ်၊ စနုဆောင်၊ ဆောင်ပု၊ ဆောင်လု(ဇေတဝန်ဆောင်)၊ ဆောင်မ(ထွန်းဆောင်)၊ ခုံးဆောင်နှင့် အနောက်ဆောင် (ရေလယ်ဆောင်) ဟူ၍ အဆောင်ခုနစ်ဆောင် ဖွဲ့စည်းတည်ဆောက်ထားသည်။ အဆောင်များ၏ပတ်လည်၌ စင်္ကြံပတ်လမ်းနှင့် လသာဆောင်ကို ထုတ်ထားသည်။ စင်္ကြံပတ်လမ်းတွင် စိုက်ထူထားသည့်တိုင်များကို မိုးရေဝင်ရောက်၍ ဆွေးမြည့်ခြင်းမှ ကာကွယ်နိုင်ရန် သဲကျောက်တိုင်ဖုံးများအုပ်ထားပြီး မူလတိုင်ဖုံးများသည် မင်းသား၊ ဇော်ဂျီစသည့် အရုပ်များကို လက်ရာမြောက်စွာ ထုဆစ်ထားသည့် သဲကျောက်များဖြစ်သည်။ နောက်ပိုင်းတွင် ပျောက်ဆုံးပျက်စီးသွားသည့် တိုင်ဖုံးများနေရာတွင် ခေါင်းလောင်းပုံတိုင်ဖုံးများဖြင့် အစားထိုးခဲ့သည်။

စလေရုပ်စုံကျောင်းတွင် အုတ်လှေကားလေးစင်းရှိပြီး လှေကားတစ်စင်းစီတွင် နရားရုပ်နှစ်ရုပ်စီကို လက်ရန်းများအဖြစ် တပ်ဆင်ထားသည်။ မြောက်ဘက်မျက်နှာစာ နရားရုပ်နှစ်ရုပ်၏ ပါးစပ်သည် ဟနေသည့်ပုံဖြစ်ပြီး တောင်ဘက်မျက်နှာစာရှိ လှေကားနှစ်စင်းမှ နရားရုပ်နှစ်ရုပ်သည် ပါးစပ်ပိတ်နေကြသည်။ နရားများ၏ ပါးစပ်အဖွင့်အပိတ်သည် လှေကားအဆင်းနှင့်အတက် ခွဲခြားထားသည့် လက္ခဏာဖြစ်သည်။ ကျောင်း၏အနောက်တောင်ဘက်တွင် ယခင်က မီးတင်းကုတ်တစ်ခုရှိခဲ့သည်ဟုဆိုသော်လည်း ယခုအခါ မတွေ့ရှိရတော့ပါချေ။

ကျောင်း၏ မြောက်ဘက်မျက်နှာစာ၌ အရှေ့မှအနောက်အထိ လက်ရန်းတိုင်များနှင့် ခုံးဆောင်အဝင်တံခါးများတွင် ရတနာပုံခေတ်လက်ရာ ပန်းပုရုပ်များကို မြင်တွေ့ကြရသည်။ ၅၅၀ နိပါတ်တော်နှင့် ဓမ္မပဒတို့မှ ဖြစ်စဉ်များကို ကောက်နုတ်ထုလုပ်ထားသည့် ပန်းပုရုပ်များ၏ မျက်နှာအမူအရာများသည် ထင်ရှားပေါ်လွင်နေကြပေသည်။

သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏသည် ငါးပါးအာရုံ ကာမဂုဏ်၌ နစ်မှုန်းမသိနစ်မွန်းနေကြသူများအား ကာမဂုဏ်ကျူးလွန်မှုများကို ရှက်ကြောက်စေရန်နှင့် သံဝေဂရရှိကြစေရန် ပန်းပုရုပ်များကိုထုလုပ်စေခဲ့သည်ဟု ဆိုသည်။ ရုပ်စုံကျောင်းကြီးကို စလင်းဒေသ တညောင်ရွာမှ လက်သမားများက ဆောက်လုပ်ခဲ့ကြပြီး ပန်းပုရုပ်များကို ပခုက္ကူနှင့် ရေစကြိုနယ်မှ ပန်းပုဆရာများက ထုလုပ်ခဲ့ကြသည်။

**ဦးဂုဏနှင့် ရုပ်စုံကျောင်း**

ဦးဂုဏသည် မင်းတုန်းမင်းကြီးနှင့် စိန်တုံးမိဖုရားတို့ ကိုးကွယ်ခဲ့သည့် ဆရာတော် ဖြစ်သည်။ စလေနှင့် တလုပ်မြို့တို့ကို အပိုင်စားရခဲ့သည့် စိန်တုံးမိဖုရားသည် အပျိုတော်ဘဝကပင် ဦးဂုဏကို ကြည်ညိုခဲ့သည်။ စိန်တုံးမင်းသမီးသည် မိဖုရားဖြစ်လာချိန်တွင် ဆရာတော်ဦးဂုဏအား နေပြည်တော်တွင် ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။ ဆရာတော်က မူလသီတင်းသုံးရာ စလေ ဒက္ခိဏဝံကျောင်းတိုက်နှင့် ဆင်မကြပ်ကန်တောရကျောင်းတို့၌သာ တစ်လှည့်စီသီတင်းသုံးလိုကြောင်း မိန့်ကြားခဲ့သဖြင့် စိန်တုံးမိဖုရားသည် စလေမြို့ရှိ ဆင်မကြပ်ကန်တောရတွင် ဇေတဝန်ကျောင်းပုံသဏ္ဌာန် တောရကျောင်းကို ဆောက်လုပ်ခဲ့ရာ ဂိုဏ်းထောက်ကန်တောရဟု ထင်ရှားခဲ့သည်။ မင်းတုန်းမင်းကြီးက ယင်းတောရကျောင်း ထက်ဝန်းကျင် တာ ၁၀၀၀ နယ်မြေအဝန်းအဝိုင်းကို ဘေးမဲ့ရေိယာအဖြစ် သတ်မှတ်ခဲ့သည်။

ဆရာတော်ဦးဂုဏသည် စလေမြို့ ဒက္ခိဏဝံကျောင်းတွင် ပရိယတ္တိစာပေများကို ခုနစ်ရက်ပို့ချပြီးတိုင်း ဂိုဏ်းထောက်တောရသို့ကြွကာ ခုနစ်ရက် တောရဆောက်တည်လေ့ရှိခဲ့သည်။ ထိုသို့သီတင်းသုံးနေစဉ် မြန်မာသက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် ကတ္တူလှေပိုင်ရှင် ဦးဝိုက်နှင့် ဇနီး ဒေါ်အိမ်ကြွယ်တို့က အဆောင်ကိုးဆောင်ပါရှိသည့် ကိုးဆောင်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လုပ်သည့် မြန်မာသက္ကရာဇ်ကို အောင်ကျော်စံအောင်ရွှေကိုးဆောင်”ဟု မှတ်သားခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပရေး တာဝန်များကို ထမ်းဆောင်ရသည့် ဂိုဏ်းထောက်ဆရာတော်သည် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသူ မည်သူ့ကိုမဆိုခေါ်ယူ၍ ဗုဒ္ဓတရားတော်နှင့်အညီ ဆုံးမရသကဲ့သို့ သာသနာကိုညှိုးနွမ်းစေသည့် ဒုဿီလရဟန်းများကိုလည်း အပြစ်အလျောက် စီရင်ရသည်။

ထိုသို့ ရပ်ရွာနှင့်သာသနာတာဝန်များကို ထမ်းဆောင်နေရသည့် ဆရာတော်ဦးဂုဏ သီတင်းသုံးရန် ဦးဘိုးကြည်နှင့် ဇနီးက ပန်းပုရုပ်စုံကျောင်းကို တည်ဆောက်ခဲ့သည်။ သီပေါမင်းပါတော်မူချိန်(မြန်မာသက္ကရာဇ်၁၂၄၇ခုနှစ်)နှင့် တိုက်ဆိုင်နေသဖြင့် အချိန်ကာလ ၁၀နှစ် ကြာမြင့်ခဲ့ကာ မြန်မာသက္ကရာဇ်၁၂၅၄ခုနှစ် ဝါဆိုလဆန်း ၅ ရက်တွင် အလှူရှင်ဇနီးမောင်နှံက ဆရာတော်ဦးဂုဏထံရေစက်ချလှူဒါန်းနိုင်ခဲ့သည်။

ဆရာတော်သည် ကိုးဆောင်ကျောင်းကို တပည့် ဦးပုညထံ လွှဲအပ်ပေးခဲ့ပြီး ရုပ်စုံကျောင်းတွင် သီတင်းသုံးနေစဉ် အင်္ဂလိပ်အစိုးရတရားရုံး၌ အမှုအခင်းတစ်ခုတွင် သက်သေထွက်ဆိုရန် ဆင့်ခေါ်ခြင်းခံခဲ့ရသည်။ တရားရုံးက ဦးဂုဏအား ငယ်နာမည် မောင်ထောင်ဟု ခေါ်ဝေါ်သုံးစွဲခြင်းခံခဲ့ရသဖြင့် ဆရာတော်သည် အမှုပြီးဆုံးချိန်တွင် ရုပ်စုံကျောင်းမှ ပျောက်ကွယ်သွားခဲ့သည်။

သုဓမ္မာဂိုဏ်းထောက် ဆရာတော်ဦးဂုဏသည် ခန့်မှန်း မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရာ ရုပ်စုံကျောင်းမှပျောက်သွားပြီးသည့်နောက်၌ ဟင်္သာတနယ် လမုကြီးရွာတွင် သီတင်းသုံးနေထိုင်ခဲ့ကြောင်း ဦးဘိုးကြည်နှင့် စလေနယ်သူနယ်သားများက ပျံလွန်ပြီးမှ သိရှိခဲ့ကြသည်။ ဆရာတော်ဦးဂုဏ၏ တပည့်ရဟန်းများနှင့် ဦးဘိုးကြည်တို့သည် လမုကြီးရွာသို့လိုက်သွားကြကာ ဆရာတော်၏ အရိုးတော်များကို စလေမြို့သို့ ပင့်ဆောင်ခဲ့ပြီး စလေမြို့လယ်၌ မဟာအဘယစေတီတော်ကို တည်၍ အရိုးတော်များကို ဌာပနာခဲ့ကြသည်။

**ရုပ်စုံကျောင်း ပန်းပုလက်ရာများ**

စလေရုပ်စုံကျောင်း၏ မြောက်ဘက်မျက်နှာစာ၊ အရှေ့လှေကားအထက်ရှိ ဝင်ပေါက်တံခါးရွက်ပေါ်တွင် ၅၅၀ ဇာတ်တော် အသီတိနိပါတ်လာ မဟာကုလာဏ(ဇာတ်တော်အမှတ် ၅၃၆) သရုပ်ဖော်ပန်းပုရုပ်များကို အနုစိတ် ပုံဖော်ထုလုပ်ထားသည်။ ဗာရာဏသီပြည့်ရှင် ကဏ္ဍရီမင်းကြီး၏မိဖုရား ကိန္နရဒေဝီသည် နန်းပြာသာဒ်ပြတင်းအနီးရှိသပြေပင်အကိုင်းမှတစ်ဆင့် သပြေပင်အောက်တွင်နေထိုင်သူ အနာကြီးရောဂါသည် ငဆွံ့ထံသွားရောက်ကာ ညစဉ်အကျွမ်းတဝင်ရှိခဲ့သည်။ ဘုရင်ကြီးက ကိုယ်တိုင်လိုက်လံစုံစမ်းချိန်တွင် မိဖုရား၏နားတောင်းတစ်ဖက်ကို ရရှိခဲ့သည်။

ယင်းဇာတ်တော်ကို မင်းကြီး၊ မိဖုရားနှင့် ငဆွံ့တို့၏ ရုပ်တုများဖြင့် ပုံဖော်ထားရာ သန်လျက်ကို ထမ်းလျက် ခြေရာကောက်ခဲ့သည့်မင်းကြီးက မိဖုရားကြီး၏နားတောင်းကို ကိုင်ထားဟန်၊ မိဖုရားကြီးနှင့် ငဆွံ့တို့ ပွေ့ဖက်ပိုက်ထွေးနေကြဟန်တို့ကို သပြေပင်ကြီးကိုနောက်ခံပြုလျက် ထုလုပ်ထားသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ကာမဂုဏ်အာရုံများအပေါ်၌ လျှပ်ပေါ်လော်လည် ခြင်းကို ရှက်ကြောက်ကြစေရန် ရည်ရွယ်သည့်ရုပ်ထုများတွင် ပဏ္ဏာသနိပါတ်တော်မှ ဥမ္မာဒန္တီဇာတ်၊ မဟာနိပါတ်တော်မှ ဝိဓူရဇာတ်၊ ဓမ္မပဒ၊ ဖြဟ္မဏဝဂ်မှ သုနန္ဒရသမုဒ္ဒဇာတ်၊ တဏှာ ဝဂ်မှ ဥပက တက္ကဒွန်းနှင့် မဆာဝါဇာတ်၊ သဟဿဝဂ်မှ ပဋာစာရီဇာတ်၊ အရဟန္တဝဂ်မှ ရေဝတဇာတ် စသည်ဖြင့် နိပါတ်တော်လာ ၅၅၀ ဇာတ်တော်များနှင့် ဓမ္မပဒကျမ်းမှ ဇာတ်ဝတ္ထုများကို သရုပ်ဖော်ထားသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ရုပ်ထုများအနက် ဇာတ်တော်လာရုပ်ထုများသည် ၃၆ ရုပ်ရှိကြောင်း စလေပန်းပုရုပ်စုံကျောင်း သမိုင်းစာတမ်းများ စာအုပ်တွင် ဇာတ်တော်အမည်များနှင့်တကွ ဖော်ပြထားသည်။ ယင်းတို့အနက် မူလဇာတ်ဝတ္ထု မဖော်ထုတ်နိုင်သေးသည့် ရုပ်တုတော်များလည်း ပါရှိသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် သစ်သားပန်းပုရုပ်များသည် ရတနာပုံခေတ် ၁၉ ရာစု လက်ရာများဖြစ်ပြီး အနုပညာလက်ရာ အထူး ကောင်းမွန်သဖြင့် စလေရုပ်စုံကျောင်းသည် အခြားရုပ်စုံကျောင်းများထက် ပိုမိုထင်ရှားခဲ့သည်။ စလေရုပ်စုံကျောင်းအတွင်း ဗုဒ္ဓ

စာမျက်နှာ ၁၈ သို့

**ဦးဘိုးကြည်သည် သီပေါမင်းထံမှအခွင့်ရလျှင် ကျွန်းသစ်များခုတ်ယူ၍ ထိုစဉ်က စလေမြို့ အပိုင် တညောင်ရွာမှ လက်သမားများဖြင့် ကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့သည်။ ကျောင်းတော်ကြီးကို ပျမ်းမျှ ခြောက်ပေ လုံးပတ်ရှိသည့် ကျွန်းတိုင် ၁၅၄ လုံးဖြင့် တည်ဆောက်ခဲ့ပြီး ကျောင်း၏အရွယ်အစားမှာ အလျား ၁၅၂ ပေ၊ အနံ ၇၆ ပေဖြစ်သည်။ ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် အသုံးပြုမည့် ရိုက်သံများကို တညောင်ရွာ ပန်းပဲဖိုတွင် ပြုလုပ်ခဲ့ပြီး အရှည် တစ်လက်မခွဲမှ ၁၃ လက်မအထိ ရှိသည်**

# ကရင်ပြည်နယ်အတွင်း ဓာတ်သတ္တု စမ်းသပ်ရှာဖွေတူးဖော်ရန် ကနဦးတွေ့ဆုံဆွေးနွေး

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ်အတွင်းမှ ဓာတ်သတ္တုများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် ကနဦး စမ်းသပ်ရှာဖွေမှုများ ပြုလုပ်ရန် ပြည်နယ်အစိုးရနှင့် SHRIN Group of Companies မှ တာဝန်ရှိသူများ ဩဂုတ် ၂၄ ရက်က ပြည်နယ်ဝန်ကြီးချုပ်နေအိမ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ KNU မှ ပဒိုစောရွှေမောင်းတို့အား ဓာတ်သတ္တုစမ်းသပ်ရှာဖွေခြင်းဆောင်ရွက်မည့် SHRIN Group of Companies မှ SHEIN Planning & Consultant CEO ဦးကြည်သူရှိန်းနှင့်အဖွဲ့က တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးရာတွင် လက်ရှိကာလတွင် ထုတ်လုပ်သည့်အဆင့် မဟုတ်သေးဘဲ စီးပွားဖြစ် ထွက်နိုင်ခြေရှိ/မရှိ စမ်းသပ်တိုင်းတာပြီး ထွက်နိုင်ခြေရှိပါက ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးသက်သက်မဟုတ်ဘဲ ဒေသခံများ၏ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေရရှိရေး၊ အနာဂတ်တွင် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းဖြစ်ရေးတို့ကိုလည်း ရည်ရွယ်ကြောင်း CEO ဦးကြည်သူရှိန်းက ဆွေးနွေးတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ကြိုဆိုပါကြောင်း၊ လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းအလိုက် မြေပြင်တွင် ကွင်းဆင်းတိုင်းတာကြည့်ရှု၍ ပြန်လည်တင်ပြစေပြီး သင့်မသင့်ကို အဖွဲ့နှင့်ဆုံးဖြတ်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

KNU မှ ပဒိုစောရွှေမောင်းကလည်း ထိုလုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်းတွင် ညှိနှိုင်းမှုများ အနည်းငယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသသည် အသင်းအဖွဲ့များသည့်အတွက် ကွင်းဆင်းလေ့လာသည့်အခါ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ KNU၊ သတ္တုဌာနတို့နှင့် ချိတ်ဆက်၍ ကွင်းဆင်းလေ့လာစေလိုကြောင်း ဆွေးနွေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆန်စပါးဈေးကွက်အခြေအနေကြောင့် မိုးစပါး သွင်းအားစုကုန်ကျစရိတ်ကိုလျှော့ချ

**ရေတာရှည် ဩဂုတ် ၂၈**

လက်ရှိအချိန်တွင် ဆန်စပါးဈေးကွက် အေးစက်နေသည့် အခြေအနေကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများသည် စိုက်ပျိုးပြီးစပါးခင်းများတွင် ဆက်လက်ကုန်ကျရန်ရှိသည့် သွင်းအားစုများကို များစွာလျှော့ချသုံးစွဲလျက်ရှိ၍ ဓာတ်မြေဩဇာအမျိုးမျိုး ရောင်းချရမှုမှာ ယခင်နှစ်များကထက် ကျဆင်းလျက်ရှိကြောင်း သိရသည်။

"နွေစပါးကတည်းက ကျန်နေတဲ့ စပါးအဟောင်းတောင် တောင်သူတွေဆီမှာ အများကြီးကျန်သေးတယ်။ ဝယ်သူကိုမလာတာ။ အဲဒီတော့ မိုးစပါးပေါ်လာရင်လည်း ဈေးကောင်းရဖို့ မျှော်လင့်လို့မရမယ့်အတူတူ မြေဩဇာသုံးစွဲမှုကို တောင်သူတိုင်းလိုလို လျှော့ချကုန်တယ်။ ပထမအရစ်နဲ့ နောက်ဆုံးအရစ်လောက်စာပဲ ဝယ်ထားကြတာ။ ဒုတိယအရစ်ကို ဓာတ်မြေဩဇာ မကျွေးကြတော့ဘူး။ အချို့တောင်သူတွေဆို ပေါင်းပင်တွေအများကြီးပေါက်တာတောင် ပေါင်းသတ်ဆေးကို စနစ်တကျ မကျွေးနိုင်ကြတော့ဘူး။ အိမ်ရှိလူနဲ့ လိုက်နုတ်ကြတာများတယ်"ဟု မိုးစပါးစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောကြားသည်။

တောင်သူများအနေဖြင့် မိုးစပါးအပြင် ရာသီအလိုက် သီးနှံများဖြစ်သည့် ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်၊ ဖရဲ၊ ခရမ်းချဉ်၊ ခရမ်းခေါင်း အစရှိသည့်သီးနှံများကို စိုက်ပျိုးခဲ့ရာတွင်လည်း သီးနှံပေါ်ချိန်၌ ဈေးကွက်မကောင်းခြင်းကြောင့် အရှုံးပေါ်ခဲ့ကြရခြင်းများ ရှိနေကာ အထူးသဖြင့် နှမ်းစိုက်ပျိုးသူများမှာ ပို၍အထိနာခဲ့ကြကြောင်း သိရသည်။



စိုက်ပျိုးထုတ်လုပ်သော သီးနှံများနှင့်ပတ်သက်၍ ခိုင်မာသောဈေးကွက်တစ်ခု ရရှိနိုင်ရန် တောင်သူများအနေဖြင့် မျှော်လင့်ခဲ့ကြသော်လည်း လက်တွေ့ဈေးကွက်အနေအထားများအရ အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရပြီး တောင်သူများ၏အကျိုးစီးပွားအမှန်တကယ် ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် လုပ်ဆောင်ပေးမည့် အခန်းကဏ္ဍအပိုင်းကို တောင်သူများအနေဖြင့် များစွာမျှော်လင့်နေဆဲဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းပိုင်းကို ထိုင်းသံအမတ်ကြီးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု

**မယ်စဲ့ ဩဂုတ် ၂၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်ရှိ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးလမ်းပိုင်းဖြစ်သော ဘီပီ(၁၃)လမ်းကို ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး HE.Mr.Jukr Boon-Long ဦးဆောင်သော ထိုင်းနိုင်ငံသံရုံးမှသံအရာရှိများ၊ မယ်ဟောင်ဆောင် ဒုခရိုင်ဝန်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

ထိုင်းသံအမတ်ကြီးနှင့်အဖွဲ့သည် မယ်စဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူးဦးမိုးထက်၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သံအမတ်ကြီးက မယ်စဲ့မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း အခြေအနေ၊ ဘော်လခဲခရိုင်၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားမှု အခြေအနေ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းသွားလာမှု လွယ်ကူစေရေးအတွက်(Boder Trade) စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ထိုင်းနိုင်ငံ နာဆွယ်ဒုက္ခသည်စခန်းမှ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးသည်။

ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က ထိုင်းနိုင်ငံဘက်မှ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်မှု အခြေအနေနှင့် ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းဈေးကွက်ဈေးနှုန်းများ၊ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သိလိုသည့်အချက်များကို သံအမတ်ကြီးအား မေးမြန်းဆွေးနွေးသည်။ ထို့နောက် သံအမတ်ကြီးနှင့် တာဝန်ရှိသူများအဖွဲ့သည် ဘီပီ(၁၄)လမ်းပိုင်းကို သွားရောက်ကြည့်ရှုပြီး ထိုလမ်းပိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် မယ်စရင်းမြို့သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဓာတုကင်းစင်ဈေးဖြစ်လာရေး ပညာပေးဟောပြော

**မလှိုင် ဩဂုတ် ၂၈**

ဓာတုဆေးဝါး၊ ဆိုးဆေးများပါသည့် အစားအစာများ ရောင်းချမှုကင်းစင်သောဈေးများဖြစ်လာစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြို့မစည်ပင်သာယာဈေး၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး FDA မှ ဒေါက်တာကျော်ကျော်နှင့် ဒေါက်တာသန့်ဇင်ထက်၊ မိတ္ထီလာခရိုင် FDA မှ ဒေါက်တာကျော်သန်းရွှေ၊ မလှိုင်မြို့နယ်မှ ဒေါက်တာနေမင်းမျိုးထွန်းနှင့် မြို့နယ်စည်ပင်သာယာကော်မတီ ဥက္ကဋ္ဌ ဦးမြသန်းတို့က ဈေးသူဈေးသားများအား ဓာတုဆေးဝါးများနှင့် ပတ်သတ်၍လည်းကောင်း၊ ဖော်မလင်ပါဝင်သော ပဲသွေး ပဲပြားများ ရောင်းချမှုမပြုရန်လည်းကောင်း၊ ဓာတုဆိုးဆေးပါစားသောက်ကုန်များ ကင်းစင်သောဈေးများ ပေါ်ပေါက်လာစေရန်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ဈေးသူဈေးသား အင်အား ၇၀ ဝန်းကျင် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

**စာမျက်နှာ ၁၇ မှ**


ရုပ်ပွားတော် မျိုးစုံ၊ သစ်စေးသုတ်ဇီရိမျိုးစုံ၊ စလေ ဦးပုည၏ လက်ရေးမူ ပေပုရပိုက်များ စသည့် ရှေးဟောင်းအထောက်အထား ပစ္စည်းများကို ထိန်းသိမ်းထားရှိသည်။

**စလေ ပခန်းငယ်**

စလေဒေသရှိ ဒုတိယပုဂံဟုဆိုသည့် ပခန်းငယ်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်မှ ကိုလိုနီခေတ်အထိ စည်ကားဖွံ့ဖြိုးခဲ့ကာ မြို့စား၊ နယ်စားများအုပ်ချုပ်ခဲ့သည့် မြို့ငယ်တစ်ခုဖြစ်ခဲ့သည်။ ပခန်းငယ်သည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း စလေနှင့် ကျောက်ရဲအကြားတွင် တည်ရှိသည်။ စလေပခန်းငယ်သည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး ကုန်းတွင်းပိုင်းဒေသထွက်ကုန်များကို ဧရာဝတီမြစ်ရိုးတစ်လျှောက် ရောင်းဝယ်ဖောက်ကားခဲ့သည့် နေရာလည်းဖြစ်ခဲ့သည်။

ပခန်းငယ်တွင် ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်လက်ရာ စေတီပုထိုးများသည် ယနေ့တိုင်ကျန်ရှိနေရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စာရင်းများအရ စေတီ၊ ဘုရား၊ သိမ်၊ ပိဋကတ်တိုက်၊ ဥမင်နှင့် ခြေတော်ရာများအပါအဝင် ရှေးဟောင်းအဆောက်အအုံ ၈၁ ခုရှိသည်။ မြေစိုက်စေတီ ၂၄ ဆူ၊ လိုဏ်ပါစေတီ ၁၁ ဆူ၊ ဘုရား ၃၈ ဆူ၊ သိမ်နှစ်လုံး၊ ပိဋကတ်တိုက် သုံးခု၊ ခြေတော်ရာနှစ်ဆူနှင့် ဥမင်တစ်ခုရှိပြီး အများစုသည် သမိုင်းအထောက်အထားများ မရှိကြပါချေ။

ကွမ်းတောင်ဘုရားဟုခေါ်တွင်သည့်အဆောက်အအုံအမှတ်(၁၉)၏ ဂန္ဓကုဋိတိုက်လိုဏ်အတွင်း၌ သက္ကရာဇ် ၁၀၆၆ ခုနှစ် (ခရစ်နှစ် ၁၄၃၄ ခုနှစ်ဝန်းကျင်)၊ ဘုရားဒကာ ငစုံမ်၊ ဘုရားဒကာမ မယ်စံယာ အမည်ပါ မင်စာနှင့် ဝေသန္တရာ ဇာတ်တော်ပါ နံရံဆေးပန်းချီရှိသည်။ ထို့အတူ အဆောက်အအုံ အမှတ်(၃၁)၊ အောင်စေတီရှိ ခေါင်းလောင်းစာတွင် စေတီတော်ဒါယကာ ရွှေတောင်သီရိနေဝ်ရထာဘွဲ့ရ မြေနန်းဝန်ကြီး ဦးကျောက်လုံးအမည်ကို တွေ့ရှိရသည်။



စလေရုပ်စုံကျောင်းမှ ပန်းပုလက်ရာတစ်ခု

မင်စာပါ အထောက်အထားများအရ ရွှေတောင်ဦးဘုရား၊ အဆောက်အအုံ အမှတ်(၃၆)ကို သာသနာတော်သက္ကရာဇ် ၂၃၁၅ ခုနှစ် (ကောဇာသက္ကရာဇ် ၁၁၃၃ ခုနှစ်)ကဆုန်လဆန်း ၁၀ ရက် အင်္ဂါနေ့တွင် ပုဂံငယ်သူကြီး သီရိဇေတဗိုလ်နှင့် မိသားစုက အုတ် ၄၀၀၀၀ ကျော်ဖြင့်လည်းကောင်း၊ ထိန်ကန်သိမ်ဘုရား အဆောက်အအုံ အမှတ်(၃၈)ကို ဦးရွှေသီးနှင့် မယ်ယာဒေဇနီးမောင်နှံက မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ် ကဆုန်လဆုတ် ၁၂ ရက် အင်္ဂါနေ့တွင် အုတ် ၆၀၀၀၀ ဖြင့်လည်းကောင်း၊ ရှင်ပင်ပြာသာဒ်လှဘုရား၊ အဆောက်အအုံအမှတ်(၅၇)ကို မင်းလှဇေတဗိုလ်က ၁၂၁၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်တွင်လည်းကောင်း တည်ထားခဲ့ကြောင်း သိရှိကြရပေသည်။

စလေပခန်းငယ်ရှိ အချို့အဆောက်အအုံများသည် နှုတ်ပြောရာဇဝင်များဖြင့် ရောထွေးနေကာ ပုဂံကိုလွှမ်းဆွတ်သဖြင့် အရည်းကြီးများ တည်ခဲ့သည်ဆိုသော ပုဂံမျှော်ဘုရား၊ လောကီပညာရပ်ဆိုင်ရာ အင်းအိုင်လက်ဖွဲ့များကစားရာအရပ်၌ အဆီးအတားအဖြစ် တည်ခဲ့သည်ဆိုသော ရှင်ပင်ကာဆီးဂူဘုရားတို့ တည်ရှိသည်။

စလေပခန်းငယ်ကားလမ်းမှ ပခန်းငယ်သို့ ဝင်လာလျှင် လမ်း၏လက်ဝဲဘက်တွင် အရှေ့တောင်မှ အနောက်မြောက်ယွန်းယွန်းသို့တန်းနေသည့် စေတီသုံးဆူရှိရာ မြောက်ဘက်ဆုံးတွင် နာမ်တော်ပေါ်စေတီ၊ အလယ်တွင် ပုဂံမျှော်ဘုရားနှင့် တောင်ဘက်တွင် ရှင်ပင်ကာဆီးဘုရားတို့ တည်ရှိနေရာ နာမ်တော်ပေါ်စေတီကို မင်းတုန်းမင်းလက်ထက်တွင် ကုခန်းငယ်မြို့သူကြီး ဦးသိုက်တူက ရှင်ပင်ကာဆီးနှင့် ပုဂံမျှော်ဘုရားတို့နှင့်တန်းလျက် အနောက်မြောက်ယွန်းယွန်းတွင် တည်ထားခဲ့သည်။

ပုဂံသို့ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပခရီးသည်များသည် စလေနှင့် ပခန်းငယ်ဒေသများသို့ သွားရောက်လည်ပတ်လေ့ရှိကြရာ စလေရုပ်စုံကျောင်းကို အများဆုံး ကြည့်ရှုလေ့ ရှိကြသည်။ ဗုဒ္ဓဘုရားရှင်နှင့်ဆက်နွယ်သည့် ဖြစ်တော်စဉ်များကို လက်ရာမြောက်စွာဆစ်ထုထားသည့် ရုပ်တုများနှင့် ၁၉ ရာစုလက်ရာ စလေရုပ်စုံကျောင်းသည် ရတနာပုံခေတ် ယဉ်ကျေးမှုအမွေအနှစ်များကို ပြသလျက်ရှိနေသကဲ့သို့ ပခန်းငယ်သည်လည်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ တည်ရှိနေသည့်နေရာ ဖြစ်ပေသည်။

သမိုင်းဝင်စလေဒေသသို့ သာမန်ခရီးသွားများအပြင် ခိုင်မာသည့်သမိုင်းအထောက်အထားများကို ရှာဖွေဖော်ထုတ်နိုင်ရန် သုတေသီများလည်း သွားရောက်လေ့ရှိကြရာ စလေရုပ်စုံကျောင်းအပါအဝင် စလေနှင့် ပခန်းငယ်ရှိ ရှေးဟောင်း သမိုင်းအမွေအနှစ် အဆောက်အအုံများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပေသည်။

**ကိုးကား**

**(၁) ပခန်းငယ် ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်း(ယဉ်ကျေးမှုဝန်ကြီးဌာန)**

**(၂) စလေပန်းပုရုပ်စုံကျောင်း သမိုင်းစာတမ်းများ (မောင်မောင်လတ်)**

# မြန်မာ့မြေက တောဆင်တွေ မျိုးတုန်းသွားနိုင်သလား

**ဒေါက်တာဇော်မင်းဦး**

ဧပြီ ၂၀ ရက် ၂၀၁၇ ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာပါ သိပ္ပံစာရေးဆရာ ကိုကိုအောင်ရဲ့ဆောင်းပါးဖြစ်တဲ့ "တစ်ချိန်ကျရင် လူသားတွေပါမျိုးတုန်းသွားနိုင်သလား"ဆိုတဲ့ ခေါင်းစဉ်ကို ဖတ်မိတဲ့အချိန်မှာ စာရေးသူသည် မြန်မာ့မြေက တောဆင်တွေကော "တစ်ချိန်ကျရင် မျိုးတုန်းသွားနိုင်သလား"ဆိုပြီး အတွေးတစ်ခုဝင်လာမိပါသည်။

ကျွန်တော်တို့ ကျောင်းသားဘဝက တက္ကသိုလ်စာကြည့်တိုက်မှာ ဆင်အကြောင်း လေ့လာချင်လို့ စာအုပ်ရှာဖွေဖတ်ကြည့်တဲ့အခါ "The Lord of Jungle" "တောဘုရင်"လို့ခေါ်မလားဒီစာအုပ် တစ်အုပ်သာဖတ်ဖူးပါသည်။ CITIES, MIKE စတာတွေလည်း ခေတ်မစားသေးတော့ မသိသေးပါ။ အဲဒီအချိန် ၁၉၉၅-၂၀၀၂ လောက်ကပေါ့။

အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ Biodiversity (ဇီဝမျိုးစုံမျိုးကွဲများ)ကြွယ်ဝပေါများတဲ့ နိုင်ငံဖြစ်ပါသည်။ ကုန်းနေ၊ ရေနေနှင့်ကျေးငှက်မျိုးစုံပေါများသောနိုင်ငံလည်းဖြစ်ပါသည်။ သဘာဝတောများ အနေဖြင့်လည်း Mangroves လို့ခေါ်တဲ့ ဒီရေတောမှ ရွက်ပြတ်တော၊ ရွက်ခြောက်တောနှင့် အပူပိုင်းအမြဲစိမ်းတော စသည့်ဖြင့် အမျိုးစုံလင်စွာရှိပါသည်။

တောဆင်တွေလည်း မြန်မာပြည်မှာ ၄၀၀၀ လောက်ခန့်မှန်းထားကြပါသည်။ တောဆင်သတ်ခံရခြင်း၊ လူကိုဆင်က သတ်ခြင်းတွေလည်း မများလှသေးပါဘူး။ Human and Elephant Conflict (HEC) ဆိုတာလည်း ရေပန်းမစားသေးပါဘူး။

ဒါ့အပြင် သစ်တောတက္ကသိုလ်က ဆရာပါမောက္ခ ဒေါက်တာစန်းလွင် ရေးသားခဲ့တဲ့ ဆောင်းပါးတွေထဲက "အညာဆူးလှည့်း" ဆောင်းပါးကို ဖတ်နေရင်း တောဆင်တွေနဲ့ပတ်သက်ပြီး ဆရာ့လို တွေးကြည့်တာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ ကွင်းဆက်တစ်ခုများ ဖြစ်နေမလားလို့ပါ။ ဘာကြောင့်လဲဆိုတော့ စာရေးသူ ဘွဲ့လွန်သုတေသနလုပ်တော့ Ivermectin 1 % ဆိုတဲ့ သံချဆေးကို စမ်းသပ်တော့ နိုင်ငံခြားသား ဝါရင့် တိရစ္ဆာန်ဆေးကုပညာရှင်တစ်ဦးက ပြောပါသည်။ ဒေါက်တာဇော်တဲ့၊ အဲ့ဆေးက သံဥ၊ သံကောင်တင် သတ်ယုံမကဘူးတဲ့ ဆင်ရဲ့ကျင်ကြီးထဲမှာပါ အာနိသင်ပါသွားပြီး ဆင်ချေးပိုး (Dung Beetle) ကိုပါ သေစေနိုင်လို့ ဆင်ရဲ့ကျင်ကြီးတွေ မြေဆွေးမြည့်ဖို့ ကူတဲ့ ပိုးကောင်တွေမရှိလို့ မြေဆီလွှာဖြစ်ပေါ်မှုမှာပါ အနှောင့်အယှက်ဖြစ်စေတယ်။ ဒါကြောင့် ဆေးကို ချင့်ချိန်သုံးသင့်တယ်တဲ့။ မှန်ပါသည်။ ဆင်တွေဟာ တောတွင်း လှည့်လည် စားသောက်တတ်သည့် အကျင့်ရှိလို့ နွယ်ပင်တွေ၊ ချုံပင်တွေကို ရှင်းလင်းရာရောက်လို့ သစ်တောလုပ်ငန်းမှာ အလင်းဖွင့်တာတို့၊ နွယ်ရှင်းတာတို့အတွက် အထောက်အကူပြုလေသလားလို့ ထင်မိပါသည်။ တောဆင်တွေဟာ အနည်းဆုံးတော့ တောကိုသစ်သူခိုးရန်ကနေ ကာကွယ်ပေးနိုင်တယ်လို့ ထင်မိပါသည်။


သို့သော် နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းနှင့် လိုအပ်ချက်များအရ သဘာဝတောများ စွန့်လွှတ်ခဲ့ရခြင်း၊ သစ်အလွန်အကျွံထုတ်ယူခဲ့ခြင်းနှင့် စီမံကိန်းများကြောင့် သစ်တောပျက်စီးမှုများပြားလာခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၄၂ ဒသမ ၉ ရာခိုင်နှုန်းခန့် သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း သိရပါသည်။ ဒါ့အပြင် ရိုးမဖြတ်ကျော် ဗျူဟာလမ်းမကြီးတွေကြောင့် သစ်တောကြီးများ အပိုင်းပိုင်းဖြစ်ခြင်း၊ စားကျက်လျော့နည်းလာခြင်းနှင့် လူများ တောတွင်း အခြေချနေထိုင်လာခြင်းတို့နှင့် အတူ အာရှဒေသတွင်းနိုင်ငံ အများစုတွင် တွင်တွင်ကျယ်ကျယ် ပြောနေသည့် Key species/ Umbrella species/ Back bone animal/ flagship species ဖြစ်သည့် အာရှတောဆင်များ တဖြည်းဖြည်းမှ သိသိသာသာ ကောင်ရေကျဆင်းလာပါသည်။ ၂၀၁၇ ခုနှစ် ဇွန် ၆ ရက် ကြေးမုံသတင်းစာပါ WWF ၏ ဆောင်းပါး "In a disturbing new trend, poachers are killing Myanmar's elephants for their skin, teeth, and tails"တွင် ဖော်ပြချက်အရ အာရှတွင် တောဆင်ကောင်ရေ ၅၀၀၀၀ အောက်သို့ကျလာခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ၂၀၀၀ အောက်ကျခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၁၉၄၁ လွတ်လပ်ရေးမရခင်က တောဆင်ကောင်ရေ ၁၀၀၀၀ ကျော်ရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရပါသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် တစ်နှစ်ကို တောဆင်ကောင်ရေ ၁၀၀ ခန့် လျော့နည်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် နောင်နှစ်ပေါင်း ၂၀ ကြာလျှင် မြန်မာ့မြေက တောဆင်တွေ ကွယ်ပျောက်သွားလေမလား တွေးပူနေမိပါသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အာရှဒေသတွင်းနိုင်ငံများ ဖြစ်သော မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်းနှင့်ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်၍ တောဆင်များ ရေရှည်ရပ်တည်နိုင်ရေး အကြိတ်အနယ်ဆွေးနွေးခဲ့ကြပါသည်။ ဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့် တက်ရောက်ရမည့် အစည်းအဝေးဖြစ်သော်လည်း အထက်ပါနိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ် အပါအဝင် အဆင့်မျိုးစုံတက်ရောက်ခဲ့ကြပါသည်။

တောဆင်ကောင်ရေသည် လူနှင့်ပဋိပက္ခဖြစ်ပွားခြင်း၊ တရားမဝင်သတ်ဖြတ်ခံရခြင်း၊ စားကျက် ကျဉ်းမြောင်းလာခြင်းတို့ကြောင့် တစ်နှစ်ပြီးတစ်နှစ် ကောင်ရေကျဆင်းလာခြင်းမှာ နိုင်ငံတိုင်း၏ ဘုံတူညီချက်ဖြစ်ပါသည်။ ထို့အပြင် အဖွဲ့ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေးသည်လည်း မဖြစ်မနေလိုအပ်သည့်ကိစ္စဖြစ်ပါကြောင်း တစ်ညီတစ်ညွတ်တည်း သဘောတူကြပါသည်။ ဆင်တရားမဝင်ရောင်းဝယ်မှု၊ စားကျက်ကျဉ်းမြောင်းမှု၊ နိုင်ငံ၏ ဥပဒေ မစိုးမိုးမှု၊ သယံဇာတကို ထိန်းသိမ်းရန်ပျက်ကွယ်မှု၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း အားနည်းမှုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခွင့် အားနည်းမှုတို့ကြောင့် အာရှတောဆင်များ ပျောက်ကွယ်သွားနိုင်သလားလို့ တွေးနေမိရင်း ၂၀၃၇ တွင် ဘာဖြစ်မလဲ စိတ်ပူနေမိပါတော့သည်။ ။



ရေဒီယိုကော်လာတပ်ဆင်ခဲ့သည့်တောဆင်ကြီးနှင့် ကျွန်တော်တို့အဖွဲ့



တောဆင်အားပစ်ခတ်ခဲ့သည့် အဆိပ်မြွှားကို ဖယ်ထုတ်ပေးစဉ်

## မြေငှားဂရန်ရထားပြီး ဂရန်စည်းကမ်းနှင့်မညီမှုကို စိစစ်ဆောင်ရွက်မည်

**မုံရွာ ဩဂုတ် ၂၈**

မုံရွာမြို့ရှိ တိုင်းရင်းများဆောက်ရန်မြေနေရာနှင့်ပတ်သက်၍ ဂရန်ရရှိထားသူအနေဖြင့် လက်ရှိအချိန်အထိ မြေပြင်တွင် အဆောက်အအုံဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းစသည့် လုပ်ဆောင်ချက်တစ်စုံတစ်ရာမရှိသေးဘဲ မြေငှားဂရမ်ရရှိသည့်မြေအပေါ် စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း မရှိသည့်အတွက် မြို့မြေစီမံခန့်ခွဲသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ညွှန်ကြား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

မုံရွာမြို့တွင် စစ်ကိုင်းတိုင်းရင်းများဆောက်ရန် မြေနေရာချထားခဲ့သော်လည်း တိုင်းရင်းဆောက်လုပ်ခြင်းမရှိဘဲ လူတစ်ဦးတစ်ယောက်၏အမည်ပေါက် မြေပေးမိန့်ချထားပေးသောမြေများကို ပြန်လည်စိစစ်၍ အမှန်တကယ်အသုံးချမှုမပြုလျှင် ပြန်လည်သိမ်းယူရန် အစီအစဉ်ရှိမရှိကို ဩဂုတ် ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဒေါ်အောင်ကြည်က မေးမြန်းရာ လူမှုရေးဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ဂရန်အမှုတွဲအမှတ် 631V ၂၀၀၅-၂၀၀၆ နဲ့ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ကစပြီး ဦးသန်းဇော်ရွှေနာမည်နဲ့ နှစ် ၃၀ ဂရန်ထုတ်ပေးခဲ့ပါတယ်။ အဲဒီမြေအနောက်ဘက်မှာ ရှေးဟောင်းသုတေသနဦးစီးဌာန၊ တောင်ဘက်မှာ မူလတန်းလွန်ကျောင်းနဲ့ စားသုံးသူရေးရာဌာန၊ အရှေ့ဘက်မှာ စီးပွားရေးတက္ကသိုလ်နဲ့ မြောက်ဘက်မှာ မှူခင်းတပ်စွယ်ရုံးနဲ့ ပို့ဆောင်ရေးရုံးတို့ တည်ရှိပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တိုင်းရင်းများအတွက် မြေဧရိယာ ၂ ဒသမ ၃၅ ဧကအကျယ်ရှိ မြေကွက်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ ဒီဇင်ဘာ ၁၂ ရက် ရက်စွဲပါစာအမှတ်ဖြင့် ဦးသန်းဇော်ရွှေအား မြေပေးမိန့်ချထားပေးခဲ့ပြီး ၂၀၀၆ ဇန်နဝါရီလမှစတင်ကာ ဦးသန်းဇော်ရွှေအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြို့နယ်အားကစားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပစ္စည်းများ စီစဉ်ထားရှိမည်

**ရေး ဩဂုတ် ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အားကစားဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်အားကစားရုံအတွင်း လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို အားကစားဝန်ကြီးဌာနက ထားရှိပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



မြို့နယ်အားကစားကွင်းကို ထိန်းသိမ်းအဆင့်မြှင့်တင်နိုင်ရန်အတွက် မြို့နယ်အားကစားကော်မတီအနေဖြင့် သက်ဆိုင်ရာ အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်သွားရန်ရှိနေသလို အားကစားရုံအတွင်း၌လည်း အားကစားနည်းများ လေ့ကျင့်ရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများကိုပါ ထည့်သွင်းပေးရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွှန့်က ပြောသည်။

မြို့နေပြည်သူများ၏ ကျန်းမာရေးအတွက်လည်း ကောင်းမွန်စေပြီး မြို့နယ်၏ အားကစားကဏ္ဍကိုလည်း ဖွံ့ဖြိုးစေမည့်အပြင် လူငယ်များအနေဖြင့်လည်း အားကစားနည်းများကို ပိုမိုစိတ်ပါဝင်စားလာကာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ရန်လည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်အားကစားကော်မတီဥက္ကဋ္ဌက ဆက်ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သည့် မော်လမြိုင်ခရိုင် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒိုင်းဆုဖလားကို ရေးမြို့နယ်က ဆွတ်ခူးပိုင်ဆိုင်ထားပြီး ကျန်ရှိနေသော အားကစားနည်းများကို ပြည်နယ်အဆင့်တွင် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးသွားနိုင်ရန်အတွက် မြို့နယ်အတွင်း အားကစားပြိုင်ပွဲများ ဆက်လက်စီစဉ်ကျင်းပသွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## စပါးခင်းများအတွင်း ငါးကောင်ရေ တစ်သိန်းခွဲ မျိုးစိုက်ထည့်

**ဘိုကလေး ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ၌ ဒေသငါးမွေးမြူထုတ်လုပ်မှု တိုးလာရေးအတွက် စိုက်ပျိုးပြီးစပါးခင်းများထဲသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဒေသခံတောင်သူများနှင့်အတူ ဩဂုတ် ၂၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျေးရွာများမှတောင်သူများ စုပေါင်းပါဝင်၍ သာပေါင်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးသန့်စိုက်ခင်းမှ တောင်သူ ဦးအောင်သန်း၏ လယ်မြေအပါအဝင် တောင်သူ ၃၈ ဦးပိုင် လယ်မြေဧက ၃၀၀ အတွင်းသို့ ငါးခုံးမကောင်ရေ တစ်သိန်းခွဲကို မျိုးစိုက်ထည့်ခဲ့ကြသည်။ ယခုကဲ့သို့ စိုက်ပျိုးပြီးစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးသည့်အတွက် စပါးလည်းဖြစ်ထွန်းသလို ဒေသအတွက် ငါးထွက်ကုန်လည်း တိုးတက်လာစေမည်ဖြစ်၍ ဒေသခံတောင်သူများ ဝမ်းမြောက်နေကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းကူညီ အသိပညာပေး

**ဆိပ်ဖြူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်လျှံတက်လာခြင်းကြောင့် ကျေးရွာအချို့တွင် မြစ်ရေဝင်ရောက်လျက်ရှိရာ အဆိုပါကျေးရွာများမှ ပြည်သူများနှင့် ရေဘေးရှောင်နေရသော ပြည်သူများအား အကူအညီပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေချိန်တွင် ထိခိုက်ဆုံးရှုံးမှုနည်းအောင် အသိပညာပေးခြင်းများကို တာဝန်ရှိသူများ ဩဂုတ် ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဆန်းအောင်နှင့် ဒေါ်သက်မွန်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ စက်လှေများဖြင့် ကွင်းဆင်းကာ သဘာဝဘေးအန္တရာယ် ကြုံတွေ့နေချိန်တွင် ထိခိုက်ဆုံးရှုံးမှုနည်းအောင် အသိပညာပေးခြင်းနှင့် လိုအပ်သောအကူအညီများပေးခြင်း၊ ပြည်သူများ မွေးမြူထားရှိသည့် ကျွဲ၊ နွားများ ပျောက်ဆုံးပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆိပ်ဖြူမြို့နယ်အတွင်း ယခုနှစ်အတွင်း ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်လျှံတက်ခြင်းကြောင့် ကျေးရွာ ၁၀ ရွာတွင် မြစ်ရေဝင်ရောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ စာသင်ကျောင်းသုံးကျောင်းကို ဩဂုတ် ၂၃ ရက်မှစ၍ ယာယီပိတ်ထားကြောင်း သိရသည်။

ရေဘေးကြုံတွေ့ရသည့် ပြည်သူစုစုပေါင်း ၂၀၃၉ ဦးနှင့် အိမ်မွေးတိရစ္ဆာန် နွား ၆၆၂ ကောင်၊ ဝက် ၆၂ ကောင်ရှိကြောင်း၊ မြစ်ရေဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန် သေဆုံးခြင်းမရှိကြောင်း ဆိပ်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီမှ စာရင်းများအရ သိရသည်။

**စိုးလင်းနိုင်**(iprd)

# လယ်ယာသုံးစက်ကိရိယာ စက်ပြင်သင်တန်းတွင် ကိုရီးယားပညာရှင်များ လာရောက်ပို့ချ

**မြောင်းမြ ဩဂုတ် ၂၈**

စက်မှုလယ်ယာဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ မြောင်းမြမြို့အမှတ် (၄) အလတ်စားစက်ပြင်အလုပ်ရုံ၌ တောင်သူများအတွက် ဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ စက်ပြင်သင်တန်းတွင် ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ ကိုရီးယားပညာရှင်များလည်း လာရောက်ပူးပေါင်းသင်ကြားပေးခဲ့ကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာများ သုံးစွဲလျက်ရှိသော ကျေးရွာများမှ သမဝါယမအသင်းသားများနှင့် Daedong ထွန်စက် ဝယ်ယူပိုင်ဆိုင်ထားသော တောင်သူများအား ယခုကဲ့သို့ ပြုပြင်ထိန်းသိမ်း မောင်းနှင်မှုဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် တောင်သူများ စက်ကိရိယာသုံးစွဲရာတွင် ကျွမ်းကျင်မှုရှိလာစေရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှု အရှိန်အဟုန်မြင့်လာစေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၃၁ ရက်မှ စတင်ဖွင့်လှစ်ပြီး ဩဂုတ် ၂၅ ရက်က သင်တန်းဆင်းခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ သမဝါယမအသင်းသား စက်ပြင်ဝါသနာပါသူနှင့် ကိုယ်ပိုင် Daedong ထွန်စက်ရှိသူ တောင်သူ ၃၁ ဦး တက်ရောက်ပြီး Daedong ထွန်စက်နှင့် အင်ဂျင်များ၊ ဂီယာဘောက်စ်များ၊ တစ်လုံးထိုးအင်ဂျင်များ ပြုပြင်ထိန်းသိမ်းခြင်းကို စက်မှုလယ်ယာ ဦးစီးဌာနနှင့် အလတ်စားစက်ပြင်အလုပ်ရုံမှ စက်ပြင်ဆရာများ၊ Daedong ကုမ္ပဏီမှ ပညာရှင်များက သင်ကြားပို့ချ ပေးခဲ့ကြသည်။

"ကျွန်တော်တို့ စာတွေ့ လက်တွေ့ သင်ကြားခဲ့ရပါတယ်။ စက်ပြင်ဆရာကြီးအဆင့်မဟုတ်တောင် အတော်အသင့် ပြင်ဆင်နိုင်တဲ့အထိ တတ်မြောက်ခဲ့ပါတယ်" ဟု သင်တန်းတက်ရောက်ခဲ့သူ ဓနုဖြူမြို့နယ်မှ ကိုကျော်အောင်က သင်တန်းဆင်းပွဲတွင် ပြောသည်။

သင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်နှင့် ထူးချွန်သင်တန်းသားဆုများကို ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် စားသုံးသူအခွင့်အရေးအကြောင်း ဟောပြော

**ရန်ကုန် ဩဂုတ် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအခွင့်အရေးဆိုင်ရာနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေရေးရာအကြောင်း ဟောပြောပွဲကို သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စည်သူက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာဒေါ်ကျော့မွန်သန်းနှင့် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောအောင်ရွှေဖြူတို့က စားသုံးသူအခွင့်အရေးဆိုင်ရာကိစ္စများ၊ ကုန်ပစ္စည်းများဝယ်ယူသည့်အခါ လုပ်ငန်း ရှင်/ရောင်းချသူတို့၏ ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များကို လေ့လာဝယ်ယူခြင်း၊ အစားအသောက်နှင့် ဆေးဝါးများအကြောင်း၊ ဓာတုဆိုးဆေးများ၏အန္တရာယ်များ စသည်တို့ကို ဟောပြောသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များနှင့် တိုင်ကြားနိုင်သည့် အချက်များ၊ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းနှင့်တာဝန်များ၊ ဥပဒေနှင့် ပြစ်ဒဏ်များကို ဆက်လက် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခိုက်တုံဟုန်းကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဩဂုတ် ၂၄ ရက်က မြေဩဇာအိတ်များတင်ဆောင် ထားသော ၂၂ ဘီးယာဉ်တစ်စီး တိမ်းမှောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။** (ယာဉ်မောင်း သန်းထွန်းမောင်းနှင်လာသော အဆိုပါယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကာ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် အောင်နိုင်ထွန်း(၂၇ နှစ်) သေဆုံးခဲ့ကြောင်း သိရသည်။)

စိုင်း(သီပေါ)

# အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်းဆင်း

**မကွေး ဩဂုတ် ၂၈**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်းဆင်းပွဲကို မကွေးမြို့နယ် ပြည်သူ့ဝန်ဆောင်မှု(OSS)ရုံး၌ ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က ဒေသအသီးသီးမှာရှိသော ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို မိမိတို့ဒေသများတွင်ပင် လေ့လာဆည်းပူးနိုင်ရန်အတွက် ဒေသများအရောက် ရွေ့လျားသင်တန်းများ လာရောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးများတွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လက်တွေ့ဝင်ရောက်လုပ်ကိုင်ပြီး လျှပ်စစ်ကျွမ်းကျင်သူများနှင့် ပူးတွဲလေ့ကျင့်သင်ကြားကာ လုပ်ငန်းအတွေ့အကြုံ လေးလရှိပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးများမှတစ်ဆင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်(ဒုတိယအဆင့်)ကို လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ပညာရပ်များကို မိမိအတွက်သာမက မိမိကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီးသုံးစွဲသူ ဒေသခံပြည်သူများ ကြုံတွေ့နိုင်သော မီးလောင်မှု၊ ဓာတ်လိုက်မှု လျှပ်စစ်အန္တရာယ်များ အတတ်နိုင်ဆုံး လျော့နည်းပပျောက်စေရေးအတွက် အသုံးချစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

သင်တန်းတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းနိုင်မည့် မျိုးဆက်သစ်လျှပ်စစ်လုပ်သား ၄၉ ဦးအား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ထူးချွန်သင်တန်းသားများနှင့် လက်တွေ့အဖွဲ့လိုက် ဆုရရှိသောအဖွဲ့အား ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ယာဉ်အချက်ပြမီး မှန်ကန်စွာအသုံးပြုရေး ပညာပေး

**နေပြည်တော် ဩဂုတ် ၂၈**

စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးမည့် မှန်ကန်သော ယာဉ်မီးအချက်ပြမှုစနစ်အတွက် ယာဉ်မောင်းသူများအား အသိပညာပေးမှုကို နေပြည်တော် ရန်ကုန်-မန္တလေးအမြန်လမ်း ဆီလမ်းဆုံစစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

နောက်မှကျော်တက်လိုသောယာဉ်ကို ရှေ့ယာဉ်က ကျော်တက်ခွင့်ပြုကြောင်း အချက်ပြသည့်အခါ မှန်ကန်သောအချက်ပြစနစ်ဖြစ်သည့် လက်ယာမီးဖြင့် အချက်ပြစနစ်ကို စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံး တစ်ပြိုင်နက် လိုက်နာကျင့်သုံးရမည်ဖြစ်ကာ အချက်ပြမီးစနစ် မှားယွင်းအသုံးပြုသူ ယာဉ်မောင်းများအား ထိုနေ့မှစ၍ အရေးယူသွားမည်ဖြစ်ကြောင်းကို ယာဉ်မောင်းသူများအား ဆီလမ်းဆုံစစ်ဆေးရေးဂိတ်၌ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့်အဖွဲ့က ဦးဆောင်၍ ဒက္ခိဏမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး အသိပညာပေးခဲ့ကြခြင်းဖြစ်သည်။

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဖော်ပြထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယာဉ်တိုက်ခိုက်မှုဖြစ်ရခြင်း အခြေပြဇယားတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်မောင်းများ စည်းကမ်းပျက်မှုကြောင့် ယာဉ်မတော်တဆမှု ၁၅၁၉ မှု၊ လမ်းကူးသူ ပေါ့ဆမှုကြောင့် ၆၆၅ မှု၊ ယာဉ်ချွတ်ယွင်းမှုကြောင့် ၈၇ မှု၊ လမ်းချွတ်ယွင်းမှုကြောင့် ၁၁ မှုနှင့် ရာသီဥတုကြောင့် တစ်မှု ဖြစ်ပွားခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှုစုစုပေါင်း ၁၇၃၈၄ မှုရှိခဲ့ပြီး ဒဏ်ရာရသူ ၂၇၇၆၃ ဦးနှင့် သေဆုံးသူ ၄၈၈၇ ဦးရှိကြောင်း ဖော်ပြထားသည်။

**ရဲရဲ(ပျဉ်းမနား)**

# ဘက်စုံသီးနှံကာကွယ်ရေး ကွင်းသရုပ်ပြ



**ဖာပွန် ဩဂုတ် ၂၈**

ဓာတုပိုးသတ်ဆေးများသုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချနိုင်ရေးအတွက် ကရင်ပြည်နယ် ဖာပွန်ခရိုင် ဝေ့နောင်ကျေးရွာမှ တောင်သူများအား မိမိဒေသရှိ အပင်ထွက်ပစ္စည်းများဖြင့် သဘာဝပိုးသတ်ဆေး(သို့) ပိုးနှင်ဆေး ပြုလုပ်သုံးစွဲနည်းနှင့် ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်း ပညာပေးကွင်းသရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ပြပွဲတွင် ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်ဆွေက ဓာတုပိုးသတ်ဆေးကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးပုံများ၊ သဘာဝပိုးသတ်ဆေး(သို့) ပိုးနှင်ဆေးပြုလုပ်သုံးစွဲခြင်းဖြင့် ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းနိုင်ပုံများကို ဒေသခံတောင်သူများအား ပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် ကြက်သွန်ဖြူပိုးသတ်ဆေး၊ ဒုတ္တာပိုးသတ်ဆေး၊ နနွင်းပိုးသတ်ဆေး၊ ဆင်တုံးမနွယ် ပိုးသတ်ဆေး၊ ဂျင်းပိုးသတ်ဆေး၊ ငရုပ်သီး ပိုးသတ်ဆေး၊ ဆေးရွက်ကြီးဆေးရည်ပြုလုပ်နည်းစသည့် သဘာဝပိုးသတ်ဆေး သို့မဟုတ် ပိုးနှင်ဆေး ပြုလုပ်သုံးစွဲနည်းများကိုလက်တွေ့ပြသခဲ့သည်။

**မောင်မွှေး**

## မှုခင်းသတင်းတိုများ

### ဧရာဝတီမြစ်အတွင်း ထင်းဖောင်များမှ တရားမဝင်သစ်လုံး ၇၄၀ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် နလယ်အင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်းရှိ ထင်းဖောင် ခုနစ်ဖောင်မှ တရားမဝင်သစ်များကို ဩဂုတ် ၂၄ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖောင်ပိုင်ရှင် ခုနစ်ဦး၏ ဖောင်ခုနစ်ဖောင်မှ သစ်လုံးများကို ကသာခရိုင်နှင့် မြို့နယ် သစ်တောဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများအဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ဧရာဝတီမြစ်ရေတိုးနေသည့်ကြားမှ သစ်ဖောင်များကို ခက်ခက်ခဲခဲဆယ်ယူဖမ်းဆီးခဲ့ရာ တရားမဝင် ကျွန်းသစ်လုံးများနှင့် ကညင်သစ်လုံးများ စုစုပေါင်း သစ်လုံး ၇၄၀(အလေးချိန် ၆၄ ဒသမ ၇၂၄ တန်)ရှိကြောင်း သိရသည်။ ဖြစ်စဉ်တွင် ဖမ်းမိသော သစ်ဖောင်ပိုင်ရှင် ခုနစ်ဦးအား ကသာမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှုအောင်(ကသာ)**



### စိတ်ကြွရူးသွပ်ဆေးများ ဖမ်းဆီးရမိ

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီနယ်မြေရဲစခန်းအပိုင် စက်စဲကျေးရွာကမ်းခြေရှိ ကမ်းနားလမ်းရှိ လင်းလင်းထွန်း ခေတ်ပုံကူးဆိုင်မှ စိတ်ကြွရူးသွပ်ဆေးများ ဩဂုတ် ၂၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါခေတ်ပုံဆိုင်တွင် မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချနေကြောင်း သတင်းအရ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်နေယုဆန်း၊ စက်စဲရဲကင်းစခန်းမှူး ရဲအုပ်ဝင်းဌေးနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဆိုင်ပိုင်ရှင်ဝေဖြိုးကျော်ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားနှင့် R စာတန်းပါ အစိမ်းရောင်နှင့်ပန်းရောင်ဆေးပြားပေါင်း ၇၁၁ ပြားတို့ကို မူးယစ်ဆေးသုံးစွဲသည့် ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သဖြင့် ဝေဖြိုးကျော်( ၃၁ နှစ်)အား ကျိုက္ခမီနယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဝင်း (သံဖြူဇရပ်)**

### မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ရေနစ်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဩဂုတ် ၂၄ ရက်က ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ရေနစ်သေဆုံးသူတစ်ဦး၏အလောင်းကို ဩဂုတ် ၂၅ ရက်တွင် တွေ့ရသဖြင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သုံးခွမြို့နယ်မီးတပ်ဖွဲ့မှ ဒုတပ်ကြပ်သိန်းတိုးအောင်(၂၆ နှစ်)ဖြစ်ပြီး ၎င်းသည် ဩဂုတ် ၂၄ ရက် နေ့လယ်က တကောချောင်းမော်တော်ဆိပ်တွင် ရေဆင်းကူးစဉ် ရေနစ်၍ပျောက်ဆုံးခဲ့ကြောင်း သိရသည်။ အလောင်းအားစစ်ဆေးရာတွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးကြောင်း တွေ့ရသဖြင့် ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ဆိုင်ကယ်ခိုးယူသူတစ်ဦးအား ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဆိုင်ကယ်ခိုးယူသူတစ်ဦးအား ရဲတပ်ဖွဲ့နယ်မြေလုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၅ ရက်က မိုးညှင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်မင်းစိုးနှင့် တပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ပျော်ဘွယ်ကျေးရွာ၌ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်လူတစ်ဦးကိုတွေ့၍ မေးမြန်းရာ ၎င်းမှာ မြတ်သူ(၃၂)နှစ်ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထားမပြနိုင်သဖြင့် ခိုးယူလာခြင်းဖြစ်ကြောင်း ယူဆကာ ရဲအုပ်ကျော်မင်းစိုးက တရားလိုပြုလုပ်၍ မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(ဝ၆၇)**

### ဇီးကုန်းနှင့် ကြို့ပင်ကောက်မြို့နယ်များတွင် တရားမဝင်ကျွန်းသစ်များဖမ်းမိ

ဇီးကုန်းမြို့နယ် ဘော်ဘင်ကျေးရွာအနီး ရွှေဖလားကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဇီးကုန်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဆန်းတင်နှင့် သစ်တောဝန်ထမ်းများ၊ ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်နိုင်နှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဩဂုတ်လ စတုတ္ထပတ်အတွင်းက ဆောင်ရွက်စဉ် ရွှေဖလားကြိုးဝိုင်း အကွက် အမှတ်(၁၀၇)အတွင်းရှိ နေရာ ခုနစ်နေရာမှ တရားမဝင် ကျွန်းသစ်လုံးနှင့် သစ်ခွဲသားများ (အလေးချိန် ၄ ဒသမ ၃၅၉၂ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
**ကိုသက်(ဇီးကုန်း)**

### ဆိုင်ကယ်မောင်းလာသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ဆိုင်ကယ်မောင်းလာသူတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဩဂုတ် ၂၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဗန်းမော်မြို့ နည်းပညာတက္ကသိုလ်ရဲကင်းရှေ့ လမ်းမ၌ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းနှင့်အဖွဲ့၊ နည်းပညာတက္ကသိုလ်ရဲကင်းမှ ဒုရဲအုပ်ထွန်းထွန်းအောင်နှင့် အဖွဲ့တို့ ပူးပေါင်း၍ မြို့ဝင်မြို့ထွက်ယာဉ်များကို ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် ဗန်းမော်မြို့ဘက်သို့ ငြိမ်းသူအောင် မောင်းနှင်လာသည့် ရင်ဇင်း-၁၂၅ အနက် ရောင်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ရှေ့ကယ်ရီယာခုံကြား ညှပ်ထားသည့် အဖြူရောင်ကော်ဘူးအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြားကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ငြိမ်းသူအောင်အား ဗန်းမော် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

# သဘာဝဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တနင်္သာရီ ဩဂုတ် ၂၈**



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုကျေးရွာ၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဩဂုတ် ၂၅ ရက်က စုပေါင်း ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ချောင်းရေ မြင့်တက်လေ့ရှိသော ကျေးရွာ၌ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ဦးဆောင်၍ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက နေအိမ်များရှိ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ၊ နာမကျန်းသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကျောင်းသားကျောင်းသူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံကို သရုပ်ပြခဲ့သည်။ ဆက်လက်၍ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားပါက ကယ်ဆယ်ရေးပြုလုပ်ပုံများကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဒေါ်တင်တင်ချို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဉမ္မာဇင်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ လေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် ချောင်းလမုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ကာ ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍သိကောင်းစရာများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကယ်ဆယ်ရေးဆောင်ရွက်မည့် အခြေအနေများ၊ လူနာကယ်ဆယ်ရေးနှင့် ရှေးဦးပြုစုခြင်းများကို တာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့ကြပြီး သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ဒေသခံများအား ဝေငှပေးခဲ့ကြောင်း သိရသည်။
**ခိုင်ထူး(ပြန်/ဆက်)**

# ယာဉ်များ မီးအချက်ပြမှုမှန်ကန်စေရေး ပူးပေါင်းပညာပေး

**တာချီလိတ် ဩဂုတ် ၂၈**



ယာဉ်မောင်းသူများအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းစသည့် လမ်းအားလုံး၌ မောင်းနှင်ရာတွင် နောက်မှကျော်တက်လိုသောယာဉ်ကို ရှေ့ယာဉ်က ကျော်တက်နိုင်ကြောင်း အချက်ပြရာ၌ ရှေ့ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြသည့်စနစ်ကို စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီပြောင်းလဲ ကျင့်သုံးမည်ဖြစ်ရာ တာချီလိတ်မြို့၌ ယာဉ်မောင်းသူများအား အသိပညာပေးမှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှုကို တာချီလိတ်-ကျိုင်းတုံ အဝေးပြေးလမ်းမကြီး ဟောင်လိတ်လမ်းဆုံနှင့် ပါဆပ် အဆင့်မြင့်ကားလေးကွင်းတို့၌ ဩဂုတ် ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

ပူးပေါင်းပညာပေးမှုကို တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးစိုင်းလုံကျော် ဦးဆောင်သော ဝန်ထမ်းများ၊ အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်စိတ်(၂)တာချီလိတ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ကိုကိုနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးဌာနမှ ဝန်ထမ်းများ၊ မထသအဖွဲ့ဝင်များပါဝင်သော အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်မီးအချက်ပြမှု မှန်ကန်စေရေးအပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ကျော်တက်ခြင်းများ မပြုရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်ရန်၊ ဆိုင်ကယ်ကို နှစ်ဦးထက်ပိုစီးခြင်းနှင့် ဝန်ပိုတင်ဆောင်နှင်ခြင်းများ မပြုရန်၊ ဖြူနီကြားတွင် ယာဉ်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းအလယ်တွင်ရပ်၍ လူနှင့် ကုန်အတင်အချပြုလုပ်ခြင်း၊ လမ်းပြောင်းပြန် ရပ်တန့်ခြင်းများမပြုရန်နှင့် ယာဉ်မောင်းနှင်စဉ် ယာဉ်သက်သေခံ လက်မှတ်ဝီးတက်၊ သတ်မှတ်လုပ်ငန်းလိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင်ကြရန်နှင့် ယာဉ်မောင်းသူများအား မှန်ကန်သော မီးအချက်ပြစနစ်အကြောင်း ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပညာပေးအစီအစဉ်များကို ယခင်ကလည်း တာချီလိတ်-ကျိုင်းတုံ အဝေးပြေးလမ်းမကြီး၊ ဟောင်လိတ်လမ်းဆုံနှင့် ပါဆပ်အဆင့်မြင့်ကားလေးကွင်းတို့၌ ဇူလိုင်လတွင် နှစ်ကြိမ်၊ ဩဂုတ်လတွင် နှစ်ကြိမ် စုစုပေါင်း လေးကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအကြိမ်သည် ငါးကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဖျာပုံမြို့ ကုန်စည်ကူးသန်းမှုတွင် ရေလမ်းထက် ကားလမ်းကို ပိုအသုံးများလာ

**ဖျာပုံ ဩဂုတ် ၂၈**

ယခင်နှစ်များက ဖျာပုံမြို့မှကုန်သည်များသည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင်



ဖျာပုံမြို့မှ ကုန်တင်ယာဉ်များ

ရေလမ်းကြောင်းဖြင့် အဓိက သယ်ယူပို့ဆောင်ခဲ့ကြသော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းနှင့် ကားဖြင့်သယ်ယူရာတွင် အချိန်တိုတောင်းပြီး ရောက်လိုသည့်အချိန် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကားလမ်းကို ရေလမ်းကြောင်းထက် ပို၍အသုံးများလာကြောင်း သိရသည်။

ဖျာပုံမြို့မဈေးကြီးအတွင်း ကုန်ခြောက်ရောင်းသူတစ်ဦးက ရန်ကုန်ကို ကုန်မှာသည့်အခါတွင် ကားက ဂိုဒေါင်အရောက်သွားပြီး ကုန်တင်ပေးသလို ဖျာပုံရောက်ချိန်တွင်လည်း ဈေးနှင့်အနီးဆုံးနေရာအထိလာ၍ ကုန်ပစ္စည်းများချပေးသဖြင့် အလုပ်သမားခ အကုန်အကျသက်သာကြောင်း၊ အလေအလွင့်နည်းပါးပြီး နံနက်စောစော ဈေးကွက်မီသဖြင့် ရေလမ်းထက် ကားလမ်းက ပိုအဆင်ပြေကြောင်း ပြောသည်။

ရေထွက်ကုန်ပစ္စည်းများကို ဖျာပုံမှ ရန်ကုန်သို့ တင်ပို့နေသည့် ဖျာပုံဒေသခံကုန်သည်တစ်ဦးကလည်း ကားဖြင့်တင်လျှင် ကုန်များကို တင်ဆောင်ရမည့်နေရာအရောက် လာတင်ပေးခြင်း၊ ရန်ကုန်ရောက်လျှင် ပို့ပေးရမည့်ပွဲရုံ၊ ဈေးသို့ အချိန်မီရောက်အောင် ပို့ပေးခြင်း၊ မူဆယ်ဘက်သို့ပို့ရမည့် ကဏန်း၊ ငါးရှဉ့်များကို ဖျာပုံမှ မူဆယ်သို့ ကားဖြင့်တိုက်ရိုက်ပို့နိုင်သလို ရန်ကုန်မှတစ်ဆင့် သက်ဆိုင်ရာကားဂိတ်များမှပို့လျှင်လည်း အချိန်မီပို့ပေးသဖြင့် ကားလမ်းက ပိုအဆင်ပြေ၍ ကားလမ်းဖြင့်သာ အားထားပို့ဆောင်လျက်ရှိကြောင်း ပြောသည်။
**အောင်ဝင်း**

# ဒလမြို့နယ် တွံတေးတူးမြောင်းဘေး ယာယီရေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက် တွံတေးတူးမြောင်းပိုင် နယ်နိမိတ်အတွင်းရှိ ၂၀၁၄-၂၀၁၅ ခုနှစ်က ဆောင်ရွက်ပြုလုပ်ထားသော ရေထိန်းနံရံသည် ဇူလိုင် ၁၄ ရက်က စတင်၍ ရေထိန်းနံရံအတွင်းဘက်ရှိ မြေသားများ၊ ကူးတို့ဆိပ်ကမ်း ကွန်ကရစ်လှေကား၊ ကျောက်စီနှင့် ရေထိန်းနံရံ၏ အောက်ခြေအလျားပေ ၂၀၀ နီးပါးခန့်နှင့် အနံပေ ၅၀ခန့် မြေသားထုလျှောပြုတ်ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ရာ အဆိုပါ ပျက်စီးသွားသော ကျောက်စီရေထိန်းနံရံကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ယာယီရေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီးဖြစ်ကြောင်း ဆာပါချောင်ကျောင်းစုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောကြားခဲ့သည်။

အဆိုပါ နေရာသည် တွံတေးတူးမြောင်း၏ ရေအနက်ဆုံးအပိုင်းဖြစ်ပြီး ရေစစ်အောက် ၈၇ ပေ ခန့်ရှိကြောင်း၊ ဆိပ်ကြီးခနောင်တိုချောင်းနှင့် တွံတေးတူးမြောင်းဆုံရာ ရေဆိုင်ဖြစ်သဖြင့် ဝဲလှည့် တိုက်စားမှု အချိန်ပြည့်ဖြစ်ပွားခြင်း၊ မြစ်ကြမ်းပြင် ဆင်ခြေလျှောမတ်စောက်ခြင်းတို့ကြောင့် ကြံ့ခိုင်မှုအားနည်းပါက ကမ်းပြိုကျမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဆာပါချောင်ကျောင်းစုရပ်ကွက် အတွင်းရှိ တွံတေးတူးမြောင်းဘေး ရေထိန်းနံရံကို ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြီးစီးကြောင်း၊ ရေထိန်းနံရံမှာ ကျောက်စီရေထိန်းနံရံအမျိုးအစားဖြစ်ပြီး အလျားပေ ၆၄၀ ခန့်၊ အမြင့် ၈ ပေခန့်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါ ကျောက်စီရေထိန်းနံရံ ပြိုကျပျက်စီးသွားသော နေရာများတွင် လက်ရှိ ကျောက်ရိုးအား အမြင့်ရှစ်ပေမှ လေးပေသို့ ဝန်တင်အလေးလျှော့ချခြင်း၊ သဲအိတ်များခင်းခြင်းနှင့် နိုင်လွန်ပိုက်ဆွဲဝါးရေကာ ပြုလုပ်ခြင်းတို့ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ဒလ)**

## ဘိုးဘွားများအား လူမှုရေးပင်စင် ထပ်မံထောက်ပံ့သွားမည်

**မြစ်ကြီးနား ဩဂုတ် ၂၈**

ကချင်ပြည်နယ်အတွင်းရှိ ဘိုးဘွားများအား ဒုတိယအကြိမ် လူမှုရေးပင်စင်များကို ထပ်မံထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"အသက် ၉၀ နှင့်အထက် အဘိုးအဘွားတွေကို လူမှုရေးပင်စင် ဒုတိယအကြိမ် ထပ်မံထောက်ပံ့ပေးအပ်သွားမှာပါ။ စက်တင်ဘာ ၁၅ ရက်ကစပြီး မြို့နယ် ၁၈ မြို့နယ်မှာရှိတဲ့ အဘိုးအဘွားတွေကို ထောက်ပံ့ပေးအပ်သွားမှာဖြစ်တယ်"ဟု ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်စိုးက ပြောသည်။ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ အိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သော လူမှုရေးပင်စင်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးက ပြောကြားခြင်းဖြစ်သည်။

အသက် ၉၀ နှင့်အထက်ဘိုးဘွားများကို တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် သုံးလစာအတွက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ပထမအကြိမ်အဖြစ် ဇွန် ၁၅ ရက်က မြို့နယ် ၁၈ မြို့နယ်မှ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၉၄၉ ဦးအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း၊ ယခု ဒုတိယအကြိမ်အဖြစ် ဘိုးဘွား ၉၄၃ ဦးအား ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ပထမအကြိမ် ထောက်ပံ့ငွေများပေးအပ်ခဲ့ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၏ ဝိုင်းဝန်းကူညီပေးမှုကြောင့် ရပ်ကွက်ကျေးရွာများအထိ သွားရောက်ပြီး ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## သစ်ပင်လဲကျ၍ အိမ်ပြိုခဲ့သူအား ထောက်ပံ့

**မြင်းမူ ဩဂုတ် ၂၈**

မြင်းမူမြို့ မင်းရဲကျော်စွာရပ်ကွက်တွင် ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်း၍ သက်တမ်းရင့်ကုက္ကိုပင်ကြီးတစ်ပင် နေအိမ်ပေါ်သို့လဲကျကာ အိမ်ပြိုကျမှုဖြစ်ပွားခဲ့ရာ အိမ်ရှင် ဦးကိုကိုထွေးအား စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဩဂုတ် ၂၅ ရက်တွင် လူသုံးဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၆၃၀၀ ကျပ်၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်းနှင့် ထောက်ပံ့ပစ္စည်း ၁၀ မျိုးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၇၇)

## ကျေးရွာဖွံ့ဖြိုးရေးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့်ဆောင်ရွက်

**ကျောက်တန်း ဩဂုတ် ၂၈**

မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ကျေးရွာတွင်းလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာနှင့်ကရင်ချောင်ကျေးရွာတို့တွင် ဆောင်ရွက်သည်။

အဆိုပါ ကျောက်တန်းမြို့နယ်တွင် ၂၀၁၄ - ၁၅ ခုနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ခဲ့ရာ အတိုးငွေများ ရရှိခဲ့ကြသည်။ ယင်းအတိုးရငွေမှ ၅၀ ရာခိုင်နှုန်းနှင့် ပြည်သူထည့်ဝင်ငွေများ အသုံးပြု၍ အလျား ပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၀ ပေရှိ RC တစ်ထပ်ကျောင်းဆောင်ကို ကြံပင်ကျေးရွာတွင် ဆောက်လုပ်ပြီး ကရင်ချောင်ကျေးရွာ၌ အလျား ပေ ၉၉၀၊ အကျယ် ၁၀ ပေရှိ ကျေးရွာတွင်း ဆက်သွယ်ရေး ကျောက်ချောလမ်းတွင် ၁ ဒသမ ၅ မိုင်အရှည် ကတ္တရာထပ်ပိုးလွှာခင်းကျင်းခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူ၊ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ဌေးနှင့် ကျောက်တန်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးတင်အောင်သန်းတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း (ကျောက်တန်း)**

## ပလက်ဝ မြို့အဝင်ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်နှင့်အမှိုက်များ ရှင်းလင်း

**ပလက်ဝ ဩဂုတ် ၂၈**

ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့၌ ဩဂုတ် ၂၅ ရက်က သဘော်ဆိပ်အတက်လမ်း၊ မြို့အဝင် ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်နှင့်အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေး ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းဆောင်ရွက်ပေးကြသည်။

အလားတူ ဩဂုတ်လတတိယပတ်က ပလက်ဝ-မတူပီကားလမ်း မြို့အဝင် ဆိုင်းဘုတ်ဝန်းကျင်တွင်လည်း ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

## မူခင်းကျူးလွန်ဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရေး ကျောင်းသား ကျောင်းသူများအား ပညာပေး

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် မှုခင်းကျူးလွန်ဆင်းရေး၊ ယာဉ်အန္တရာယ်ကင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦးတို့က အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မှုခင်းကျူးလွန်ဆင်းရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသားများကို ရှင်းလင်းဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သတ်မှတ်ချက်နှင့်အညီ စတင်ကျင့်သုံးဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။




"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ WTO Valuation ကိုအခြေခံတဲ့ အကောက်ခွန်စနစ်ကို စတင် ကျင့်သုံးဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်း တင်သွင်းသူတွေအနေနဲ့ တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေ ကို ထုတ်ယူခြင်းမပြုမီ လေဆိပ်၊ သင်္ဘောဆိပ်တွေမှာ အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပို့ကုန်သွင်းကုန် ကုမ္ပဏီများကို ပြန်လည်စစ်ဆေးနိုင်တဲ့ နှောင်းစာရင်းစစ်ဆေးခြင်းကိုလည်း WTO သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပြောသည်။ ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သော အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းနှင့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားခြင်း ဖြစ်သည်။

အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း ဆိုသည်မှာ စနစ်ကျသည့် အကောက်ခွန်ထိန်းချုပ်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပါဝင်သည့် စာရင်းစစ်ဆေးခံရသူ Auditees ၏ မည်သည့်စနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော မှတ်တမ်းမှတ်ရာများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များကို စစ်ဆေးခြင်းဖြင့် ကုန်ပစ္စည်းကြေညာလွှာများအပေါ် မှန်ကန်တိကျမှု ရှိ/မရှိ ကျေနပ်လက်ခံနိုင်သည်အထိ စစ်ဆေးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်၍ ပို့ကုန်သွင်းကုန် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများသည် စာရင်းစစ်ဆေးခြင်းကို ခံရမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မည်သည့် ပုံသဏ္ဌာန်နှင့်မဆို တည်ရှိနေသည့် ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော မှတ်တမ်းများ၊ ငွေစာရင်းနှင့်သက်ဆိုင်သည့် စာအုပ်များ၊ မှတ်တမ်းများနှင့် စာရွက်စာတမ်းများကို ခုနစ်နှစ်ထိန်းသိမ်းထားရှိရန်နှင့် ယင်းကာလမတိုင်မီ ကုမ္ပဏီကို ဖျက်သိမ်းမည်ဆိုပါက အစစ်ဆေးခံနိုင်ရန်အကောက်ခွန် ဦးစီးဌာနသို့ သုံးလ ကြိုတင်အကြောင်းကြားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မှစ၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ WTO အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး**

# ရုပ်ကြွင်းလောင်စာအလွန် ကမ္ဘာ့အနာဂတ်စွမ်းအင်

**မောင်ပါဝါ**



ပုံ (၁၃)Olkiluoto နျူကလီးယားစက်ရုံစွန့်ပစ်ပစ္စည်း မြေအောက်ဥမင်လိုဏ်အတွင်း သိုလှောင်မှုစနစ်

*၂၃-၈-၂၀၁၇ ရက်နေ့မှအဆက်*

ဖင်လန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သုံးစွဲပြီး ရေဒီယို သတ္တိကြွ နျူကလီးယား စွန့်ပစ်ပစ္စည်းများ (Radio-active Fuel Rods From Reactors) ကို ကြီးမားသော မြေအောက်ဘူမိ ကျောက်လွှာဖောက်ထွင်း ကုန်သေတ္တာ (Deep Geological Repository) တည်ဆောက်၍ လုံခြုံစွာ သိုလှောင်ရာတွင် ပထမဆုံးသော စံပြနိုင်ငံဖြစ်သည်။ အဆိုပါ သိုလှောင်ပြီး စွန့်ပစ်ပစ္စည်းများကို နှစ်ပေါင်း ၁၀၀၀၀၀ ခန့်အထိ ကိုင်တွယ်ထိတွေ့မှု မပြုလုပ်ပါ။ ဖင်လန်နိုင်ငံ နမူနာကဲ့သို့ လေ့လာ သုတေသနပြုချက်များအရ ဆွီဒင်နိုင်ငံ (Sweden) သည်လည်းကောင်း၊ အမေရိကန်နိုင်ငံ (USA) သည်လည်းကောင်း လက်တွေ့ကျင့်သုံးရန် စီမံထားရှိပြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။ သို့ရာတွင် နိုင်ငံအတော်များများသည် တစ်စုံတစ်ရာစီမံချက်ချမှတ် ဆောင်ရွက်နိုင်ခြင်းမရှိ၍ ဖိအားပေးခြင်းများ ခံနေရပါသည်။ ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ရေဒီယိုသတ္တိကြွ နျူကလီးယား စွန့်ပစ်ပစ္စည်း ၃၅၀၀၀၀ တန်ခန့်မှာ ရေကန်ကြီးများအတွင်း အအေးခံရန်နှင့် ဓာတ်ရောင်ခြည် မပြန့်ပွားစေရန် ယာယီသိုလှောင် ထားရှိကြသည်။ လက်ရှိကမ္ဘာအနှံ့ဒေသများတွင် နျူကလီးယား ဓာတ်ပေါင်းဖိုများမှ နှစ်စဉ် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း ၁၂၀၀၀ တန်ခန့် ရှိနေသဖြင့် ကမ္ဘာမြေကြီး လုံခြုံစိတ်ချမှု ရရှိစေရေး သိုလှောင်မှုစနစ်များ နည်းလမ်းတကျ တည်ဆောက်သွားကြရန် လိုအပ်ပါသည်။ ပုံ (၁၃) ဖြင့် ဖော်ပြထားသည်။

**နျူကလီးယားစွမ်းအင်နှင့် အစိမ်းရောင်စွမ်းအင်**

**(Nuclear Power and Green Energy)**

ကျွန်ုပ်တို့၏ စွမ်းအင်လိုအပ်ချက်သည် ကြီးမားကျယ်ပြန့်သော အရင်းအမြစ်များမှ ရရှိကြသည်။ ထိပ်ပိုင်းစွမ်းအင်ထုတ်လုပ်ကုမ္ပဏီအဖွဲ့အစည်းကြီးများမှ ဦးဆောင် ၁၀ နိုင်ငံ၏ အမှတ်စဉ်ကို အောက်ပါကဏ္ဍအလိုက် သတ်မှတ်အမှတ်ပေးကြသည်။ (1 TWh = $10^9$ kWh)

**နေရောင်ခြည်စွမ်းအင် (Solar Power)**

ဂျာမနီနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် ၆ ရာခိုင်နှုန်းကို နေရောင်ခြည်စွမ်းအင်အပေါ် မှီခိုသည်။

(က) Germany - 34.9 TWh (Top Rank)

(ခ) Belgium - 3.11 TWh (Tenth Ranked)

**နျူကလီးယားစွမ်းအင် (Nuclear Power)**

အမေရိကန်နိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၀ ခုမှ နိုင်ငံ၏ လျှပ်စစ် ၂၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးသည်။

(က) USA - 839.0 TWh (Top Rank)

(ခ) UK - 63.7 TWh (Tenth Ranked)

**ရေအားလျှပ်စစ် (Hydropower)**

တရုတ်နိုင်ငံ၏ ရေလှောင်တမံကြီးများမှ ရေအားလျှပ်စစ်ပမာဏများပြားစွာ ထုတ်လုပ်ပေးသည်။

(က) China - 1064.3 TWh (Top Rank)

(ခ) Sweden - 64.5 TWh (Tenth Ranked)

**ဘူမိအပူစွမ်းအင် (Geothermal)**

အိုက်စလန်နိုင်ငံသည် မြေအောက်အနက်မှ အပူကို အသုံးပြု၍ လျှပ်စစ် ၂၅ ရာခိုင်နှုန်း ထုတ်ယူသည်။

(က) USA - 16.6 TWh (Top Rank)

(ခ) Iceland - 5.4 TWh (Seventh Ranked)

**လေစွမ်းအင် (Wind Power)**


အမေရိကန်နိုင်ငံသည် ကမ္ဘာ့လေစွမ်းအင်၏ ၂၆ ရာခိုင်နှုန်း ထုတ်ယူအသုံးပြုသည်။

(က) USA - 184.6 TWh (Top Rank)

(ခ) Denmark - 13.2 TWh (Ninth Ranked)

**ခြုံငုံသုံးသပ်ချက်**

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်နှင့် စွမ်းအင်ပေါင်းစပ်လိုအပ်ချက်မှာ ယနေ့ နိုင်ငံတကာက ကြီးလေးစွာထမ်းဆောင်နေကြရသည့် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများ၊ ဖွံ့ဖြိုးဆဲတတိယနိုင်ငံများသည် မိမိတို့၏အတိုင်းအထွာများဖြင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများအဖို့ ဆယ်စုနှစ်




များစွာကတည်းက ခေတ်ကာလ အခြေအနေပေးမှုအရ လုပ်ဆောင်လာခဲ့ကြ၍ ထိုက်သင့်သည့် အတိုင်းအတာ တစ်ခုအထိ ဟန်မပျက်ရပ်တည်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လက်ရှိဆယ်စုနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင် ထုတ်ယူသုံးစွဲနိုင်မှုအတွက် အခက်အခဲပေါင်းစုံ၊ ပြဿနာပေါင်းစုံ ကြုံတွေ့ရင်ဆိုင်နေကြရဆဲ အခြေအနေများအောက်တွင် ရုန်းကန်နေကြရသည်။ ထင်သာမြင်သာရှိစေရန် ဖော်ပြပါ ခေတ်ကာလ အဆင့်ဆင့် ပြောင်းလဲလာမှုသည် အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်သော နိုင်ငံများအဖို့ စီမံကိန်းရလဒ်ပေါ်ထွက်မှုအတွက် အဟန့်အတားအဆင့်ဆင့်ကျော်ဖြတ်ကြရမည့် အခက်အခဲများကို တွေ့ရှိနိုင်ပါသည်။ လက်ရှိ ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံများသည်ပင် ရုပ်ကြွင်းလောင်စာအလွန် ကမ္ဘာ့စွမ်းအင်အနာဂတ် ပူပန်မျှော်မှန်းချက်အား ရပ်တန့်ခြင်းမရှိဘဲ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိနေကြသည်။ နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်သူအစိုးရ မည်သည့်ပုံစံဖြင့် ပြောင်းလဲစေကာမူ နိုင်ငံတစ်ခုဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်မှုတို့အတွက် အရာရာနှင့် ဆက်စပ်နေသော မရှိမဖြစ်လျှပ်စစ်နှင့် စွမ်းအင်လုံလောက်ခိုင်မာစွာ ရရှိရန် ယင်းအစိုးရများက လုပ်ဆောင်ကြမည်မှာ မလွဲကေန်ပင် ဖြစ်သည်။ အထူးသဖြင့် လက်ရှိကမ္ဘာ့ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်သောနိုင်ငံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု အကြောင်းပြုဆော်ဩသူ တတိယအုပ်စု အားကောင်းလျက်ရှိကြောင်း တွေ့ရှိရသည်။ စာရေးသူသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ ထိခိုက်ပျက်စီးနိုင်မည့် လုပ်ဆောင်ချက်များအပေါ် ဆန့်ကျင်နိုင်သော်လည်း နိုင်ငံနှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် ထိခိုက်မှုအနည်းဆုံးနှင့် ကုစားနိုင်မည့် နည်းလမ်းများ အသုံးပြုစီမံကိန်းများကို လုပ်ဆောင်ပါက အကောင်အထည်ဖော်ရန် အခိုင်အမာ ယုံကြည်သူဖြစ်ပါသည်။ နိုင်ငံတကာတွင် လေ့လာနမူနာယူနိုင်သော စီမံကိန်းများစွာ ရှိနေပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးမှုအဆင့်မည်မျှသာရှိကြောင်း၊ နိုင်ငံ၏ GDP နှင့် လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေ (Per Capita Income)၊ တစ်နှစ်လူတစ်ဦး လျှပ်စစ်သုံးစွဲနိုင်မှုတို့တွင် များစွာနိမ့်ကျနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ် စသည်တို့နှင့် မနှိုင်းယှဉ်သာဘဲ လာအိုနိုင်ငံသည်ပင် မြန်မာနိုင်ငံထက် များစွာသာလွန်သွားပြီ ဖြစ်ကြောင်း စသည် စသည် လှုံ့ဆော်ကြွေးကြော် ရေးသားဖော်ပြနေရုံဖြင့် မည်သို့မျှတိုးတက်လာမည်မဟုတ်ပါ။ အချိန်သာ ကုန်ခန်းသွားပါမည်။ အချိန်သည် ငွေဖြစ်ပါသည်။ အချိန်နှင့်ငွေနှစ်ရပ်လုံး ဆုံးရှုံးပါမည်။ Time Over-run Vs Cost Over-run ဆိုနိုင်ပါသည်။ စာရေးသူသည် မည်သည့်အုပ်စုအဖွဲ့အစည်းကိုမျှ ကိုယ်စားပြုသည့် 'အရောင်' လုံးဝမရှိပါ။ ကမ္ဘာနှင့်ချီ၍ ရေးသားသော **'ရုပ်ကြွင်းလောင်စာအလွန် ကမ္ဘာ့အနာဂတ်စွမ်းအင်'** ဆောင်းပါးတစ်စောင်ကို မိမိအနေဖြင့် လက်ရှိနိုင်ငံတကာတွင်ပင် အကျပ်အတည်း ရိုက်ခတ်နေသည်ဟု ယူဆသော အခြေအနေများနှင့် ယနေ့မြန်မာနိုင်ငံ၏ အခြေအနေများအား ဆက်စပ်သုံးသပ်နိုင်ရန်အတွက်သာ ရည်ရွယ်ပါသည်။ ဤဆောင်းပါးတွင် ရှင်းလင်းမီးမောင်းထိုးပြခြင်းမရှိသော ခေါင်းစဉ်ပါ လျှပ်စစ်စွမ်းအင်ဆိုင်ရာလုပ်ငန်းများသည် နည်းပညာပိုင်းမြင့်မားလွန်းပြီး ငွေရေးကြေးရေးများစွာ အကုန်အကျခံ သုတေသန ပြုလုပ်ရာမှ အတိုင်းအတာတစ်ခုအထိ ရရှိနိုင်မည့် မိမိပင်ကိုယ်အခြေအနေအပေါ် မရပ်တည် နိုင်သော ခက်ခဲသော စီမံကိန်း၊ စီမံချက်များဖြစ်သည့်အပြင် လျှပ်စစ်နှင့်ပတ်သက်ပြီး စက်တပ်ဆင်အင်အား ထောင်ဂဏန်းမဂ္ဂါဝပ်နှင့်အထက် မျှော်မှန်းနိုင်ရန် ခက်ခဲသည့်အပြင် မြန်မာနိုင်ငံအတွက် ဆယ်စုနှစ် သုံးခု သို့မဟုတ် လေးခုထက်စော၍ လက်တွေ့ကျကျ မဖြစ်နိုင်ဟု ယူဆသဖြင့် ချန်လှပ်ခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ မိမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြသူတိုင်းသည် အဘက်ဘက်မှ စဉ်းစားသုံးသပ်ကာ မိမိနိုင်ငံတွင် လေ့ကျင့်ပျိုးထောင်ထားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ မိမိနိုင်ငံ၏ ပေါကြွယ်ဝသော သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချလျက် မိမိနိုင်ငံနှင့် အပ်စပ်လက်တွေ့ကျ၍ မြန်ဆန်စွာရရှိခံစားနိုင်သော လျှပ်စစ်ထုတ်ယူမှုကို နိုင်ငံတော်ဦးစားပေးရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပြည်သူများက တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်ကြခြင်းဖြင့် ကုန်ဆုံးခဲ့သော တန်ဖိုးရှိအချိန်များ ဆက်လက်ဆုံးရှုံးမှုမဖြစ်စေရေးကို တိုက်တွန်းအကြံပြုအပ်ပါသည်။


References:

- Future Energy, Bonnier, London E 145 H4
- Energy, Vaclav Smil, Professor, University of Manitoba, Canada
- ASIAN POWER, Issue 82, Charlton Media Group


## မှုခင်းအသိပညာပေး ကျိုက်မရော၌ ဆောင်ရွက်

**ကျိုက်မရော ဩဂုတ် ၂၈**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း ကြီးကြပ်ကွပ်ကဲ၍ ဆောင်ရွက်လျက်ရှိသော မှုခင်းအသိပညာပေးယာဉ်သည် ဩဂုတ် ၂၆ ရက်က ပေါင်မြို့နယ် ကဒုံစီရပ်ကွက် ဘီအိုစီရှေ့သို့ ရောက်ရှိပြီး မှုခင်းအသိပညာပေး ဟောပြောခဲ့သည်။

ထိုသို့ ဟောပြောရာ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဆွေနှင့် စခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးတို့က မှုခင်းကျဆင်းရေး ပညာပေးလုပ်ငန်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## ကျေးရွာစုပေါင်းလုပ်အားဖြင့် ရေပိုက်လိုင်းတူးဖော်

**ရေစကြို ဩဂုတ် ၂၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တောင်ဦးကျေးရွာအုပ်စုတွင် ကျေးရွာတွင်း သောက်သုံးရေရရှိရန် ရေပိုက်လိုင်း တူးဖော်ခြင်းကို ကျေးရွာနေပြည်သူများ စုပေါင်းလုပ်အားဖြင့် ဩဂုတ်တတိယပတ်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်ဦးကျေးရွာအုပ်စုအတွင်း သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကျေးရွာအပြင် တစ်မိုင်ခန့်အကွာတွင်ရှိသော စက်ရေတွင်းမှရေကို ကျေးရွာတွင်းသို့ ရေပိုက်စနစ်ဖြင့် ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ ကျေးရွာအတွင်း ရေစင်တစ်ခုတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းတူးဖော်ခြင်းများကို ကျေးရွာပြည်သူများ စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ရေရယူမည့် ကျေးရွာအပြင်ရှိ စက်ရေတွင်းမှာလည်း မျှဝေခြင်းရန်ပုံငွေဖြင့် မေလအတွင်းက တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာထဲမှာ ရေတွင်းတူးလို့ရေချိုမထွက်ဘူး။ ရေငန်နဲ့ ရေခါးပဲ ထွက်တယ်။ အဲဒါကြောင့် ရွာနဲ့ တစ်မိုင်ဝေးတဲ့ဆီမှာ ရေကောင်းရလို့ မျှဝေခြင်း ရန်ပုံငွေနဲ့ ရေတွင်းတူးခဲ့ကြတာပါ။ အခု အဲဒီစက်ရေတွင်းကနေ ရွာထဲရေဖြန့်ဝေနိုင်အောင်လို့ အရှည် ပေ ၅၅၀၀ လောက်ရှိတဲ့ မြေကျင်းကို ရေပိုက်တွေမြှုပ်ဖို့ ရွာသူရွာသားတွေ စုပြီး တူးနေကြပါတယ်။ ရေပိုက်တွေကိုတော့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က ပေးမှာဖြစ်ပါတယ်"ဟု တောင်ဦးကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။



အဆိုပါကျေးရွာတွင် သောက်သုံးရေရှားပါးမှု မရှိစေရန်အတွက် ကျေးရွာနှင့် တစ်မိုင်ခန့်အကွာတွင် စက်ရေတွင်းတစ်တွင်းကို မေလအတွင်းက မျှဝေခြင်းရန်ပုံငွေ ဖြင့် တူးဖော်ပေးခဲ့ကာ ရေစက်ရုံနှင့် ရေတင်စက်ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က တည်ဆောက်ပေးခဲ့သည်။ တောင်ဦးကျေးရွာအုပ်စုအတွင်းတွင် ကျေးရွာခွဲ ငါးရွာပါဝင်ပြီး အိမ်ခြေ ငါးရာခန့်ရှိကာ လူဦးရေသုံးထောင်ခန့် နေထိုင်ကြသည်။

ယခင်က နှစ်စဉ် နွေရာသီတိုင်း သောက်သုံးရေ ရှားပါးလေ့ရှိသော ကျေးရွာအုပ်စုဖြစ်ပြီး နွေရာသီကာလများတွင် ရေစကြိုမြို့မှ ရေအလှူရှင်များက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများကို သွားရောက် လှူဒါန်းရလေ့ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# တန်ခိုးကြီးမား မွေတော်ကက္ကူဘုရားသို့ ဖူးမြော်တစ်ခေါက် ရောက်ခဲ့ရာဝယ်

## စိုင်းသာလှိုင်(လိမ္မော်မြေ)၊ ဓာတ်ပုံ-စိုင်း(သီပေါ)

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့သို့ သုံးခေါက်မြောက်ခရီးစဉ်တွင် နိုင်ငံကျော်ရှေးဟောင်းသမိုင်းဝင်မွေတော်ကက္ကူဘုရားကြီးအား ဖူးမြော်ကြည်ညိုစိတ်ပြင်းပြလျက်ရှိရာ စာရေးသူနှင့်အတူ ပါလာသည့် သီပေါဘော်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်း၊ အဖွဲ့ဝင်ဆရာဦးစိုင်းထွန်းရွှေတို့ကလည်း တောင်ကြီးတွင်ဘော်ကြိုဘုရားကြီး သာသနိကလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအပေါ် စိတ်လက်ပေါ့ပါးစွာရှိနေသဖြင့် ဆန္ဒတူညီစွာ သုံးယောက်သားကားလေးတစ်စီးဖြင့် ဘုရားဖူးမြော်ရန် ခရီးနှင်ခဲ့ကြသည်။

မွေတော်ကက္ကူဓာတ်မြတ်ကျော်ဘုရားသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နှင့် ၂၆ မိုင်ကွာ ကျောက်တစ်လုံးကြီးမြို့နယ် နောင်ခိုင်းကျေးရွာအုပ်စု မွေတော်ကျေးရွာအနီးတွင် တည်ရှိသည်။ မိုးရွာသွန်းပြီးဖြစ်၍ ပြာမှိုင်းသော မဲနယ်တောင်တန်း၊ လွယ်မောတောင်တန်းကြီးများနောက်ခံဖြင့် ဖူးတွေ့ရသော မွေတော်ကက္ကူစေတီတော်ကြီးမှာ ကြည်ညိုသပ္ပာယ်လွန်းလှသဖြင့် စာရေးသူတို့အဖွဲ့မှာ ဘုရားပရဝဏ်အတွင်းမှ တော်တော်နှင့် ပြန်မထွက်နိုင်အောင်ရှိသည်။ စာရေးသူတို့ သဒ္ဓါကြည်ညိုစိတ်ဖြင့် ဖူးမြော်ခွင့်ရကြသလို သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့်လည်း သိရှိဖူးမြော်နိုင်ကြစေရန်ရည်သန် ၍ မွေတော်ကက္ကူဘုရားကြီးအား ဤဆောင်းပါးဖြင့် ဦးညွတ်ရေးသားပူဇော်အပ်ပါသည်။

အဆိုပါ မွေတော်ကက္ကူဓာတ်မြတ်ကျော်စေတီတည်ရှိရာ နေရာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သာသနာပြုလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်နေကြသည့် ဓမ္မဂမ္ဘီရပုဂ္ဂိုလ်ထူးကြီးများ၊ထွက်ရပ်ပေါက်လောကီလမ်းကို ရှာဖွေနေကြသည့် လောကီဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်ကြီးများ၊ သူတော်စင်ယောဂီပုဂ္ဂိုလ်ထူးများ စုစည်းကိန်းအောင်းမွေ့လျော်ရာဒေသအရပ်ဖြစ်သည်ဟု ဆိုကြပေသည်။

မွေတော်ကက္ကူစေတီတော်ဓာတ်မြတ်ကျော်စေတီများကိုခြုံ၍ ဒေသခံတိုင်းရင်းသားတို့က မွေတော်ကက္ကူဘုရားဟူ၍လည်းကောင်း၊ ထိုထက်ပို၍လွယ်ကူသော မွေတော်ဆိုသောစကားကိုချန်ထားပြီး ကက္ကူဘုရားဟူ၍လည်းကောင်းခေါ်ဝေါ်ကြသည်။ ကက္ကူဟူသော ဝေါဟာရစကားလုံး၏ အဓိပ္ပာယ်မှာ တိုင်းရင်းသားဘာသာစကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော်လည်း စေတီဘုရားများ၏ ဘွဲ့တော်အမည်အရာဌာန၌ ဘုရား၏ဂုဏ်တော်နှင့်ပြည့်စုံကိုက်ညီခြင်းမရှိသည်ကို တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသား ဘာသာစကားမှာ ကက္ကူတွင် အသံနှစ်မျိုးပေါင်းစပ်ထားခြင်းဖြစ်သည်။ ကတ်(ကဲက်)+ကူမှာ ကင်းစခန်းဖြင်စည်။ မွေတော်ကက္ကူဘုရားတည်ရှိရာ ဒေသသည် ရှေးခေတ်အခါတွင် ဆီဆိုင်စော်ဘွားနှင့် ညောင်ရွှေစော်ဘွားနယ်၏ အစပ်ဒေသဖြစ်သည်။ သို့ဖြစ်၍ နယ်ခြားကင်းစခန်းနေရာရပ်ရွာဒေသတွင်တည်ရှိသော စေတီဘုရားကို ကက္ကူဘုရားဟူ၍ ခေါ်ဆိုကြရခြင်းဖြစ်သည်။

ထိုထက်လေးနက်၍ ဘုရား၏ ဂုဏ်ပုဒ်များနှင့်လိုက်လျောညီထွေရှိပြီး ပို၍ပြည့်စုံသည့်အခြားတစ်ခုသော အဓိပ္ပာယ်ဖွင့်ဆိုချက်လည်းရှိသေးသည်။ ဤဘဒ္ဒကပ်ကမ္ဘာ၌ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တယျ ဘုရားများဟူ၍ ငါးဆူရှိရာတွင် ဘုရားလေးဆူမှာ ပွင့်တော်မူပြီးဖြစ်သည်။ အရိမေတ္တယျဘုရားမှာ နောင်အနာဂတ်ကာလတွင် မချွတ်ကေန်ပွင့်ထွန်းတော်မူလတ္တံ့ဖြစ်သည်။

ဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းသည့်ဘုရားရှင်ဘွဲ့တော်အမည်များကို မြန်မာမှုပြုပြီး ခေါ်ဆိုသုံးစွဲခဲ့ရာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တယျဘုရားရှင် ငါးဆူ၏ အမည်တော်များဖြစ်လာကြသည်။ လောကီဝိဇ္ဇာခိုရ်ဂိုဏ်းများကဂမ္ဘီရပညာဖြင့် ယင်းထက် အကျဉ်းချုံး၍ ဖော်ပြရာ၌ သံ၊ ဂုံ၊ ပ၊ မ၊ ယျ ဟူ၍ အက္ခရာငါးလုံးမျှသာကျန်တော့သည်။

ရှေးဦးစွာ ဘဒ္ဒကပ်ကမ္ဘာတွင် ပွင့်ထွန်းသောဘုရားရှင်များ၏ အမည်တော်မှာ ကကုသန်ဘုရားရှင်ဖြစ်ပြီး မြန်မာမှုအမည်ဖြင့် ကကုသန်ဘုရားဖြစ်သည်။ ထုံခြင်း၊ ကျဉ်ခြင်း၊ ပေါ့ပါးခြင်း၊ လွယ်ကူခြင်းကို ကြိုက်နှစ်သက်တတ်သော လူ့ဓလေ့ဝသီကြောင့် ကကုသန်မှ (သန်) ကို ချန်ထား၍ ကကုဖြစ်လာရသည်။ အသံ၏ သဘာဝအရ အသံနှစ်ခုသည် သံတိုသံပေ့ါဖြစ်နေပါက နှုတ်ဖြင့်မြွက်ကြားရာတွင် သံလေးသံရှည်သို့ ကူးပြောင်းတတ်သဖြင့် ကကုမှ ကက္ကူ(အသံထွက်မှာကက်ကူ) သို့ ရွှေ့ပြောင်းလာခဲ့ခြင်းဖြစ်ပေသည်။

မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် ရေးထိုးသော ခေါင်းလောင်းမှာ "ခေါင်းလောင်းလုပ်ပြု၊ ကြေးပေါင်းစုနှင့် သွန်းလောင်းပြုယူ၊ လုလ္လတူ၍၊ ကက္ကူမွေတော်ဓာတ်မြတ်ကျော်ကြီးကိုပူဇော်ဒါန၊ ဆက်သအလှူ" ဟူ၍ လွန်ခဲ့သော နှစ် ၁၀၇ ခုနှစ်က ခေါင်းလောင်းကမ္ပည်းစာတွင် ဤကက္ကူစေတီဘုရား၏ ဘွဲ့အမည်ကို " ကက္ကူမွေတော်ဓာတ်မြတ်ကျော်" ဟု ဖွင့်ဆိုရေးသားခဲ့သည်။

မြန်မာနိုင်ငံအတွင်း ကျော်စောထင်ရှားသော ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်တွင် ရှေးနောင်တော်ဘုရားများ၏ အသုံးအဆောင်ဖြစ်သော (အမွေတော်တိုက်) ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရား၏ ဓမ္မကရုဏ်းရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုတ်သင်္ကန်းတော်၊ ဂေါတမဘုရားရှင်၏ ဆံတော်များ ဌာပနာထားကြောင်း ရွှေတိဂုံသမိုင်းတွင် ပြဆိုထားပေသည်။

မွေတော်ကက္ကူစေတီစုတွင်မူ ဂေါတမဘုရားရှင်၏ ဓာတ်တော်မွေတော်ကို ဌာပနာထားသော်လည်း ဘုရားစေတီ၏ ဘွဲ့တော်ကိုမူ နောင်တော်ကကုသန်ဘုရားရှင်၏ ဘွဲ့အမည်တော်ကိုယူလျက် "ကက္ကူ" ဟုအမည်မှည့်ထားခြင်းဖြစ်သည်။ ဘဒ္ဒကပ်ကမ္ဘာတွင် ရှေးဦးစွာ ပွင့်တော်မူသော အကြီးဆုံးဖြစ်သည့် နောင်တော်ကကုသန်ဘုရားရှင်အား ဂုဏ်ပြုပူဇော်လိုသောကြောင့် ဖြစ်သည်။



မွေတော်ကက္ကူဓာတ်တော်မြတ်ကို စတင်တည်ထားကိုးကွယ်သည့် ပုဂ္ဂိုလ်များမှာလည်း လူအများ၏ အကျိုးစီးပွားအတွက် အများချမ်းသာရန် ဘုန်းကံပါရမီရှိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်သည့် ရှင်သောဏနှင့် ရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်တို့နှင့် စေတီပေါင်းရှစ်သောင်းလေးထောင်တည်ထားကိုးကွယ်သော သာသနာပြု ဒါယကာသာသနာ့အမွေခံထိုက်သော ဇေရာဇ်ဘုရင်မင်းမြတ် သီရိဓမ္မာအသောကမင်းကြီးပင်ဖြစ်ပေသည်။

တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြသော ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန္တာမထေရ်မြတ် ဦးစီးခေါင်းဆောင်သော ရဟန်းတော်အပါးပေါင်းတစ်ထောင်ပါဝင်သည့် သံဃာအဖွဲ့အစည်းတွင် ဈာန်အဘိညာဏ်ရ ရဟန္တာပုဂ္ဂိုလ်တို့၏ ရှေ့အနာဂတ်ကို မြော်မြင်နိုင်သည့်အနာဂတံသဉာဏ်အရာကို သာမန်ပုဂ္ဂိုလ်တို့ သိမြင်နားလည်ရန်ခက်ခဲလှပေသည်။

ကိုးတိုင်းကိုးဌာနသာသနာပြုလုပ်ငန်းများတွင် သရီရဓာတ်တော်မွေတော်များကို ဌာပနာသွင်းပြီး စေတီဘုရားတည်ထားကိုးကွယ်ခြင်း၊ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာသစ်ပင်ဖြစ်သော ညောင်ပင်မဟာဗောဓိပင်ကို စိုက်ပျိုးခြင်း၊ သာသနာပြုမည့်ရဟန္တာပုဂ္ဂိုလ်များကို ဒေသအသီးသီးသို့စေလွှတ်ခြင်း၊ ရေတွင်း ရေကန်ပေါင်းရှစ်သောင်းလေးထောင်ကို တူးဖော်ခြင်း၊ ကျောင်း ပေါင်းရှစ်သောင်းလေးထောင်ကို ဆောက်လုပ်ခြင်းတို့ ပါဝင်ကြသည်။ သီရိဓမ္မာအသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းနှင့် ပတ်သက်ဆက်စပ်ထူးခြားလေးခုဖြစ်စဉ် ခြောက်ရပ်ကို မွေတော်ကက္ကူစေတီတော်မြတ်ဘုရားတွင် ယနေ့တိုင်တွေ့မြင်နိုင်ပေသည်။ ၎င်းတို့မှာ-

(၁) သရီရဓာတ်တော် မွေတော်များကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်သည့် စေတီဘုရား (ဓာတုစေတီ)ရှိခြင်း၊
(၂) ညေယျငါးဖြာလေးသစ္စာကို ထိုးထွင်းသိမြင်ပြီး မာရ်ငါးပါးအောင်မြင်ရာ အပရာဇိတပလ္လင်ပေါက်ရောက်ရာ မဟာဗောဓိပင် (ညောင်ပင်) တို့ စိုက်ပျိုးထားရှိခြင်း။ (ပရိဘောဂစေတီ)
(၃) ရှင်သောဏနှင့်ရှင်ဥတ္တရတို့သမုတ်ထားသော ရှေးဟောင်းရဟန္တာသိမ်တော်ရှိခြင်း။
(၄) ကျောင်းပေါင်းရှစ်သောင်းလေးထောင်တွင် ပါဝင်သောရှေးဟောင်းကျောင်း အထိမ်းအမှတ်အဆောက်အအုံများ ကြွင်းကျန်ခြင်းမရှိသော်လည်း ရှေးဟောင်းကျောင်းနေရာ တည်ရှိခြင်း။
(၅) ရေတွင်းပေါင်းရှစ်သောင်းလေးထောင်တွင် ပါဝင်သောအထိမ်းအမှတ် ရေတွင်းရှိခြင်း။
(၆) ရေကန်ပေါင်းရှစ်သောင်းလေးထောင်တွင် ပါဝင်သောအထိမ်းအမှတ်ရေကန်ရှိခြင်း။

စသည့်အခြင်းအရာ ခြောက်မျိုးအခိုင်အမြဲတည်ရှိခြင်းများကြောင့် သမိုင်းသုတေသီများ၊ ပြည်တွင်းပြည်ပဘုရားဖူးများနှင့် လေ့လာသူများစည်ကားလျက်ရှိပေသည်။

သီရိဓမ္မာ သောကမင်းကြီးတည်ထားကိုးကွယ်သော စေတီပေါင်းရှစ်သောင်းလေးထောင်ထဲတွင် ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ်တို့၏ ကျေးဇူးတရားဖြင့် မွေတော်ကက္ကူစေတီမြတ်ကို တည်ထားကိုးကွယ်ကြပေသည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်တော်မွေတော်အစစ်များ ဌာပနာထည့်သွင်းပြီး မွေတော်ကက္ကူဘုရား တည်ထားရာမှနှစ်ပရိစ္ဆေဒများစွာအတွင်း အခြားအလားတူစေတီများကိုလည်း တည်ထားခဲ့ကြသဖြင့် စေတီများ၏ စေတီအရေအတွက်တိုးတက်များပြားလာခဲ့ပေသည်။ စေတီအဆူအရေအတွက်နည်းများ ပမာဏကိုအလွယ်တကူမှတ်သားနိုင်စေရန် ဗေဒင်နည်းအက္ခရာသင်္ချာဖြင့် "တောင်သူကွမ်းညှပ်" (တဖျတ်ဖျတ်) ဟု မှတ်တမ်းတင်ထားရှိခဲ့ကြပေသည်။ ထိုသို့ဆိုရိုးပြုသော မှတ်တမ်းအရမွေတော်ကက္ကူစေတီမှာ တောင်သူကွမ်းညှပ် (၇၆၂၃)ဆူရှိပေသည်။ (တဖျတ်ဖျတ်) မှာ အသံကာရံလိုက်၍ ဖြည့်ထားသောစကားဖြစ်ပေသည်။

နောင်ခဲဘုန်းကြီးဦးသောဏ၏ မှတ်တမ်းအရသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ခရစ်နှစ် (၁၉၁၀) မွေတော်ကက္ကူဓာတ်မြတ်တော်ကျော်စေတီဆူပေါင်း ၂၄၀၂ ဆူရှိပေသည်။ ကက္ကူစေတီစုကို ဖောင်တော်ဆိုက်စေတီ ဂန္ဓကုဋီအနောက်ဘက် အုတ်နံရံတွင် မင်ဖြင့်မွေတော်ကက္ကူ ရေတွက်မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရသည်။ သက္ကရာဇ် ၁၂၉၀ပြည့်နှစ်၊ ခရစ်နှစ် ၁၉၂၈ အချိန်၌ ကက္ကူစေတီစုမှာ ၂၅၄၈ ဆူရှိပြီး ရှေးကသာသနာပြု အသောကမင်းတရားကြီး၏ ကောင်းမှုတော်၊ ပုဂံခေတ်အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်၊ ဆုတောင်းပြည့်နှင့် ဖောင်တော်ဆိုက်စေတီကြီး နှစ်ဆူအပြင် ထိုစေတီကြီးနှစ်ဆူကိုခြံရံထားသည့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် ပန်းတော့၊ ပန်းရန်၊ အနုပညာလက်ရာစုံကို ဖူးတွေ့နိုင်ပေသည်။

စေတီပေါင်းထောင်သောင်းများစွာ တစ်နေရာတည်း တစုတဝေးတည်း တည်ထားကိုးကွယ်မှုပြုနိုင်ခဲ့ကြသည့် ဒေသခံတိုင်းရင်းသားတောင်သူတို့၏ စေတနာသဒ္ဓါတရားကို ချီးကျူးဂုဏ်ပြုဥဒါန်းတင်ထားသောအားဖြင့် "တစ်မူးရလို့ တစ်ပဲလှူတို့ရှမ်းတောင်သူတူနိုင်ရိုးလား" ဟူ၍ဆိုရိုးစကား သက်သေတည်လျက်ရှိသည်။ စေတီအဆူပေါင်းအရေအတွက်ကိုလည်း ကွမ်းစားသည့်ဓလေ့ကို မြတ်နိုးခုံမင်သော တောင်သူတို့၏ ရိုးရာကွမ်းစားခြင်းအသုံးပြုမှုဖြင့် တောင်သူကွမ်းညှပ်တဖျတ်ဖျတ်ဟု မှတ်တမ်းပြုခဲ့ပေသည်။



မွေတော်ကက္ကူဆုတောင်းပြည့်ရုပ်ပွားတော်

မွေတော်ကက္ကူဓာတ်မြတ်ကျော် စေတီအားတည်ထားကိုးကွယ်မှု ၊ လေးမြတ်ပူဇော်မှုပြုကြသည်မှာ နှစ်ပရိစ္ဆေဒများစွာကြာခဲ့ပြီဖြစ်ပေရာ တတိယသင်္ဂါယနာတင်ပွဲအပြီး ကိုးတိုင်းကိုးဌာနသာသနာပြု စတင်တည်ထားကိုးကွယ်ခဲ့သောအချိန်ကာလမှစ၍ ရေတွက်လျှင်ဘီစီ ၃၀၇ ခုနှစ်မှစ၍ ခရစ်နှစ် ၁၉၉၉ ခုနှစ်တိုင်သည်အထိ နှစ်ပရိစ္ဆေဒပေါင်း ၂၃၀၆ နှစ် ကြာမြင့်ခဲ့ပေသည်။

ပုဂံမင်းဆက်များထဲတွင် စေတီဘုရားများစွာကို တည်ထားကိုးကွယ်ခဲ့သော နရပတိစည်သူမင်းကြီး ထပ်မံပြုပြင်ထားသည့် မြန်မာသက္ကရာဇ် ၅၃၇ ခုနှစ်၊ ခရစ်နှစ် ၁၁၇၄ မှစ၍ ၁၃၆၂ခုနှစ်၊ ခရစ်နှစ် ၁၉၉၉ တိုင်သည်အထိ ဆိုလျှင်နှစ်ပေါင်း ၈၂၅ နှစ်သက်တမ်းရှိပြီဖြစ်ပေသည်။

ရှေးဟောင်းသမိုင်းဝင်မွေတော်ကက္ကူ စေတီတော်မြတ်ကြီးအား ယနေ့လူငယ်နောင်ဝယ်လူကြီးဖြစ်လာကြမည့် ဗုဒ္ဓနွယ်ဝင်များ၊ ဒေသခံများအစဉ်သဖြင့် ရှေးအနုပညာလက်ရာများကိုဖူးမြော်နိုင်ရေးအတွက် ငလျင်ဒဏ်သင့်ဘုရား ပုထိုးများကို ရှေးမူလက်ရာမပျက် အရှိန်အဟုန်ဖြင့်ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်နေသော မြင်ကွင်းများကိုအားတက်ဖွယ်မြင်တွေ့ခဲ့ရသည်။

မွေတော်ကက္ကူဘုရားကြီးကို အမှီပြု၍လဆုတ် ၈ ရက်နှင့်လပြည့်၊ လကွယ် ဥပုသ်နေ့များတွင် ဗုဒ္ဓနွယ်ဝင်သူတော်စင်များအနေဖြင့် စေတီဘုရားအားဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့်ကပ်လှူပူဇော်ကြသည်။ ဘုရားအရိပ်ကိုမှီခိုပြီး သီတင်းသီလကျင့်သုံးကာကမ္မဋ္ဌာန်း ဘာဝနာစီးဖျန်းခွင့်ရကြသည်။

မွေတော်ကက္ကူဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှာ တစ်နှစ်လျှင်တန်ဆောင်မုန်းလပြည့်နေ့တစ်ကြိမ်၊ တပေါင်းလပြည့်နေ့တစ်ကြိမ်၊ ရှေးရိုးအစဉ်အလာမပျက် ယနေ့ထိတိုင်ကျင်းပကြသည်။ တပေါင်းလပြည့်နေ့တွင် ကျင်းပသောဗုဒ္ဓပူဇနိယပွဲတော်မှာ ရာသီဥတုပွင့်လင်းသာယာခြင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း လယ်ယာလုပ်ငန်းခွင် အားလပ်ခြင်းအပြင် ပအိုဝ်းတိုင်းရင်းသားတို့၏ အမျိုးသားနေ့နှင့် တိုက်ဆိုင်မှုရှိခြင်းတို့ကြောင့် ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားကြီးသို့ အခါအခွင့်သင့်ပါက လာရောက်ဖူးမြော် ကြည်ညိုနိုင်ပါကြောင်းနှင့် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုကြသော သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် မွေတော်ဂေါပကအဖွဲ့ရုံး ၀၈၁-၂၁၂၄၆၉၀နှင့် ၀၉-၄၉၃၆၀၈၉၂ သို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမြော်၍ နှိုးဆော်အပ်ပါသတည်း။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်ရင် အသက်(၁၀၂)နှစ်

(နာယက၊ သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့၊ တောင်ဝိုင်းကလေးမဟာစည်သာသနာ့ရိပ်သာ)

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ မြို့မတံတားလမ်း၊ အမှတ် ၃နေ (စောယုတိတ်-တန်ချန်ကီး)တို့၏သမီး၊ (ဦးကျန်းနား-ဒေါ်ရှမ်း)တို့၏ချွေးမ၊ (ဦးကာစန်း)၏ဇနီး၊ (ဦးရန်စိန်း-ဒေါ်မြမြစန်း)၊ ဒုတိယဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း)၊ (ဦးရွှေကျော်ဝင်း-ဒေါ်လှလှစန်း)၊ (ဦးမောင်မောင်သွင်-ဒေါ်ခင်ခင်စန်း)၊ ဦးဝင်းဟန်-ဒေါ်ခင်ခင်အေးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ (၈)မိုင် ကြန့်တိတ်တောင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အမှတ် ၃၊ မြို့မတံတားလမ်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၉-၂၀၁၇ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လီလီကြာညွန့်

အသက်(၉၀)

ရန်ကုန်မြို့၊ ကမ္ဘာ့အေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ အမှတ်(၂၅/၅)နေ ဦးအောင်ကျော် (ဘဝသစ်)၏ ဇနီး၊ ဒေါက်တာဖေယျအေး-ဒေါက်တာရတနာကျော်၊ ဦးသတိုးကျော်-ဒေါ်မိမိနိုင်တို့၏မိခင်ကြီးသည် ၂၆-၈-၂၀၁၇ရက် (စနေနေ့)တွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**

**CB BANK**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်နွဲ့အေး

အသက်(၉၀)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၈)ရပ်ကွက်၊ မဇ္ဈူလမ်း(မြောက်ခြမ်း)၊ အမှတ် ၂၄နေ ဒုတိယဗိုလ်မှူးကြီး ဘုန်းမြင့်(ငြိမ်း)-ဒေါ်ခင်မွေးတို့၏မိခင်ကြီး ဒေါ်တင်နွဲ့အေးသည် ၂၂-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်အေး (ဝေါမြို့နယ်၊ အဗျားဘို့တဲကျေးရွာ)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေဓာဝီလမ်းမကြီး၊ အမှတ် ၆၅၈နေ(ဦးထွန်းဉာဏ်-ဒေါ်စိန်ညွန့်)တို့၏ချွေးမ၊ (ဦးဘကြင်-ဒေါ်ကြွေ)တို့၏သမီး၊ ဦးအောင်မျိုးလွင်(Director-THANT FAMILY)-ဒေါ်တင်တင်ဦး၊ ဦးမင်းသိန်းအေး(Myanmar Aurora Co.,Ltd)-ဒေါ်အေးအေးမော်၊ ဦးမြင့်သိန်း-ဒေါ်တင်ချိုအေး(LAND NARK အိမ်ခြံမြေအကျိုးဆောင်)၊ ဦးအောင်ကျော်စိုး(LIZSTAR Co.,Ltd)-ဒေါ်တင်မာအေး(NEW ရွှေအင်ကြင်း ဖိနပ်လုပ်ငန်း)၊ဦးသိန်းနိုင်(3/E LIZSTAR Co.,Ltd)-ဒေါ်တင်စန်းအေး(ဒေါ်လာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ (ဦးဝင်းမင်းအေး)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ (ဦးခင်မောင်အေး)၏ဇနီးသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်နိုင် (ပြည်မြို့)

အသက်(၅၃)နှစ်

ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊ အမှတ် ၁၈၂နေ [ဦးစိုးလွင်(ခ)ဦးထောင်]-ဒေါ်စန်းရီတို့၏သား၊ ဦးသက်နိုင်(ခ)ဦးမောင်အိ-ဒေါ်မြင့်မြင့် (နေလကမ္ဘာဆီစက်)၊ ဦးမျိုးနိုင်-ဒေါ်စန်းစန်းဦး(ရွှေသင်း စိန်ရွှေရတနာဆိုင်)၊ ဦးဝင်းနိုင်(ခ)ဦးဘုတ်ကြီး-ဒေါ်သင်းသင်းမော်(၅၅၅ ပဲခွဲစက်)၊ ဦးချစ်နိုင်-ဒေါ်သင်းသင်းရွှေ(Shine Love ဖက်ရှင်စတိုး)တို့၏ညီ၊ မောင်မင်းသူနိုင်၊ မယမင်းအိန္ဒြေ၊ မောင်နေထူးအောင်၊ မမြတ်ဥဆွေ၊ မောင်သွင်ထူးညီညီ၊ မခင်ဇာခြည်နိုင်၊ မောင်မင်းဇာနည်၊ မမေမြတ်မိုး၊ မဆုမြတ်နိုးတို့၏ဦးလေး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်ပလာဇာ၊ အမှတ်(၀၈-၀၆)နေ ဦးကျော်ကျော်နိုင်(Sweet Golden Land Hotel၊ ပြည်)သည် ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၆း၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ကျော်နိုင်

**(Sweet Golden Land Hotel၊ ပြည်မြို့)**

အသက်(၅၃)နှစ်

Grand Golfers Group ၏အဖွဲ့ဝင် ညီအစ်ကို သုံးဦးအနက် ညီအငယ်ဆုံးဖြစ်သူ ဦးကျော်ကျော်နိုင်သည် ၂၇-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Grand Golfers Group, Yangon Golf Club**

ရဟန်းအမ

## ဆရာကြီး ဒေါ်ဉာဏစာရီ

သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သာယာကုန်းကျေးရွာနေ (ဦးစိန်ဖြူ-ဒေါ်မနီ)တို့၏သမီး၊ အလယ်တောရမော်လမြိုင် သီလရှင်စာသင်တိုက်နေ ဒေါ်နန္ဒသာရီ၏အစ်မ၊ ဒေါ်ပညာဝတီ၏ကြီးကြီး၊ ဆရာကြီး ဒေါ်ဉာဏစာရီသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(မော်လမြိုင်စာသင်တိုက်၊ ဓမ္မစေတီလမ်းမှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ဒေါ်နန္ဒသာရီ၊ ဒေါ်ပညာဝတီနှင့်ကျန်ရစ်သူမိသားစု

## ဒေါ်နုနုဆွေ

အသက်(၈၇)နှစ်

မန္တလေးမြို့နေ (ဦးကိုလေး-ဒေါ်လှခင်)တို့၏သမီး၊ ဒေါ်ယုယုမေ၏တစ်ဦးတည်းသောအစ်မ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ ၂၁လမ်း၊ အမှတ် ၆၀၃နေ (ဗိုလ်မှူးမျိုးသန့်)(ငြိမ်း)၏ဇနီး၊ ဦးစောဝင်းသန့်-ဒေါ်စင်ညွန့်ကြည်၊ ဦးစိုးအောင်သန့်-ဒေါ်ခိုင်ခိုင်မြင့်၊ ဒေါ်ခိုင်မာသန့်၊ ဦးမျိုးမင်းသန့်-ဒေါ်ကေခိုင်ဝင်း၊ (ဦးမျိုးအောင်သန့်)၊ ဦးခင်မောင်မြ-ဒေါ်သီတာသန့်၊ ဦးသိန်းဝင်း-ဒေါ်ဥမ္မာသန့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၇-၈-၂၀၁၇ရက် ည ၁၁း၃၂နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မတင်အောင် (မာန်အောင်၊ စစ်တွေ)

**BA, Dip. Ed**

အထကကျောင်းအုပ်(အငြိမ်းစား)

အသက်(၈၀)

မာန်အောင်မြို့၊ ဈေးတန်းရပ်နေ (ဦးမောင်လှအောင်-ဒေါ်မတင်ခ)တို့၏သမီး၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ (ဦးမောင်ထွန်းအောင်-ဒေါ်မစံလှခိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်းသွယ်၊ တိုက် ၄၅၊ လေးလွှာနေ (ဦးရွှေလှဖြူ)၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်မေမေအောင်၊ ဦးအောင်ဇော်လင်း-ဒေါ်စမ်းစမ်းခိုင်တို့၏မိခင်၊ မောင်ကောင်းစစ်ဟိန်း၊ မစောလှနန္ဒာတို့၏အဘွားသည် ၂၈-၈-၂၀၁၇ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ကျော်နိုင်

**[Sweet Golden Land Hotel (ပြည်)]**

အသက်(၅၃)နှစ်

ဦးမျိုးနိုင်-ဒေါ်စန်းစန်းဦး (ရွှေသင်း စိန်ရွှေရတနာဆိုင်)၏ညီဖြစ်သူ ဦးကျော်ကျော်နိုင် အသက်(၅၃)နှစ်သည် ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဝင်း ရွှေငါးအအေးခန်းစက်ရုံ**

**ဒေါ်ခင်မေသန်း ရွှေငါးပလပ်စတစ်လုပ်ငန်း**

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဂုဏ်ထူးဆောင်အသင်းဝင်

## အုံချင်ထန်း(ခ)ဦးခရမ်း

အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ အရှေ့လမ်းသစ်တန်းလမ်းနေ ဒေါ်အေးအေးရီ(အထပြ)၊ အထက(၁)၊ ကော့သောင်း၊ ဒေါ်အေးအေးပြုံးတို့၏ ဖခင်သည် ၂၄-၈-၂၀၁၇ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

အလွှာပ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ဇာနည်အောင်(ခ) ဟဇရာဘီဘီ

**B.E (Civil) 1976**

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊YESB**

ဒေသကောလိပ်ဆရာမ

(ဗိုလ်တထောင်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင် ၇လမ်း၊ အမှတ် ၅၂၀နေ (ဦးဘငွေ၊ ဘူမိဗေဒ အရာရှိ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မဝိုင်းဝိုင်းဝေ (ခေတ္တ-ဒူဘိုင်း)၊ မမွန်မြတ်မေ(ခေတ္တ-ဒူဘိုင်း)၊ မောင်စိုးစံဇေ (W-IDR Co.,Ltd)တို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၈-၂၀၁၇ရက် ညနေတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၈-၂၀၁၇ရက် အဆွရ်အပြီး ရေဝေးကဗရ်စတန်ဥယျာဉ်၌ ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း

လက်ထောက်မန်နေဂျာ

စာတိုက်(ငြိမ်း)၊ ပဲခူးမြို့

အသက်(၆၉)နှစ်

ဒိုက်ဦးမြို့နေ ဦးဘိုထွန်း-ဒေါ်ခင်ညွန့်တို့၏သား၊ ဒေါ်ခင်ငြိမ်းမြင့်(မြန်မာ့စာတိုက်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး မန်နေဂျာရုံး)၏ခင်ပွန်းသည် ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၀၆၉၊ မင်းလမ်း၊ ပြည်ထောင်စုရပ်ကွက်၊ ပဲခူးမြို့နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ဇာနည်အောင်(ခ) ဟဇရာဘီဘီ

**B.E (Civil)1976**

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊YESB**

ဒေသကောလိပ်ဆရာမ

(ဗိုလ်တထောင်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီးကျော်လှအောင်-ဒေါ်ဟန်နီ)တို့၏သမီး၊(ဦးအောင်စိန် - ဒေါ်အုန်းစိန်)တို့၏ သမီးချွေးမ၊ ဦးဇေယျာအောင်၊ ဒေါ်စိုးနွဲ့အောင်၊ ဒေါ်မိုးနှင်းအောင်၊ (ဦးလှထွန်းအောင်)၊ (ဦးချိုထွန်းအောင်)၊ (ဦးရွှေထွန်းအောင်)၊ ဒေါ်ချယ်ရီအောင်၊ ဦးဝင်းမြတ်အောင်၊ (ခိုင်ထွန်းအောင်)တို့၏ ညီမ/အစ်မသည် ၂၆-၈-၂၀၁၇ရက် ညနေတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင် ၇လမ်း၊ အမှတ် ၅၂၀ နေအိမ်၌အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၈-၂၀၁၇ရက် အဆွရ်အပြီး ရေဝေး ကဗာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်စိန်ဥ

အသက်(၈၄)နှစ်

ရှမ်းပြည်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့၊ ဈေးတန်းရပ်ကွက်၊ နှင်းဆီလမ်းနေ ဦးညွန့်တင်၏ဇနီး၊ ဦးတင်ဇော်မင်း-(ဒေါ်ဇင်မာမျိုး)၊ ဦးတင်ဇော်ဝင်း(လ/ထညွှန်ကြားရေးမှူး၊ လဝက-ဒုတိယဌာနခွဲမှူး၊ တာချီလိတ်မြို့)-ဒေါ်ကျင်မြင့်၊ဦးတင်မောင်မောင်-ဒေါ်ကြူမာစိုး [အထက(ခွဲ) အင်းကြီး]၊ ဦးတင်ကိုကို၊ ဦးတင်မောင်သန့်-ဒေါ်ဆိုးဆိုး၊ (ဦးညီညီတိုး)-ဒေါ်တင်တင်စိန်(အထက-ရွာငံမြို့)၊ ဦးဇော်ဦး-ဒေါ်တင်တင်ထွေး(အထက၊ရွာငံမြို့)၊ဦးဇော်မင်းအောင် - ဒေါက်တာတင်တင်အေး(ကျောင်းအုပ်ဆရာမကြီး၊ အထက-၁၆၊ မန္တလေးမြို့)၊ ဦးငွေသန်း-ဒေါ်တင်တင်ဖြူ (သစ်တောဦးစီးဌာန၊ ရွာငံမြို့)၊ ဦးသက်နိုင်ဝင်း(AE)-ဒေါ်မြတ်ဆုမွန်(AE)(မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးရေးစက်ရုံ၊ ရွာငံမြို့နယ်)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ရွာငံမြို့မသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွှန့်ရွှေ(ခ)ဦးညီညီ

**ဦးစီးအရာရှိ၊ မိုးဇလ**

**ဆည်မြောင်း(ငြိမ်း)**

အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တကောင်းဘုရားလမ်း၊ အမှတ် ၅၀နေ (ဦးဘသွင် - ဒေါ်ခင်မြင့်)တို့၏ သား၊ (ဦးကျော်ညွန့်)-ဒေါ်အုန်းမြင့်တို့၏ ညီ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် ၁၂၄နေ ဒေါ်သန်းနွဲ့(ထ-၂၊ ဒဂုံတောင်၊ငြိမ်း)၊ ဦးအောင်မိုး(စားသောက်ဆိုင် အကြံပေး)-ဒေါ်ကော်နီသွင်(ထ-၂၊ ဒဂုံတောင်၊ငြိမ်း)တို့၏အစ်ကို၊ ဒေါ်ဥမ္မာအေး(အလက-၅၊ ဒဂုံတောင်၊ ကျောင်းအုပ်ကြီး)၊ ဦးမိုးကျော်ဦး၊ (ဦးဦးကျော်)၊ (ဦးမျိုးမျိုးကျော်)၊ ဒေါက်တာနန္ဒာကျော် (Country Myanmar, Re CAP Cardno, U.K, Country Manager, Myanmar)၊ကိုအောင်အေးကျော်၊ ကိုမင်းအောင်၊ ကိုအောင်ဇေယျ (ပြည့်စုံ Co., Ltd. ခေတ္တ-စင်ကာပူ)တို့၏ ဦးလေးသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၁၂၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောနွဲ့

**အထက(၂)တောင်ငူ**

**(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)**

အသက်(၇၆)နှစ်

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အမှတ် ၁၀၂၊ တိုက်တန်းခြံကြီးရပ်နေ ဦးအောင်ကြီး-ဒေါ်လှသန်းတို့၏သမီး၊ ဦးမောင်မောင်ကြည်-(ဒေါ်ခင်တုတ်)တို့၏အစ်မ၊ မောင်အောင်ကြည်မျိုး၊ မဇင်ဝင်းထိုက်တို့၏ကြီးကြီးသည် ၂၇-၈-၂၀၁၇ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့အနောက်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ (မန္တလေးမြို့)

အသက်(၇၅)နှစ်

စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာနေ (ဦးလေးတင်-ဒေါ်အေး)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးညွန့်ဝေ)၏ဇနီး၊ စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်နေ (ဦးဝင်းရီ)-ဒေါ်စုစုမာ၊ ဖာပွန်မြို့နေ ဦးသိန်းဇော် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖာပွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မို့မို့ထွန်းတို့၏မိခင်၊မြေးသုံးယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင်စစ်ကိုင်းမြို့ တင်းတိပ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုဇာတ

သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ညောင်ချောင်းကျေးရွာနေ (ခမည်းတော် ဦးဖန်သီး-မယ်တော်ဒေါ်သိန်း)တို့၏သား၊ (ဒေါ်တင်လှ)၏မောင်၊ ဦးတင်မြင့်၊ (ဦးကြည်)၊ (ဦးခင်ဝင်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အရှေ့ဥယျာဉ်တိုက်၊ သီရိခေမာကျိုက်လတ်ကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတသည် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၆ရက်) ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၃၁-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါသည်။ [ဆရာတော်အားရည်စူး၍ ၂-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုနှင့် ဒါယကာ၊ ဒါယိကာမများ

## ဦးမြင့်သိန်း(ခ)ဦးခေါင်းကြီး (နတ်တလင်း)

အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ ဗိုလ်ချုပ်လမ်းနေ [ဦးဟုတ်ရှု-ဒေါ်အန်းပု(ခ)ဒေါ်ကျင်စော]တို့၏သား၊ (ဦးမောင်မောင်ခင်)-ဒေါ်ခင်ခင်ထွေး(USA)တို့၏ညီ၊ ဦးဝင်းသိန်း-ဒေါ်တင်တင်လှ၊ ဒေါ်ကျင်ငွေ၊ ဒေါ်ကျင်ညွန့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၄၆(A-1)နေ ဒေါ်ခင်သန်းနွယ်(အထက-၁၊ လမ်းမတော်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲလင်းထွဋ်-ဒေါ်စန္ဒာ၊ မအိဖြိုးသွယ်တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ကျော်မြင့်-မောင်လင်းထက်အောင်တို့၏ အဘိုးသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၇ရက် နံနက်တွင် ၇နာရီမှစ၍ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းဝင်းရှိန် (ကလေးမြို့)

အသက်(၅၇)နှစ်

ကလေးမြို့၊ အောင်မြေတန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဈေးရှေ့နေ ဦးဟာဒိပ်-(ဒေါ်ဘီဘီ)တို့၏သား၊ ဦးတင်ညွှန့်-ဒေါ်ခင်သန်းတို့၏သားသမက်၊ (ဦးတင်ဝင်းရှိန်)၏ညီ၊ ဦးလှမောင် (ဥက္ကဋ္ဌ၊ တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင်)-ဒေါ်သက်သက်ရှိန်တို့၏အစ်ကို၊ ကိုနေမျိုးထိုက်၊ မထက်ထက်ဝင်းတို့၏ဦးလေး၊ မရွှေရည်ရှိန်၊ မောင်ဘုန်းမြင့်တို့၏ဖခင်၊ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်းသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် မုံရွာမြို့ ရွှေတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကလေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်

(ဘီတွက်)

အသက်(၈၆)နှစ်

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်း အသင်းဝင် ကိုသိန်းလွင်(ပုသိမ်)၏ဖခင် ဦးခင်မောင်သည် ၂၇-၈-၂၀၁၇ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အမှတ် ၈၂၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်သန်းနွဲ့ (မိတ္ထီလာ)

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အထက(၁)ဒလ**

**အထက(၂)ရန်ကင်း**

အသက်(၈၁)နှစ်

မိတ္ထီလာမြို့၊ ပန်းထိမ်တန်းရပ်နေ (ဦးအောင်သိန်း-ဒေါ်သန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက် ၂၃၅၊ အခန်း ၅နေ ဦးဝင်းမောင်(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ဇနီး၊ ဦးကျော်ဦး(Second Engineer)-ဒေါ်နီနီလွင်၊ ဒေါ်ဖြူဖြူဝင်း (ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါက်တာနွယ်နွယ်ဝင်း(တွဲဖက်ပါမောက္ခ၊ရူပဗေဒဌာန၊မအူပင်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မမြတ်သီရိဦး(Grade-9၊ အထက-၂၊ ဗဟန်း)၏အဘွားသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးချစ်ဝင်း

**(ဗိုလ်ကြီး၊ ငြိမ်း)**

**(လ/ထညွှန်မှူး၊ ငြိမ်း၊ စက်မှု-၁)**

အသက်(၆၉)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နေ(ဦးလွန်းအောင်-ဒေါ်တင်မို)တို့၏သား၊ ထားဝယ်မြို့နေ (ဦးမောင်သီး)-ဒေါ်ဖွားလှိုင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ည/၁၁ ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၆၂၄/ခနေ ဒေါ်မေမေညွှန့်၏ခင်ပွန်း၊ မဇာခြည်ဝင်း၊ မောင်ဇာဏီချစ်ဝင်း-မနှင်းဖြူတို့၏ဖခင်သည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာမြို့နယ် ကျူးချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦးသွယ်

အသက်(၄၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရှမ်းပွဲရပ်ကွက်နေ ဦးအစ္စမ်-(ဒေါ်ဝင်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ အမှတ် ၂၇နေ(ဦးအောင်မြင့်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဦးသိန်းရွှေ-ဒေါ်ခင်စန်းကြည်၊ (ဦးသိန်းငွေ)-ဒေါ်မာလာ၊ ဦးသန့်ဇင်-ဒေါ်ကြည်ကြည်စိန်၊ ဦးသောင်းအေး-ဒေါ်မာချို၊ ဦးဆန်းဦး-ဒေါ်ရီရီဝင်းတို့၏ညီ/မောင်၊ ရဲအုပ်ဆန်းဦး-ဒေါ်မြင့်မြင့်ဝင်း၊ ဦးအေးမောင်သိန်း - ဒေါ်နေခြည်စိုးတို့၏ အစ်ကို၊ မအေးအေးမော်၏ချစ်လှစွာသောခင်ပွန်း၊ မဆုရတီ၊ မောင်လင်းကောင်းခန့်တို့၏ဖခင်သည် ၂၇-၈-၂၀၁၇ရက် ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

# နိုင်ငံရေးပြဿနာများ၏အဖြေမှာ အားလုံးသဘောတူလက်ခံနိုင်သည့် ဖက်ဒရယ်စနစ် တည်ဆောက်ရေးဖြစ်

**နေပြည်တော်  ဩဂုတ်  ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ လွှတ်တော်အစုအဖွဲ့ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ လွှတ်တော်၊ အစိုးရနှင့်တပ်မတော်အစုအဖွဲ့တို့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ၁၈ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသည် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၏

*စာမျက်နှာ ၉ ကော်လံ ၁* ❇



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

# အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် ဒိုင်းနက်တိုင်းရင်းသား ငါးဦးသေဆုံးခဲ့သော်လည်း ဒိုင်းနက်တိုင်းရင်းသား ၅၅ ဦးအား ကယ်ဆယ်နိုင်ခဲ့

**နေပြည်တော်  ဩဂုတ်  ၂၈**

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက် တိုက်ခိုက်မှုခံရသော မောင်တောမြို့နယ် နယ်မြေ (၂) ရန်ကာစေတီကျေးရွာနေ ဒိုင်းနက်တိုင်းရင်းသား ၂၂ ဦးအနက် ငါးဦး သေဆုံးခဲ့ပြီး ၁၇ ဦး ကယ်တင်နိုင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တိမ်းရှောင်ပုန်းကွယ်နေခဲ့ရသော ဒိုင်းနက်တိုင်းရင်းသား ၃၈ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ ကယ်ထုတ်ရွှေ့ပြောင်းပေးနိုင်ခဲ့ရာ စုစုပေါင်း ဒိုင်းနက် တိုင်းရင်းသား ၅၅ ဦးအား ကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ယနေ့ည ၈ နာရီခွဲ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ရန်ကာစေတီကျေးရွာမှ ဒိုင်းနက်တိုင်းရင်းသား ၂၂ ဦးသည် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အောင်ဇံတိုင်းရင်းသားကျေးရွာသို့ သွားရောက်နေထိုင်ရန် ထွက်ခွာလာစဉ် ကြောင်ဒိုးကျေးရွာ အဝင်တံတားအနီး၌ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမား ၁၀၀ ခန့်က တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သောကြောင့် ဦးမောင်ဘစိန် ၂၈ နှစ် ထွက်ပြေးလွတ်မြောက်ခဲ့မှုသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည်

*စာမျက်နှာ ၉ ကော်လံ ၆* ◆

# ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှ အကြမ်းဖက်လုပ်ရပ်များအား ကုလသမဂ္ဂ၊ ပြည်ပနိုင်ငံများနှင့် သံရုံးများမှ ပြစ်တင်ရှုတ်ချသည့်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော်  ဩဂုတ်  ၂၈**

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ကုလသမဂ္ဂနှင့် အမေရိကန်၊ အိန္ဒိယ၊ တူရကီနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာနများမှလည်းကောင်း၊ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံးနှင့် ဩစတြေးလျသံရုံးတို့မှ လည်းကောင်း ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

ရောဝတီမြစ်ရေ ထပ်မံမြင့်တက်လာသဖြင့် မကွေးမြို့မှ အိမ်ထောင်စု ၂၀၀ ခန့် ရေဘေးရှောင် စာ » ၁၁

ဆီးဂိမ်းတတိယနေ့ရာလုပွဲအဖြစ် မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယနေ့ကစားမည် စာ » ၁၃

အမှောင်ကွယ်ပျောက် အလင်းရောက်ပါစေသား စာ » ၁၅

